မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင် ၃ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၇၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၃

၂၀၁၂ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
ဘယ်လာရုစ်သမ္မတနိုင်ငံဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၃

၂၀၁၂ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီခယ်လ် မီယာစနီကိုဗစ်ချ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ခေတ်သစ်ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်အား လက်ခံတွေ့ဆုံ

ပြည်ထောင်စုလွှတ်တော် နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ခေတ်သစ်ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ခေတ်သစ်ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံကော်မတီ အဆောင်အမှတ်(၂၀)ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။

ရှင်းလင်းဖြေကြား

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ခေတ်သစ်ပြည်သူ့ပါတီ ဥက္ကဋ္ဌ၏ လွှတ်တော်ဆိုင်ရာများနှင့်စပ်လျဉ်း၍ သိရှိလိုသော မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မှတ်သားဖွယ်ရာ မိုးရေချိန်များ
၂-၇-၂၀၁၂

လောင်းလုံမြို့	၄ ဒသမ	၅၃	လက်မ
ထားဝယ်မြို့	၂ ဒသမ	၇၆	လက်မ
စစ်တွေမြို့	၂ ဒသမ	၆၄	လက်မ
ကျိုက်မရောမြို့	၂ ဒသမ	၃၆	လက်မ
ပေါင်မြို့	၂ ဒသမ	၀၉	လက်မ
ဘားအံမြို့	၁ ဒသမ	၇၇	လက်မ

တာဝန်ဝတ္တရားများကို စွမ်းဆောင်ရည်ရှိရှိ သယ်ပိုးနိုင်ရန် ရည်ရွယ်ပြီး သင်တန်းဖွင့်လှစ် လက်ရှိနိုင်ငံတော်၏ လုပ်ငန်းစဉ်များ၌ တက်ကြွထိရောက်စွာ လက်တွေ့ပါဝင်ဆောင်ရွက်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း Good Governance in Political Transition သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂

ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော Good Governance in Political Transition သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် အဆိုပါ ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနများမှ သင်တန်းသားများနှင့် သင်တန်းနည်းပြများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက State Building နှင့် Nation Building ကို လုပ်ဆောင်သည့်အခါ မိမိနိုင်ငံရှိ ပြည်သူအားလုံးကို ကိုယ်စားပြုနိုင်သော အရာများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ထိုသို့ကြိုးပမ်းဆောင်ရွက်ရာတွင် ထိရောက်အောင်မြင်သော ကြိုးပမ်းဆောင်ရွက်မှုမျိုးဖြစ်ရန် လွန်စွာအရေးကြီးပါကြောင်း၊ အရေးအကြီးဆုံးတစ်ချက်မှာ ကြိုးပမ်းဆောင်ရွက်မည့် နိုင်ငံတော်အစိုးရအဖွဲ့တွင် ဝန်ထမ်းများပါဝင်ပါကြောင်း၊ ဝန်ထမ်းများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးသည့် အစိတ်အပိုင်းအဖြစ် ပါဝင်နေပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့၏ အခန်းကဏ္ဍ၊ လုပ်ကိုင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်၊ *စာမျက်နှာ ၃ ကော်လံ ၁* ●

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇူလိုင် ၃ ရက်)

မြန်မာအမျိုးသမီးတို့၏ဂုဏ်

မြန်မာအမျိုးသမီးတို့သည် မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက် အစဉ်အလာများကို ချစ်မြတ်နိုးကြပြီး ကိုယ့်အမျိုး ကိုယ့်ဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်တတ်ကြသူများဖြစ်သည်။ ယနေ့ ဇူလိုင် ၃ ရက်နေ့သည် မြန်မာအမျိုးသမီးများနေ့ဖြစ်သည်။ နိုင်ငံတစ်ဝန်း မြန်မာအမျိုးသမီးများအား ဂုဏ်ပြုသောအားဖြင့် အခမ်းအနားများ ကျင်းပလျက်ရှိသည်။

ရင်ဖုံးအင်္ကျီနှင့် ထဘီကိုဝတ်ဆင်ပြီး ဂုဏ်ယူတတ်ခြင်း၊ အမျိုးအနွယ်ကိုစောင့်ရှောက်ခြင်း၊ ဘာသာတရားကိုင်းရှိုင်းတတ်ခြင်း၊ ဟီရိဩတ္တပ္ပတရားကို အသက်ထက်ဆုံးတိုင် ထိန်းသိမ်းတတ်ခြင်းအစရှိသည်တို့သည် မြန်မာအမျိုးသမီးများ၏ ဂုဏ်အင်ပင်ဖြစ်သည်။

မြန်မာအမျိုးသမီးများသည် ပုခက်လွှဲသော လက်ပိုင်ရှင်များပီပီ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့ကို မွေးဖွားသန့်စင်ပြုစုပျိုးထောင်ပေးလျက်ရှိသော မိခင်များဖြစ်သည်။ "မိခင်"ဟူသော စကားနှင့်အညီ နီစွေးသောနှလုံးသွေးကို ချိုမြဖြူစင်သော နို့ရည်ကြည်များအဖြစ် ပြောင်းလဲပစ်ရာတွင် မည်သည့်သိပ္ပံပညာရှင်ကမျှ ဖန်တီးနိုင်စွမ်းမရှိသော အတတ်ပညာကို မိခင်များကသာ ဖန်တီးနိုင်စွမ်းရှိကြသည်။

မြန်မာအမျိုးသမီးများသည် မောင်တစ်ထမ်းမယ်တစ်ရွက်ဆိုသကဲ့သို့ မိသားစု၏ အိမ်ထောင့်တာဝန်ထမ်းဆောင်ရာတွင်လည်း အမျိုးသားများနှင့် ရင်ပေါင်တန်းပြီး ကြိုးစားပမ်းစား ထမ်းဆောင်လျက်ရှိသည်။ ယနေ့ခေတ်တွင် အမျိုးသမီးတို့သည် အမျိုးသားများနှင့် တန်းတူရည်တူ အခွင့်အရေးများရရှိနေသည့် အချိန်အခါဖြစ်သည်။ အမျိုးသားများကဲ့သို့ ဇွဲ၊ သတ္တိ၊ ဝီရိယရှိရှိ၊ စိတ်ဓာတ်ကြံ့ခိုင်မှုတို့ဖြင့် ကျရာတာဝန်ကို အောင်မြင်အောင် ဆောင်ရွက်လျက်ရှိကြသည်။

မြန်မာနိုင်ငံတွင် အမျိုးသမီးများအား အမျိုးသားများနည်းတူ အားပေးကူညီလျက်ရှိပေသည်။ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းစသော အမျိုးသမီးများနှင့် သက်ဆိုင်သည့် အသင်းအဖွဲ့များ ပေါ်ပေါက်နေပြီဖြစ်သည်။ ထိုအသင်းအဖွဲ့များသည် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ခြင်း၊ အမျိုးသမီးများအား လူမှုဘဝတိုးတက်မြင့်မားရေးအတွက် ဖြည့်ဆည်းပေးခြင်း စသည်ဖြင့် ကူညီစောင့်ရှောက်ပေးလျက်ရှိသည်။

ယနေ့အချိန်တွင် နိုင်ငံတကာယဉ်ကျေးမှုများသည်လည်း ကဏ္ဍမျိုးစုံ၊ နည်းမျိုးစုံဖြင့် မြန်မာနိုင်ငံတွင်း ဝင်ရောက်လျက်ရှိရာ တိုင်းတစ်ပါးယဉ်ကျေးမှုကို မြန်မာအမျိုးသမီးများအတုယူမမှားရန် အထူးသတိပြုကြရမည် ဖြစ်သည်။ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ နေထိုင်မှုစသည်တို့တွင် မြန်မာ့ရိုးရာဓလေ့ထုံးတမ်းများနှင့်အညီ ထိန်းသိမ်းနေထိုင်ကြရမည်ဖြစ်သည်။

မြန်မာ့သမိုင်းစဉ်တစ်လျှောက် မြန်မာအမျိုးသမီးများ၏ ကဏ္ဍသည် ထင်ရှားပေါ်လွင်ခဲ့ရာမှာ ယနေ့အထိ ပညာရေး၊ ကျန်းမာရေး၊ စာပေဂီတစသည့်ကဏ္ဍစုံတွင် အောင်မြင်မှုများရရှိပြီး စံပြုခံရသည့် မြန်မာအမျိုးသမီးအမြောက်အမြားလည်း ပေါ်ထွန်းခဲ့သည်။ မြန်မာအမျိုးသမီးများသည် သမိုင်းစဉ်တစ်လျှောက် အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်များကို ဖော်ဆောင်ပြဆို နေထိုင်လာကြသည့် နည်းတူ ယနေ့ကာလတွင်လည်း အတိတ်ကာလက ယဉ်ကျေးသိမ်မွေ့ပြီး မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းခဲ့ကြသော မြန်မာအမျိုးသမီးများကို အတုယူလျက် အမျိုးဂုဏ်ကိုထိန်းသူ၊ စံပြုထိုက်သူ သမီးပျိုလေးများအဖြစ် မြန်မာ့အမျိုးသမီးဂုဏ်ကို ထိန်းသိမ်းနိုင်ရေး တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

အာဆီယံပညာရေးဝန်ကြီးများအစည်းအဝေးတက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး အင်ဒိုနီးရှားထွက်ခွာ

နေပြည်တော် ဇူလိုင် ၂

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ ကျင်းပမည့် (၇)ကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးများ အစည်းအဝေး၊ ပထမအကြိမ်မြောက် အာဆီယံ + ၃ ပညာရေးဝန်ကြီးများ အစည်းအဝေးနှင့် ပထမအကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးဆိုင်ရာ ပညာရေးဝန်ကြီးများအစည်းအဝေးများသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။

ပြည်ထောင်စုဝန်ကြီးအား ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုဝန်ကြီးနှင့်အတူ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဋ္ဌေး လိုက်ပါသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစီမံချက် လက်မှတ်ရေးထိုးနိုင်ခြင်းကို ကြိုဆို

နေပြည်တော် ဇူလိုင် ၂

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည်။ အဆိုပါ သတင်းထုတ်ပြန်ချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂတို့အကြား ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစီမံချက်ကို ၂၀၁၂ ခုနှစ် ဇွန်လ ၂၇ ရက်နေ့တွင် နေပြည်တော်၌ လက်မှတ်ရေးထိုးနိုင်ခြင်းကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ကြိုဆိုပါသည်။

၂။ မြန်မာနိုင်ငံတွင် အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးအတွက် အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီကို ၂၀၀၄ ခုနှစ်တွင် ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါသည်။ ကော်မတီအနေဖြင့် စောင့်ကြည့်ရေးနှင့် အစီရင်ခံရေးလုပ်ငန်းအဖွဲ့၊ ပြန်လည်ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ စသည်ဖြင့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းပြီးဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများလည်း ပါဝင်ပါသည်။

၃။ အဆိုပါကော်မတီသည် မိမိ၏ဆောင်ရွက်ချက်များကို ထင်သာမြင်သာရှိစေရန် ရည်ရွယ်လျက် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ သံရုံးများနှင့် စစ်သံရုံးများမှ အကြီးအကဲများနှင့် ကိုယ်စားလှယ်များကို ဖိတ်ကြားကာ စစ်သားစုဆောင်းရေးတပ်နှင့် လေ့ကျင့်ရေးကျောင်းတို့သို့ လေ့လာနိုင်ရန် အကြိမ်ကြိမ် စီစဉ်ပေးခဲ့သည်ကို သိရှိရပါသည်။

၄။ မြန်မာနိုင်ငံအနေဖြင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာတွင် ယခုကဲ့သို့ မြန်မာနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂတို့အကြား လုပ်ငန်းစီမံချက်တစ်ရပ် လက်မှတ်ရေးထိုးနိုင်ခြင်းသည် အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးလုပ်ငန်းတွင် ကုလသမဂ္ဂနှင့် ပူးပေါင်း၍ ထိရောက်စွာဆောင်ရွက်မည်ဖြစ်ကြောင်း နိုင်ငံရေးဆန္ဒပြသရာရောက်သည်ဟု ကော်မရှင်က ယုံကြည်ပါသည်။

၅။ အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးသည် ကုလသမဂ္ဂနှင့် နိုင်ငံတကာမျက်နှာစာတွင် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို မြင့်မားစေမည့် လုပ်ငန်းတစ်ရပ်ဖြစ်ရာ ကုလသမဂ္ဂအပါအဝင် သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းစီမံချက်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်မည်ဟု မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က မျှော်လင့်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၂ ရက်
ရန်ကုန်မြို့

အခွန်အများဆုံးထမ်းဆောင်သူများအား ဂုဏ်ပြု

ရန်ကုန် ဇူလိုင် ၂

၂၀၁၁-၂၀၁၂ စည်းကြပ်နှစ်တွင် ကုန်သွယ်လုပ်ငန်းခွန်အများဆုံး ထမ်းဆောင်ခဲ့သည့် အခွန်ထမ်း ၂၀ နှင့် ဝင်ငွေခွန်အများဆုံးထမ်းဆောင်ခဲ့သည့် အခွန်ထမ်း ၂၀ အား ဂုဏ်ပြုလွှာပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၇ ရက် နံနက် ၁၀ နာရီက ဒဂုံမြို့နယ် အလံပြဘုရားရှိ Park Royal Hotel ရတနာခန်းမ(၃)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ဝင်ငွေခွန်အများဆုံးထမ်းဆောင်ခဲ့သည့် အခွန်ထမ်းအမှတ်စဉ်(၁) မှ (၁၀) အထိနှင့် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်ခဲ့သည့် အခွန်ထမ်း အမှတ်စဉ်(၁)မှ(၁၀) အထိကို ဝန်ကြီးကလည်းကောင်း၊ ကုန်သွယ်လုပ်ငန်းခွန် အများဆုံး ထမ်းဆောင်ခဲ့သည့် အခွန်ထမ်းအမှတ်စဉ်(၁၁)မှ (၂၀) အထိကို အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း၊ ဝင်ငွေခွန်အများဆုံးထမ်းဆောင်ခဲ့သည့် အခွန်ထမ်းအမှတ်စဉ်(၁၁) မှ(၂၀)အထိကို ပြည်တွင်းအခွန်များဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း ဂုဏ်ပြုလွှာများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(အောက်ပုံ)(မြန်မာ့အလင်း)

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ပါရမီအမျိုးသမီးသီးသန့်ယာဉ်လိုင်းငါးလိုင်း အမျိုးသမီးများအား အခမဲ့စီးနင်းခွင့်ပြုမည်

ရန်ကုန် ဇူလိုင် ၂

ရန်ကုန်တိုင်းဒေသကြီးအတွင်းနေ မြန်မာအမျိုးသမီးများခရီးသွားလာရေး အဆင်ပြေချောမွေ့စေခြင်းအကျိုးငှာ ဗန္ဓုလသယ်ယူပို့ဆောင်ရေးကော်မတီ၏ ပါရမီမြို့တွင်းပို့ဆောင်ရေးယာဉ်လိုင်း ၁၇၆၊ ၁၇၇၊ အဓိပတိအနီ၊ အဓိပတိအပြာ၊ အဓိပတိအဝါ အမျိုးသမီးသီးသန့်ယာဉ်လိုင်းငါးလိုင်းကို ဧပြီလလယ်ခန့်မှ စတင်ပြေးဆွဲလျက်ရှိသည်။ ယခုအခါ သုံးလခွဲကျော်ကာလအတွင်း လိုက်ပါစီးနင်းသူ အမျိုးသမီးခရီးသည်များထံမှလည်း လုံလုံခြုံခြုံ ချောချောမွေ့မွေ့ ခရီးသွားလာရသဖြင့် စိတ်ချမ်းမြေ့ပျော်ရွှင်ကြပါကြောင်း ခရီးသွားအမျိုးသမီးများထံမှ ရင်ဖွင့်သံများ ကြားသိခဲ့ရသည်။

အမျိုးသမီးသီးသန့် ယာဉ်လိုင်းစတင်စီစဉ်ဆောင်ရွက်ခဲ့သူ ဒေါ်ကေခိုင်အောင်ခင် (အမျိုးသမီးများကဏ္ဍမြှင့်တင်ဖော်ဆောင်သူ)က ဇူလိုင် ၃ ရက်နေ့တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကိုဂုဏ်ပြုသောအားဖြင့် ပါရမီအမျိုးသမီးသီးသန့်ယာဉ်လိုင်း ငါးလိုင်းမှ တစ်လိုင်းလျှင် နှစ်စီးနှုန်းစုစုပေါင်း ၁၀ စီးတို့ဖြင့် ဇူလိုင် ၃ ရက် နံနက် ၇ နာရီခွဲမှ ၈ နာရီခွဲအထိလည်းကောင်း၊ ညနေ ၄ နာရီခွဲမှ ၅ နာရီခွဲအထိလည်းကောင်း ယင်းနေ့ခရီးသွားလာကြမည့် အမျိုးသမီးများအား အခမဲ့ပို့ဆောင်ပေးသွားမည်ဟု သိရှိရသည်။ (ဝ၂၅)

အင်္ဂပူ၌ ပေါင်စနစ်ဖြင့် မိုးစပါးစိုက်ပျိုး

အင်္ဂပူ ဇူလိုင် ၂

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် အုတ်ရှစ်ကုန်းကျေးရွာအုပ်စု အုတ်ရှစ်ကုန်းကျေးရွာ ကွင်းအမှတ်(၅၆၀)၌ တောင်သူ ဦးစောလယ်ထူး၏လယ်မြေတွင် ခေတ်မီသိပ္ပံနည်းကျ ပေါင်ပျိုးစနစ်ဖြင့် မိုးစပါး ပုလဲသွယ်စပ်မျိုးစပါး ပျိုးထောင်စိုက်ပျိုးခြင်း အခမ်းအနားကို ဇွန် ၂၈ ရက် မွန်းလွဲ ၂ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမ်းမိုးဟန်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးသန်းတိုးနှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့များက မျိုးစေ့ချစိုက်ပျိုးခဲ့ကြသည်။

(အောက်ပုံ)

အခမ်းအနားသို့ တောင်သူ ၁၅၀ တက်ရောက်လေ့လာခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

နိုင်ငံသားစိစစ်ရေးကတ်များကွင်းဆင်းဆောင်ရွက်

မြင်းခြံ ဇူလိုင် ၂

မိုးပွင့်အဆင့် (၃) စီမံချက်အရ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းများ ဇွန် ၂၉ ရက် နံနက် ၁၀ နာရီက ကုက္ကဲကျေးရွာ သန္တိသုခဓမ္မာရုံအတွင်း၌ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ မြို့နယ် ဦးစီးဌာန ဦးစီးမှူး ဦးကိုကိုကြီးနှင့် ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်နေမှုကို မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးရာဝန်ကြီး ဦးအောင်ဇံနှင့် ကုက္ကဲကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဘိုဘီးတို့ လာရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ (၄၃၈)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

● **ရှေ့ဖုံးမှ**

တာဝန်ဝတ္တရားစသည်တို့ကို သိရှိနားလည်ပြီး စွမ်းဆောင်ရည်ရှိရှိ ထိထိရောက်ရောက် သယ်ပိုးလုပ်ဆောင်သွားနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ယနေ့သင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ပါကြောင်း။

သင်တန်းတွင် ငြိမ်းချမ်းရေးကို တည်ဆောက်သည့်အခါ ပြည်သူ/ပြည်သားများ၏ အခန်းကဏ္ဍ၊ အထူးသဖြင့် အမျိုးသမီးများ၏ အခန်းကဏ္ဍ မည်ရွေ့မည်မျှအရေးပါကြောင်းကို လည်းကောင်း၊ State Building, Nation Building နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်းကဏ္ဍကိုလည်းကောင်း၊ Civil Military Relationsကိုလည်းကောင်း၊ State Building, Nation Building နှင့် ပတ်သက်၍ အရှေ့တောင်အာရှနိုင်ငံများ၏ အတွေ့အကြုံကိုလည်းကောင်း၊ နိုင်ငံရေးဘောဂဗေဒနှင့် ပတ်သက်၍လည်းကောင်း၊ တိုင်းရင်းသားနိုင်ငံရေးအကြောင်းကိုလည်းကောင်း ဆွေးနွေးပို့ချသွားမည်ဖြစ်ပါကြောင်း။

ဤသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်သမ္မတ လမ်းညွှန်မိန့်ကြားထားသည့်အတိုင်း အားလုံးလက်တွေ့ပါဝင်လုပ်ဆောင်နိုင်ပြီး ထိထိရောက်ရောက် စွမ်းဆောင်ရည်ရှိရှိ သယ်ပိုးနိုင်မည်ဖြစ်ပါကြောင်း၊ ယခုသင်တန်းကို တက်ရောက်ကြမည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် သင်တန်းပို့ချမှုများကို စိတ်ပါဝင်စားစွာ နားလည်အောင် ကြိုးစားလေ့လာပြီး လက်ရှိနိုင်ငံတော်၏ လုပ်ငန်းစဉ်များ၌ တက်တက်ကြွကြွ ထိထိရောက်ရောက် လက်တွေ့ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက တက်ရောက်လာကြသောနည်းပြများနှင့် သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၂ ရက်မှ ၅ ရက်အထိ လေးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့မှ စုစုပေါင်း သင်တန်းသား ၅၇ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော်(၁)ရက်နေ့
(ဥပုသ်နေ့)
၃-၇-၂၀၁၂ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၈း၂၅	မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၅	International News
၈း၄၀	မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်းတရားတော်

ညပိုင်း

၄း၄၀	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၇း၀၀	နိုင်ငံခြားဇာတ်လမ်းတွဲ **ဖေဖေ့သမီး** (အပိုင်း-၁၇)
၈း၀၀	ပြည်တွင်းသတင်း မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ စီစဉ်တင်ဆက်သော ၂၀၁၂ ခုနှစ် ဇူလိုင်လ(၃)ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် **တင့်လှပေဟန် အသွင်သဏ္ဌာန် ရောင်စုံခြယ်သမေမြန်မာအလှ** ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ (အပိုင်း-၁)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၃

၂၀၁၂ ခုနှစ် ဇူလိုင်(၃)ရက်တွင် ကျရောက်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ မာတီနေ့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပညာသင်ဆုချီးမြှင့်ခြင်းသည် မျိုးဆက်သစ်လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူဖြစ်

နိုင်ငံတော်က အားထားရသည့် အသိပညာရှင် အတတ်ပညာရှင်များဖြစ်ရန် ကြိုးစားအားထုတ်

နေပြည်တော် ဇူလိုင် ၂

ထိုင်းနိုင်ငံ Siam Cement Group ၏ SCG Sharing the Dream in Myanmar 2012 ပညာသင်ဆု ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် IBC (International Business Centre) ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကားပြောကြားရာ၌ နိုင်ငံတစ်နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးသည် အနာဂတ်မျိုးဆက်သစ်လူငယ်များအပေါ်တွင် မူတည်ပါကြောင်း၊ ပညာသင်ဆုချီးမြှင့်ခြင်းသည် မိမိတို့နိုင်ငံ၏ အနာဂတ်မျိုးဆက်သစ်လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုမည်ဖြစ်၍ ကြိုဆိုပါကြောင်း၊ ယနေ့ ပညာသင်ထူးချွန်ဆုရသည့် ကျောင်းသားကျောင်းသူများအနေဖြင့်လည်း နိုင်ငံတော်က အားထားရသည့် အသိပညာရှင် အတတ်ပညာရှင်များဖြစ်ရန် ကြိုးစားအားထုတ်ပြီး မိမိအကျိုး၊ တိုင်းပြည်အကျိုးကို သယ်ပိုးဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ပညာသင်ကြားရာတွင် အနှောင့်အယှက်အဖျက်အဆီးဖြစ်စေမည့် မူးယစ်ဆေးဝါး အပျော်အပါးများကို အထူးဂရုပြုရှောင်ရှားရန် လိုအပ်ကြောင်း၊ SCG ၏ ပညာသင်ဆုအစီအစဉ်သည် မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား ရင်းနှီးချစ်ကြည်မှုကို တိုးမြှင့်စေမည်ဖြစ်ပြီး SCG အနေဖြင့် မြန်မာ့လူငယ်များ၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြစ်၍ ကျေးဇူးတင်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Pisanu Suvanjata နှင့် SCG Cement ဥက္ကဋ္ဌ Mr. Pramote Techasupatkul တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ပညာသင်ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံသံအမတ်ကြီး၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် SCG Cement ဥက္ကဋ္ဌတို့က ပညာသင် ထူးချွန်ဆုနှင့် ကျောင်းသုံးပစ္စည်းများ ပေးအပ်ကြသည်။

အဆိုပါ ပညာသင်ဆုအစီအစဉ်သည် SCG ၏ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်သည့် (၉၉)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ၌ ကျင်းပသော ပထမဆုံးအစီအစဉ်ဖြစ်ပြီး ရန်ကုန်မြို့နှင့် မော်လမြိုင်မြို့တို့ရှိ မိဘကျေးဇူးသိတတ်သည့် ရည်ရွယ်ချက်ကြီးမားပြီး ပညာဆက်လက်သင်ယူလိုသော ကျောင်းသားကျောင်းသူပေါင်း ၉၉ ဦးအား ရွေးချယ်၍ ပညာသင်ထူးချွန်ဆု ချီးမြှင့်ခြင်းဖြစ်ကာ ရန်ကုန်တိုင်းဒေသကြီးမှ ပညာသင်ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူ ၅၀ အား ပညာသင်ထူးချွန်ဆုများ ချီးမြှင့်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထီတစ်စောင် မူရင်းဈေး ကျပ် ၂၀၀ ဖြင့် စတင်ရောင်းချ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်အခွန်ရုံးများ၌ ဝယ်ယူနိုင်

ရန်ကုန် ဇူလိုင် ၂

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးက ထီတစ်စောင်လျှင် မူရင်းဈေး ကျပ်၂၀၀ နှုန်းဖြင့် ပြည်သူလူထုသို့ ပြန်လည်ရောင်းချပေးမည့် **"အောင်ဘာလေသိန်းဆု ထီလက်မှတ်အရောင်းဆိုင်"** ဖွင့်လှစ်ပွဲကို ယနေ့မွန်းလွဲတွင် အမှတ်(၁၇၆) မဟာဗန္ဓုလလမ်း ၅၃ လမ်းထိပ် ပုဇွန်တောင်မြို့နယ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးသောင်းအေး တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

အထက်ပါ ပင်ရင်းထီဆိုင်တွင်သာမက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများအားလုံးတွင်လည်း အောင်ဘာလေသိန်းဆုဌာနခွဲမှသတ်မှတ်ထားသည့် ထီတစ်စောင်လျှင် မူရင်းဈေး ကျပ် ၂၀၀ နှုန်းဖြင့် အမှန်တကယ်ထီကံစမ်းလိုသည့် ပြည်သူများသို့ ၂၀၁၂ ခုနှစ် ဇူလိုင် ၂ ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း လွယ်လင့်တကူ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရှိရသည်။ **(ပြည်တွင်းအခွန်)**

စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း မင်္ဂလာတောင်ညွန့်မြို့နယ်၌ ဖွင့်

ရန်ကုန် ဇူလိုင် ၂

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးမှ ကြီးမှူးဖွင့်လှစ်သော စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇွန် ၃၀ ရက်က အထက(၃)မြတ်မင်္ဂလာခန်းမဆောင်တွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာအုန်းက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ သင်တန်းကာလမှာ နှစ်ရက်ဖြစ်ပြီး သင်တန်းသားသင်တန်းသူ ၅၆ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရသည်။ (၀၂၇)

ဟသ်ာတမြို့နယ်တွင် စုပေါင်းသစ်ပင်စိုက်ပျိုး

ဟသ်ာတ ဇူလိုင် ၂

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၃၀ ရက် နံနက် ၈ နာရီတွင် ဟသ်ာတမြို့ လယ်တော်(အမက) ကျောင်းဝင်းအတွင်း၌ ကျင်းပရာ ဟသ်ာတခရိုင်အုပ်ချုပ်ရေးမှူး ဦးလှဝေ၊ ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်း၊ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာကော်မတီဝင်များ၊ ခရိုင်/မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ (NGO) အဖွဲ့အစည်းများ၊ မြို့နယ်သစ်တောဦးစီးမှူး ဦးခင်မောင်မြင့်နှင့် သစ်တောဝန်ထမ်းများက ကျွန်းပင် ၃၀၀၊ မဟော်ဂနီ ၁၀၀၊ ယူကလစ် ၂၀၀ စုစုပေါင်း သစ်ပင် ၆၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြန်မာ့အလင်း)**

မုတ်သုံလေအားကောင်းနေမည်

နေပြည်တော် ဇူလိုင် ၂

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လောင်းလုံမြို့တွင် ၄ ဒသမ ၅၃ လက်မ၊ ထားဝယ်မြို့တွင် ၂ ဒသမ ၇၆ လက်မ၊ စစ်တွေမြို့တွင် ၂ ဒသမ ၆၄ လက်မ၊ ကျိုက်မရောမြို့တွင် ၂ ဒသမ ၃၆ လက်မ၊ ပေါင်မြို့တွင် ၂ ဒသမ ၀၉ လက်မနှင့် ဘားအံမြို့တွင် ၁ ဒသမ ၇၇ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေအားကောင်းနေမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရှင်းလင်းပြောကြား

ပခုက္ကူမြို့ ပြည့်ဝအသေးစား ငွေချေးလုပ်ငန်း သမဝါယမအသင်း လီမိတက်၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၂၄ ရက်က ပခုက္ကူမြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ် သ/မ ဦးစီးအရာရှိ ဦးမျိုးမြင့်က လုပ်ငန်းရည်ရွယ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (၁၀၂)

သစ်တောသစ်ပင်
ဒို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး
အလှတိုး



ခရီးသည်တစ်ဦးလျှင် ဒေါ်လာသန်း ၁၅၀ ဖြင့် ရုရှားကုမ္ပဏီက အာကာသခရီးပို့ဆောင်မည်

မော်စကို ဇူလိုင် ၂

ရုရှားနိုင်ငံမှ အာကာသရေးရာကုမ္ပဏီတစ်ခုဖြစ်သည့် အိတ်ကာလီဘာ အယ်လ်မက်စ်က လာမည့် ၂၀၁၅ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်များတွင် အာကာသခရီးသွားလုပ်ငန်းစီမံကိန်းကို အကောင်အထည်ဖော်ကာ ခရီးသည်များပို့ဆောင်ပေးတော့မည်ဖြစ်ကြောင်း ဇူလိုင် ၂ ရက်တွင် သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

လာမည့် ၂၀၁၅ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်အတွင်း အာကာသခရီးသည်ဦးရေ ၃၀ ကို သယ်ယူပို့ဆောင်ပေးသွားမည်ဖြစ်ရာ လိုက်ပါလိုသည့် ခရီးသည်တစ်ဦးလျှင် အမေရိကန်ဒေါ်လာ သန်း ၁၅၀ အာကာသခရီးစရိတ်အဖြစ် ပေးဆောင်ရမည်ဖြစ်သည်။

အဆိုပါအာကာသခရီးသည်များအား ရုရှားလုပ်ဆိုယုဇ်အာကာသယာဉ်ဖြင့် ပို့ဆောင်ပေးသွားမည်ဖြစ်ရာ မကြာမီ အာကာသခရီးစဉ်လက်မှတ်များကို ရောင်းချတော့မည်ဖြစ်သည်။ ထိုသို့ လက်မှတ်ရောင်းချရာတွင် ယခင်က လက်မှတ်တစ်စောင် (ခရီးသည်တစ်ဦး)အတွက် အမေရိကန်ဒေါ်လာ သန်း ၁၀၀ သတ်မှတ်ထားသော်လည်း နောက်ပိုင်း၌ လက်မှတ်တစ်စောင်လျှင် သန်း ၁၅၀ ဖြင့် ရောင်းချရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့စျေးကွက်အတွင်း လေ့လာမှုအရ အာကာသခရီးသွားလိုသည့် သူဌေးများက စိတ်ဝင်စားလျက်ရှိရာ တစ်နှစ်အတွင်း လက်မှတ်စောင်ရေ ၃၀ ခန့် ရောင်းချရမည်ဟု မျှော်မှန်းထားသည်။ အိတ်ကာလီဘာအယ်လ်မက်စ်ကုမ္ပဏီသည် အာကာသခရီးသည်များကို နိုင်ငံတကာအာကာသယာဉ်စခန်းမှနေ၍ လမျက်နှာပြင်သို့ ပို့ဆောင်ရေးလည်း စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။ **(အင်တာနက်)**

နှစ်ပေါင်း ၁၄၀၀၀ ခန့်မှ ကျောက်ထွင်းအနုပညာလက်ရာများ အင်္ဂလန်နိုင်ငံ ဝေလပြည်နယ်တောင်ပိုင်း၌ တွေ့ရှိ

လန်ဒန် ဇူလိုင် ၂

အင်္ဂလန်နိုင်ငံ ဝေလပြည်နယ်တောင်ပိုင်းရှိ ဂူတစ်ခုအတွင်းမှ လွန်ခဲ့သော နှစ်ပေါင်း ၁၄၀၀၀ ခန့်မှ ကျောက်ထွင်းအနုပညာလက်ရာများကို အင်္ဂလန်သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း ဇူလိုင် ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ ကျောက်ထွင်းအနုပညာလက်ရာများသည် ကျောက်လက်နက်ပစ္စည်းကိရိယာများ အသုံးပြုပြီး ကျောက်ဂူနံရံကိုထွင်းကာ အနုပညာလက်ရာပန်းချီကားနှင့်ရုပ်ပုံများကို ပုံဖော်ထားခြင်းဖြစ်သည်။ ၎င်းကျောက်ထွင်းလက်ရာများ **(ယာပုံ)** မှာ လူနှင့်တိရစ္ဆာန်တို့၏ ရုပ်ပုံများဖြစ်ပြီး အချို့မှာ တိရစ္ဆာန်တို့ ခြေထောက်များကို ထွင်းထုပုံဖော်ထားခြင်းဖြစ်သည်။

ယင်းကျောက်ထွင်းအနုပညာလက်ရာများမှာ ဥရောပ၌ တွေ့ရှိရသော ကျောက်ထွင်းအနုပညာလက်ရာများအနက် ဒုတိယမြောက်ရှေးအကျဆုံးဖြစ်ကြောင်း၊ ချွန်ထက်သော ကျောက်လက်နက်များဖြင့် ထွင်းထုပုံဖော်ထားခြင်းဖြစ်ကြောင်း အင်္ဂလန်ရှေးဟောင်းသုတေသနပညာရှင်များက ပြောကြားသည်။

ဥရောပ၏ ရှေးအကျဆုံးကျောက်ထွင်းအနုပညာလက်ရာများမှာ စပိန်နိုင်ငံ အီလ်ကတ်စတီလိုမြို့အနီး လိုဏ်ဂူတစ်ခုအတွင်းမှ တွေ့ရှိရသော ကျောက်ထွင်းလက်ရာများဖြစ်ပြီး လွန်ခဲ့သည့်နှစ်ပေါင်း ၄၀၀၀၀ ကျော်မှ လက်ရာများဖြစ်သည်။ **(အင်တာနက်)**

အမေရိကန်အရှေ့ပိုင်းပြည်နယ်များ မုန်တိုင်းတိုက်ခတ်၊ ၁၂ ဦးသေဆုံး

နယူးယောက် ဇူလိုင် ၂

အမေရိကန်နိုင်ငံ အရှေ့ပိုင်းပြည်နယ်များတွင် ဇူလိုင် ၁ ရက်က မုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ရာ နေအိမ်များပျက်စီးပြီး ဓာတ်အားလိုင်းများပြတ်တောက်ခဲ့ကြောင်း၊ အဆိုပါဒေသများတွင် မုန်တိုင်းဒဏ်နှင့် အပူလှိုင်းများ ဆက်လက်ကျရောက်ခဲ့သဖြင့် သေဆုံးသူဦးရေမှာ ၁၂ ဦးအထိ ရှိလာကြောင်း အမေရိကန်အရာရှိများက ဇူလိုင် ၂ ရက်တွင် သတင်းထုတ်ပြန်သည်။ **(ဝဲပုံ)**

၎င်းဒေသများတွင် သဘာဝဘေးဒုက္ခများ ကြုံတွေ့နေရသဖြင့် အစိုးရက သဘာဝဘေးအရေးပေါ်ကယ်ဆယ်ရေးနေရာများအဖြစ် သတ်မှတ်ကြေညာထားသည်။ ယင်းဒေသများမှာ ဝါရှင်တန်ဒီစီ၊ အိုဟိုင်းယိုး၊ ဗာဂျီးနီးယားနှင့် အနောက်ဗာဂျီးနီးယားဒေသများဖြစ်သည်။ အဆိုပါဒေသများတွင် ဟာရီကိန်းမုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် အိမ်များ၊ လယ်ယာမြေများနှင့် ကောက်ပဲသီးနှံများပျက်စီးဆုံးရှုံးခဲ့ရသည်။ တစ်ဖန် အပူချိန်များမြင့်တက်ပြီး အပူလှိုင်းများ ကျရောက်လျက်ရှိရာ ဒေသခံပြည်သူသုံးသန်းခန့် သဘာဝဘေးဒုက္ခကြုံတွေ့နေရသည်။

ဗာဂျီးနီးယားပြည်နယ်၌ပင် မုန်တိုင်းဒဏ်နှင့် အပူလှိုင်းကျရောက်မှုကြောင့် ဒေသခံခြောက်ဦးသေဆုံးခဲ့သည်။ ထို့အတူ အိုဟိုင်းယိုးနှင့် ဝါရှင်တန်ဒီစီတို့တွင်လည်း စုစုပေါင်းခြောက်ဦး မုန်တိုင်းဒဏ်ကြောင့် သေဆုံးခဲ့ရသည်။ စီးပွားရေးလုပ်ငန်းများထိခိုက်ခဲ့ပြီး စက်ရုံ၊ အလုပ်ရုံအချို့လည်း ထိခိုက်ပျက်စီးခဲ့သည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၂-၇-၂၀၁၂

တင်မောင်လွင်(မြန်မာ့အလင်း) – စုစည်းသည်

မော်တော်ကားဆူညံသံများ နှလုံးရောဂါကိုဖြစ်စေနိုင်

မော်တော်ကားဆူညံသံများနှင့် ကျန်းမာရေးတို့သည် ဆက်စပ်မှုရှိကြောင်း၊ မော်တော်ကားဆူညံသံများကြောင့် နှလုံးရောဂါဖြစ်ပွားစေနိုင်ကြောင်း သုတေသနပညာရှင်များ၏ လေ့လာမှုစစ်တမ်းတစ်ရပ်တွင် ရေးသားဖော်ပြထားသည်။ ဒိန်းမတ်သုတေသီများသည် အသက် ၅၀ မှ ၆၄ နှစ်အရွယ်ရှိ လူပေါင်း ၅၀၀၀၀ တို့အား မော်တော်ကားဆူညံသံများနှင့် နှလုံးရောဂါဆက်စပ်မှု ရှိမရှိ ဆန်းစစ်လေ့လာရာ ၁၂ ရာခိုင်နှုန်းမှာ နှလုံးရောဂါဖြစ်ပွားနေသည်ကို လေ့လာတွေ့ရှိရသည်ဟု ဆိုသည်။

အဆိုပါ သုတေသနပြုခြင်းကို ဒိန်းမတ်နိုင်ငံ၏ မြို့ကြီးနှစ်မြို့ဖြစ်သော ကိုပင်ဟေဂင်နှင့် အာဟတ်စ်တို့၌ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (အောက်ပုံ) သုတေသီများက ၎င်းသုတေသနကို ဆယ်စုနှစ်တစ်ခုကြာသည့် တိုင်အောင် ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ မော်တော်ကား ဆူညံသံများသည် ညအခါ၌ပို၍ အန္တရာယ်ဖြစ်စေနိုင် ကြောင်း၊ အိပ်ပျော်နေချိန်တွင် မော်တော်ကားဆူညံသံများကြောင့် အိပ်ရာမှလန့်နိုးပြီး နှလုံးခုန်နှုန်းကို မြန်ဆန်ပြီး နှလုံးရောဂါဖြစ်ပွားရကြောင်း သုတေသနအဖွဲ့ခေါင်းဆောင် ဒေါက်တာမက်တေး ဆိုရင်ဆင်က ပြောကြားသည်။ (အင်တာနက်)

ရုရှားဆိုယုဇ်အာကာသယာဉ်နှင့် အာကာသယာဉ်မှူးသုံးဦး ပြန်လည်ဆင်းသက်

Soyuz TMA-03M အမည်ရှိ အဆိုပါအာကာသယာဉ်သည် ရုရှားအာကာသယာဉ်မှူး အိုလက်ကိုနိုနမ်ကို၊ အမေရိကန်အာကာသယာဉ်မှူး ဒိုနက်ဒ်ပက်တစ်နှင့် ဒတ်ချ်အာကာသယာဉ်မှူး အင်န်ဒါကူပါးစ်စသည့် အာကာသယာဉ်မှူးသုံးဦးတို့နှင့်အတူ ဂျက်ကက်ဇ်ဂျန်မြို့အရှေ့ဘက် ၁၄၇ ကီလိုမီတာခန့်အကွာ မြေပြင်သို့ ဇူလိုင် ၁ ရက်နေ့က ဘေးကင်းစွာဆင်းသက်ခဲ့သည်။ ဆိုယုဇ်အာကာသယာဉ်သည် ယင်းနေ့ မော်စကိုစံတော်ချိန် နံနက် ၈ နာရီ ၄၈ မိနစ်က နိုင်ငံတကာအာကာသယာဉ်စခန်းမှ ချိတ်ဆက်မှုဖယ်ခွာပြီး ကမ္ဘာမြေသို့ ပြန်လည်ဆင်းသက်ခဲ့ခြင်းဖြစ်သည်။ ၎င်းအာကာသယာဉ်မှူးသုံးဦးသည် အာကာသအတွင်း ရက်ပေါင်း ၁၉၃ ရက်ကြာအောင် စိတ်လက်ရွှင်လန်းစွာ လုပ်ငန်းများလုပ်ကိုင်ခဲ့ကြသည်။

ရုရှားနိုင်ငံ၏ ဆိုယုဇ် TMA-05M အာကာသယာဉ်ကိုလည်း နာဆာမှ အာကာသယာဉ်မှူး စူနီတာဝယ်လီအမ်းစ်၊ ရုရှားအာကာသယာဉ်မှူး ယူရီမီလန်ချန်ကိုနှင့် ဂျပန်အာကာသယာဉ်မှူး အကီဟီကိုဟော့ဟိုက်အမည်ရှိ အာကာသယာဉ်မှူးသုံးဦးနှင့်အတူ ရုရှားနိုင်ငံ ဘိုင်ကိုနော့အာကာသလွှတ်တင်ရေးစခန်းမှ ဇူလိုင် ၁၅ ရက်တွင် နိုင်ငံတကာအာကာသယာဉ်စခန်းသို့ လွှတ်တင်မည်ဖြစ်သည်။ ***(ဆင်ဟွာ)***

အီရတ်၌ အကြမ်းဖက်တိုက်ခိုက်မှုများ အနည်းဆုံးရှစ်ဦးသေဆုံး၊ အများအပြားဒဏ်ရာရ

ဘဂ္ဂဒက် ဇူလိုင် ၂

အီရတ်နိုင်ငံတစ်ဝန်း သီးခြားတိုက်ခိုက်မှုများအတွင်း လူရှစ်ဦးမက သေဆုံးပြီး သုံးလေးဦးဒဏ်ရာရရှိကြောင်း ဇူလိုင် ၁ ရက်က အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

ဒဏ်ရာရရှိ

ဆမားရီးယားမြို့စစ်ဆေးရေးဂိတ်တွင် လမ်းဘေးဗုံးခွဲတိုက်ခိုက်မှုနှစ်ခုအတွင်း ရဲတပ်ဖွဲ့ဝင်လေးဦးနှင့် အရပ်သားသုံးဦးသေဆုံးပြီး ရဲတပ်ဖွဲ့ဝင်သုံးဦးနှင့် ဆေးဝန်ထမ်းတစ်ဦး ဒဏ်ရာရရှိခဲ့သည်။ **(ယာပုံ)**

ဇူလိုင် ၁ရက်က မိုဆူးလ်မြို့လမ်းဘေးဗုံးခွဲမှု၌ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားနှစ်ဦးဒဏ်ရာရရှိသည်။ မိုဆူးလ်မြို့အနောက်ဘက် ကီလိုမီတာ ၇၀ ခန့်အကွာ တာလ်အဖားမြို့အနီး လမ်းဘေးဗုံးခွဲမှုတွင် ဗိုလ်ကြီးတစ်ဦးထိမှန်သေဆုံးသွားခဲ့ကြောင်း သတင်းတွင် ဖော်ပြပါရှိသည်။ **(အင်တာနက်)**

ပါကစ္စတန်၌ စာသင်ကျောင်း အကြမ်းဖက်သမားများဖောက်ခွဲဖျက်ဆီး

အစ္စလမ္မာဘတ် ဇူလိုင် ၂

ပါကစ္စတန်အစိုးရတပ်များနှင့် အကြမ်းဖက်သမားများတိုက်ခိုက်နေသည့် နိုင်ငံအနောက်မြောက်ပိုင်း ခိုင်ဘာပြည်နယ်မှ နိုင်ငံပိုင် မိန်းကလေးမူလတန်းကျောင်းအဆောက်အအုံကို ဇူလိုင် ၁ ရက်က အမည်မသိအကြမ်းဖက်သမားများက ဖောက်ခွဲဖျက်ဆီးလိုက်သည်။ **(အောက်ပုံ)**

ခိုင်ဘာပြည်နယ် ဆာလာဇိုင်းဒေသမှ ဝေးလံခေါင်သီသည့် မာတာရှားကျေးရွာရှိ အဆိုပါမူလတန်းကျောင်းကို သောင်းကျန်းသူများက ဗုံးခွဲဖျက်ဆီးလိုက်ခြင်းဖြစ်သည်ဟု ဒေသခံတာဝန်ရှိသူများက ဇူလိုင် ၁ ရက်တွင် ပြောကြားသည်။ ကျောင်းပိတ်ချိန်ဖောက်ခွဲဖျက်ဆီးသဖြင့် ထိခိုက်သေဆုံးမှုမရှိဟု သိရသည်။ ရဲတပ်ဖွဲ့ဝင်များကဝိုင်းလိုက်ပြီး လုံခြုံရေးတာဝန်ယူလိုက်သည်။ ထို့အပြင်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ မည်သူ့လက်ချက်ဖြစ်ကြောင်းကို မသိရသေးဟု ဆိုသည်။ **(အင်တာနက်)**

အီဂျစ်နိုင်ငံရှိ ဆိုင်းနိုင်းကျွန်းဆွယ် ဒုံးကျည်များဖြင့်ပစ်ခတ်ခံရ

ကိုင်ရို ဇူလိုင် ၂

အီဂျစ်နိုင်ငံ အရှေ့မြောက်ပိုင်း ဆိုင်းနိုင်းကျွန်းဆွယ်ကို ဇူလိုင် ၁ ရက်က ဒုံးကျည်များဖြင့် အနည်းဆုံးသုံးကြိမ် ပစ်ခတ်ကြောင်း လုံခြုံရေးအရာရှိတစ်ဦးနှင့်မျက်မြင်တွေ့ရှိသူများက ပြောကြားခဲ့သည်။

ဆိုင်းနိုင်းကျွန်းဆွယ်အလယ်ပိုင်းကို ယင်းနေ့ညပိုင်းက ဒုံးကျည်များဖြင့် ပစ်ခတ်သည့်အတွက် ပေါက်ကွဲမှုများဖြစ်ပေါ်ခဲ့သည်ဆို၏။ ယင်းဒေသမှာ လူနေထိုင်မှု နည်းပါးသည့်အတွက် ထိခိုက်သေဆုံးမှုရှိသည်ဟု သတင်းမရပေ။ သို့သော် မည်သူပစ်ခတ်သည်ဆိုခြင်းမှာ ယခုအထိ ရှင်းရှင်းလင်းလင်းမသိရသေးကြောင်း တပ်ဖြန့်စုံစမ်းလျက်ရှိသည်ဟုဆိုသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းမှတ်စု နိုင်ငံတကာသတင်းမှတ်စု

ချူကလီးယားမတော်တဆဖြစ်မှုနှင့်တကွ ဓာတုနှင့် ဇီဝပိုးမွှားအန္တရာယ်တားဆီးကာကွယ်သွားမည်

တိုး ရေးသားသည်

ဂျပန်နိုင်ငံ လျှပ်စစ်ဓာတ်အားကုမ္ပဏီများမှ အစုရှယ်ယာဝင်များက ချူကလီးယားဓာတ်ပေါင်းဖိုများ ပြန်လည်စတင်လည်ပတ်ရန် ဆုံးဖြတ်ပြီးနောက် တိုကျိုမြို့တော်လမ်းမကြီးပေါ်တွင် ချူကလီးယားစွမ်းအင်သုံးစွဲမှု ဆန့်ကျင်သူများက ကန့်ကွက်ဆန္ဒပြလာကြသည်။

ချူကလီးယားဆန့်ကျင်ရေး ကြွေးကြော်သံများ အော်ဟစ်ကာ ဆန္ဒပြသူ ၁၅၀၀၀ ကျော်တို့သည် ဂျပန်ဝန်ကြီးချုပ် ယိုရှိဟီကိုနိုဒါ၏ ရုံးအပြင်ဘက်တွင် သောကြာနေ့က စုရုံးဆန္ဒပြကြခြင်း ဖြစ်သည်။ ချူကလီးယားဓာတ်အားပေးစက်ရုံများ ပြန်လည်စတင်လည်ပတ်မည်ဟူသော ဂျပန်အစိုးရ၏ဆုံးဖြတ်ချက်ကို ကန့်ကွက်ကြောင်း ကြွေးကြော်ကြသည်။

ချူကလီးယားဆန့်ကျင်ရေး ဆန္ဒပြသူများသည် မေ ၅ ရက်ကလည်း တိုကျိုမြို့တော်၏လမ်းမကြီးများပေါ် ထွက်ကာ အင်အားပြခဲ့ကြသေးသည်။ ထိုစဉ်က အင်အားပြခြင်းမှာ အောင်ပွဲခံအင်အားပြခြင်းဖြစ်သည်။ မေ ၅ ရက်သည် ဂျပန်နိုင်ငံ၏ ချူကလီးယားဓာတ်ပေါင်းဖို ၅၀ အနက် နောက်ဆုံးဓာတ်ပေါင်းဖိုကို ထိုနေ့က ပိတ်လိုက်သည့်နေ့ ဖြစ်သည်။ ထို မေ ၅ ရက်သည် နှစ်ပေါင်း ၇၀ အတွင်း ဂျပန်နိုင်ငံအနေဖြင့် ချူကလီးယားဓာတ်အားကို ပထမဆုံး မသုံးစွဲသည့်နေ့ဖြစ်သည်။

၂၀၁၁ ခုနှစ် မတ် ၁၁ ရက်တွင် ဂျပန်နိုင်ငံ၌ အင်အားပြင်းမြေငလျင်နှင့် တစ်ဆက်တည်းမှာပင် ဆူနာမီ သဘာဝဘေးအန္တရာယ် နှစ်ခုတို့ကြောင့် ဖူကူရှီးမားဒိုင်အီချိ ချူကလီးယားစက်ရုံ ထိခိုက်ပျက်စီးရသည်။ ရေဒီယိုသတ္တိကြွပစ္စည်းများ ပျံ့နှံ့ကုန်သည်။ ထိုနေ့က ဖြစ်အင်မြင်ကွင်းသည် ငရဲခန်းအလားပင်။ ကြိုဟ်တုလိုင်းမှတစ်ဆင့် အဆိုပါ သဘာဝဘေးမြင်ကွင်းကို တိုက်ရိုက်ထုတ်လွှင့်ပြသနေသဖြင့် ကမ္ဘာ့လူသားများ အားလုံး မျက်ဝါးထင်ထင် တွေ့မြင်နေရသည်။ ဤတွင်မက နောက်ဆက်တွဲအဖြစ် ကမ်းခြေရှိ ချူကလီးယားစက်ရုံ မီးလောင်ပေါက်ကွဲခဲ့သည်။ ၄င်း၏ ဘေးထွက်ဆိုးကျိုးအဖြစ် ရေဒီယိုသတ္တိကြွ ဓာတ်များအနီးရှိရပ်ကွက်များအတွင်းသို့ ပျံ့နှံ့ကုန်သည်။ ဒေသခံပြည်သူများမှာ သားငါးအပါအဝင် ကုန်ပစ္စည်းများကိုပင် ဝယ်ယူစားသောက်ရန် အခက်အခဲကြုံခဲ့ရသည်။ ဒေသခံပြည်သူများ၏ စားရေးသောက်ရေး၊ နေရေးထိုင်ရေး ဘေးတွေ့ခဲ့ရသည်။ ထိုဖြစ်အင်များကို အကြောင်းပြု၍ ဂျပန်နိုင်ငံရှိ ချူကလီးယားဓာတ်ပေါင်းဖို ၅၀ အနက် နောက်ဆုံးဓာတ်ပေါင်းဖိုကို မေ ၅ ရက်တွင် ပိတ်ခဲ့ရသည်။

ပြီးခဲ့သည့်နှစ် မတ် ၁၁ ရက်တွင် ဖြစ်ပွားခဲ့သော မြေငလျင်နှင့် ဆူနာမီသဘာဝဘေးမကြုံမီအထိ ဂျပန်နိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက် စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းကို ထိုချူကလီးယားဓာတ်အားပေးစက်ရုံများမှ ထုတ်ယူသုံးစွဲခဲ့ခြင်းဖြစ်သည်။ ယခုတော့ ဂျပန်ပြည်သူတို့က ရေဒီယိုသတ္တိကြွပစ္စည်းများ ပျံ့နှံ့မှုကြောင့် လေထု၊ ရေထု၊ မြေထုညစ်ညမ်းမည်ကို စိုးရိမ်လျက်ရှိသည်။ ဂျပန်ပြည်သူများကဲ့သို့ပင် သတိပြုမိသော ကမ္ဘာ့ပြည်သူများကလည်း ချူကလီးယားမတော်တဆဖြစ်မှုဆိုလျှင် နားစွင့်၍ စိုးရိမ်စိတ်ရှိလာကြသည်။

ထို့ကြောင့်ပင် ကမ္ဘာတစ်ဝန်း ဇီဝဗေဒနှင့် ချူကလီးယားဘေးအန္တရာယ်များ အနာဂတ်တွင်ပေါ်ပေါက်မလာအောင် ကာကွယ်တားဆီးရေးအတွက် ကုလသမဂ္ဂ နိုင်ငံတကာရာဇဝတ်မှုနှင့် တရားမျှတမှုသုတေသနသိပ္ပံ(ယူအင်အိုင်စီအာရ်အိုင်)နှင့် ဥရောပသမဂ္ဂ(အီးယူ)တို့က ဇွန် ၂၂ ရက်၌ ကုလသမဂ္ဂဌာနချုပ်တွင် အစီအစဉ်တစ်ရပ်ချမှတ်လိုက်သည်။

အဆိုပါ အစီအစဉ်သည် ဓာတုအဆိပ်ငွေ့၊ ဇီဝပိုးမွှားလက်နက်၊ ရေဒီယိုသတ္တိကြွနှင့် ချူကလီးယားမတော်တဆဖြစ်မှုများ(စီဘီအာရ်အင်) နှင့်စပ်လျဉ်းသည့် ရာဇဝတ်မှုအန္တရာယ်များ လျော့ပါးရေးအတွက် ပူးပေါင်းဆောင်ရွက်မှုနှင့် ပူးတွဲစီစဉ်မှုများ တိုးမြှင့်ဆောင်ရွက်ရန်၊ နိုင်ငံစီဘီအာရ်နှင့် ဒေသစီဘီအာရ်အင် မူဝါဒများ ရှေ့နောက်ညီညွတ်စေရေး ဆောင်ရွက်ရန်ဖြစ်သည်။

ကုလသမဂ္ဂ၏ ယူအင်အိုင်စီအာရ်အိုင်နှင့်ဥရောပသမဂ္ဂ(အီးယူ)တို့၏ ထိုအစီအစဉ်မှာ ဓာတုအဆိပ်ငွေ့၊ ဇီဝပိုးမွှားလက်နက်၊ ရေဒီယိုသတ္တိကြွနှင့် ချူကလီးယားမတော်တဆဖြစ်မှု အကျပ်အတည်းကို တုံ့ပြန်ရန်မဟုတ်၊ ထိုအကျပ်အတည်းမျိုးကို ရှောင်လွှဲရန်ဖြစ်ကြောင်း ချမှတ်ထားသည်။

လောလောဆယ်တွင် ဤအစီအစဉ်၌ နိုင်ငံပေါင်း ၆၀ ကျော်ပါဝင်သည့်အပြင် ယူကရိန်း၊ မော်ဒိုဗာ၊ အာရှအလယ်ပိုင်း၊ အရှေ့တောင်ဥရောပအပါအဝင် ဒေသရှစ်ခုနှင့် အာဖရိကတိုက်မှ ဒေသသုံးလေးခုတို့ အကျုံးဝင်သည်။

ချူကလီးယားမတော်တဆဖြစ်မှုများနှင့် ပတ်သက်၍ အကြီးဆုံးချာနိုဘိုင်းချူကလီးယား မတော်တဆဖြစ်မှုက မည်မျှအန္တရာယ်ကြီးသည်ဆိုခြင်းကို ပြသခဲ့ပြီးဖြစ်သည်။

အနာဂတ်တွင်ထိုထိုသော မတော်တဆအန္တရာယ်များအတွက် ကုလသမဂ္ဂနှင့် အီးယူတို့၏ အစီအစဉ်မှာ အားထားရဖွယ်ဖြစ်သော်လည်း ကမ္ဘာ့နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် ကမ္ဘာ့ပြည်သူများက အန္တရာယ်မဖြစ်မီကြိုတင်ကာကွယ်ရန် ဆန္ဒပြင်းပြလျက်ရှိပါကြောင်း။ ။

ကိုးကား-အင်တာနက်

ဇွန် ၁၉ ရက်က ရုရှားနိုင်ငံ မော်စကိုမြို့၌ အီရန် ချူကလီးယားအရေးနှင့် ပတ်သက်ပြီး ဗြိတိန်၊ တရုတ်၊ ပြင်သစ်၊ ရုရှား၊ အမေရိကန်နှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများနှင့် ဂျာမနီတို့ ဤသို့ ဆွေးနွေးခဲ့ကြသည်။

ဆန်းသစ်တီထွင်

မိုးမြင့်လင်းလက် – ရေးသည်

လေယာဉ်မှူးလိုက်ပါခြင်းမရှိသည့် ကုန်တင်လေယာဉ် နာဆာပညာရှင်များ ထုတ်လုပ်စမ်းသပ်ပျံသန်း

ဝါရှင်တန် ဇူလိုင် ၂

ကုန်ပစ္စည်းများကို သယ်ဆောင်နိုင်သည့် လေယာဉ်မှူးလိုက်ပါခြင်းမရှိဘဲ အလိုအလျောက် မောင်းနှင်ပျံသန်းနိုင်သော စူပါဂတ်ပီအမည်ရှိ ကုန်တင်လေယာဉ်တစ်စင်းကို နာဆာသိပ္ပံပညာရှင်များက တီထွင်ထုတ်လုပ်လိုက်ပြီး စမ်းသပ်ပျံသန်းပြခဲ့ကြောင်း ဇွန် ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

၄င်းကုန်တင်လေယာဉ်သည် အရှည် ၁၁၁ ပေရှိကာ ကိုယ်ထည် အကျယ် ၂၅ ပေရှိသည်။ ကုန်ပစ္စည်းအလေးချိန် ၂၆ တန်ကို တင်ဆောင်ပျံသန်းနိုင်သည်။ အဆိုပါကုန်တင်လေယာဉ်ကို အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်နှင့် ဆန်ဖရန်စစ္စကိုမြို့အကြား ဝေဟင်၌ မိနစ် ၉၀ ကြာ စမ်းသပ်ပျံသန်းပြခဲ့သည်။

စူပါဂတ်ပီလေယာဉ်ကို နာဆာသိပ္ပံအင်ဂျင်နီယာများဖြစ်သည့် မိုက်ကယ်ရိုဘင်ဆင်နှင့် ဒေးဗစ်အီလော့တို့က တီထွင်ထုတ်လုပ်ထားခြင်းဖြစ်သည်။ ထို့အတူ နာဆာအာကာသယာဉ်မှူးတစ်ဦးဖြစ်သော ဂျွန်ဆင်နှင့် လေယာဉ်အင်ဂျင်ပိုင်းဆိုင်ရာ ပညာရှင် ဒန်သွမ်ပဆင်တို့ကလည်း ပူးပေါင်းတည်ဆောက်ခဲ့ကြခြင်းဖြစ်သည်။

တည်ဆောက်

အဆိုပါကုန်တင်လေယာဉ်သစ် **(အောက်ပုံ)**သည် လုံခြုံရေးစနစ်များ တပ်ဆင်ထားပြီး လေယာဉ်မှူးလိုက်ပါခြင်းမရှိဘဲ အလိုအလျောက်ထိန်းချုပ်စနစ်ဖြင့် မောင်းနှင်နိုင်သည်။ လေယာဉ်အတွင်း၌ အာကာသယာဉ်တစ်စင်း၏ ဖွဲ့စည်းမှုများ အတိုင်း တည်ဆောက်ထားခြင်းဖြစ်သည်။

အနာဂတ်ကာလတွင် ကမ္ဘာ့လေကြောင်းခရီးစဉ်များတွင် လူလိုက်ပါခြင်းမရှိသည့် ကုန်တင်လေယာဉ်များ ဘေးကင်းစွာပျံသန်းပြီး ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်နိုင်သည်အထိ ဆောင်ရွက်သွားမည်ဟု နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။ ထို့အပြင် ကမ္ဘာ့လေကြောင်း ဈေးကွက်အတွင်း အဆိုပါကုန်တင်လေယာဉ်များ ပိုမိုတိုးတက်အသုံးပြုသွားနိုင်ရေး ထုတ်လုပ်သွားမည်ဖြစ်သည်။ တစ်ဖန် နာဆာအာကာသသိပ္ပံပညာရှင်များက လေယာဉ်မှူး လိုက်ပါခြင်းမရှိသည့် ခရီးသည်တင်လေယာဉ်များကို ဆက်လက် သုတေသနပြုထုတ်လုပ်သွားမည်ဟု ပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား

အာကာဟိန်း စုစည်းသည်

အမြင့် ၁၀ ပေနှင့် အလေးချိန်ပေါင် ၁၀၀၀ ရှိ ကမ္ဘာ့အကြီးဆုံး ရေခဲမုန့်ကြီး စံချိန်တင်ပြုလုပ်

ဂလော့စတာ ဇူလိုင် ၂

ဒိန်းမတ်နိုင်ငံ ဂလော့စတာမြို့တွင်ရှိသည့် သည်ဖက်စ်အမည်ရှိ စားသောက်ဆိုင်မှ ဝန်ထမ်း ၁၀ ဦးတို့က ပြုလုပ်ထားသော ရေခဲမုန့်ကြီးတစ်ခုသည် ကမ္ဘာပေါ်တွင် အကြီးဆုံးရေခဲမုန့်ကြီးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဇူလိုင် ၂ ရက်က ဖော်ပြခံရသည်။

ပေါင်းစပ်ပြုလုပ်

အဆိုပါရေခဲမုန့်ကြီးသည် အမြင့် ၁၀ ပေရှိပြီး အလေးချိန် ပေါင် ၁၀၀၀ ရှိသည်။ ၄င်း ရေခဲမုန့်ကြီးတွင် ဂျုံမှုန့် ပေါင် ၅၀၀၊ ထောပတ် ပေါင် ၁၀၀၊ ကြက်ဥ ပေါင် ၁၀၀၊ ဒိန်ခဲပေါင် ၁၀၀၊ သကြား ပေါင် ၁၀၀ နှင့် စတော်ဘယ်ရီ ပေါင် ၁၀၀ တို့ဖြင့် ပေါင်းစပ်ပြုလုပ်ထားခြင်းဖြစ်သည်။ ယင်းရေခဲမုန့်ကြီးကို သည်ဖတ်စ်စားသောက်ဆိုင်မှ ဝန်ထမ်း ၁၀ ဦးတို့က စုပေါင်းပြီး ရှစ်နာရီကြာမျှ ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ ၄င်းရေခဲမုန့်ကြီးကို ဂလောစတာမြို့ အပန်းဖြေဥယျာဉ်ကြီးအတွင်း အများပြည်သူများအား ပြသခဲ့သည်။ **(အပေါ်ပုံ)**

၄င်းရေခဲမုန့်ကြီး ပြုလုပ်ရာတွင် ဦးဆောင်ပါဝင်ခဲ့သည့် ဒိန်းပလာမာ အမည်ရှိ အမျိုးသားက မိမိတို့ ယခုရေခဲမုန့်ကြီးပြုလုပ်ခဲ့ခြင်းမှာ ကမ္ဘာတစ်ဝန်းရှိ ကလေးငယ်များ အစာအာဟာရပြတ်လပ်နေမှု အချို့နေရာဒေသများ၌ ဖြစ်ပေါ်နေကြောင်း သတိပြုမိစေရန်အတွက်ဖြစ်သည်ဟု ပြောကြားသည်။

လေ့လာဆန်းစစ်

အဆိုပါရေခဲမုန့်ကြီး ပြုလုပ်ပြသထားရာသို့ ဂင်းနက်စ်မှတ်တမ်းအဖွဲ့မှ တာဝန်ရှိသူများ လာရောက်ကာ လေ့လာဆန်းစစ်မှုများ ပြုလုပ်ပြီးနောက် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြရန် သတ်မှတ်ခဲ့သည်။ ယခင်က ကမ္ဘာ့အကြီးဆုံးရေခဲမုန့်မှာ အီတလီနိုင်ငံမှဖြစ်ပြီး ပေါင် ၈၀၀ ခန့်ရှိသော ရေခဲမုန့်ကြီးဖြစ်ရာ ယခုရေခဲမုန့်ကြီးက စံချိန်သစ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာ့အကြီးဆုံး ဆိတ်သားခါးပတ်မုန့် တူရကီ၌ပြုလုပ်

အင်ကာရာ ဇူလိုင် ၂

တူရကီနိုင်ငံ အင်ကာရာမြို့တွင် စားသောက်ဆိုင်တစ်ဆိုင်မှ ပြုလုပ်ထားသော ဆိတ်သားခါးပတ်မုန့်ကြီးတစ်ခုမှာ ကမ္ဘာပေါ်တွင် အကြီးမားဆုံး ဆိတ်သားခါးပတ်မုန့်ကြီးဖြစ်ကြောင်း ဇွန် ၂၇ ရက်က ဂင်းနက်စ်မှတ်တမ်း၌ဖော်ပြခံရသည်။ **(အောက်ပုံ)**

အဆိုပါဆိတ်သားခါးပတ်မုန့်ကြီးကို အင်ကာရာမြို့၌ ဇွန် ၂၇ ရက်ကကျင်းပသော အင်ကာရာ ဈေးရောင်းပွဲတော်၌ အဘာပစ်နစ်အမည်ရှိ စားသောက်ဆိုင်မှ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ၄င်းဆိတ်သားခါးပတ်မုန့်ကြီးသည် အလေးချိန် ၁၁၉၈ ကီလိုဂရမ်လေးပြီး အမြင့်မှာ ၁၀ ပေခန့်ရှိသည်။

ယင်းဆိတ်သားခါးပတ်မုန့်ကြီးတွင် ဆိတ်သား ၁၀၀၀ ကီလိုဂရမ်၊ ဂျုံမှုန့် ၁၀၀ ဂရမ်၊ ထောပတ်၊ ကြက်ဥနှင့်အခြားအမွှေးအကြိုင်ပစ္စည်း ၉၈ ဂရမ်တို့ဖြင့် ပေါင်းစပ်ပြုလုပ်ထားခြင်းဖြစ်သည်။ ယခင် ကမ္ဘာ့အကြီးဆုံး ဆိတ်သားခါးပတ်မုန့်ကြီးမှာ ဟန်ဂေရီနိုင်ငံမှဖြစ်ပြီး အလေးချိန် ၁၀၀၀ ဂရမ်ရှိသော ဆိတ်သားခါးပတ်မုန့်ကြီးဖြစ်သည်။ ၄င်းဆိတ်သားခါးပတ်မုန့်ကြီးကို အဆိုပါစားသောက်ဆိုင်မှ စားဖိုမှူးများက အချိန် ၁၀ နာရီကြာမျှ စုပေါင်းပြုလုပ်ခဲ့ကြရသည်။ ထိုသို့ ပြုလုပ်နိုင်ခဲ့ခြင်းကြောင့် ကမ္ဘာပေါ်ရှိ ဆိတ်သားခါးပတ်မုန့်များအနက် အကြီးဆုံးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရခြင်းဖြစ်သည်။ **(အင်တာနက်)**

ဒုတိယဝန်ကြီးဦးဘရွှေအား ထိုင်းနိုင်ငံ FIHRD မှ ဧည့်အဖွဲ့တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေအား ထိုင်းနိုင်ငံ Foundation of International Human Resources Development (FIHRD) မှ အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့ **(ယာပုံ)**သည် ယနေ့မွန်းလွဲ ၁ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့၌ သင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး၊ ထိုင်းနိုင်ငံတက္ကသိုလ်များသို့ ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးရေးဆိုင်ရာ ဘွဲ့လွန်သင်တန်းများသို့ စေလွှတ်တက်ရောက်ရေး၊ မြန်မာနိုင်ငံတွင်လည်း ခရီးသွားလုပ်ငန်းဆိုင်ရာ ရက်တိုသင်တန်းများ ဖွင့်လှစ်ပေးရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

○ ကျော့ဖုံးမှ

အခမ်းအနားတွင် နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးနှင့် ဇနီးတို့က ပေးပို့လှူဒါန်းသည့် ငွေကျပ်ငါးသိန်းနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းနှင့် ဇနီးတို့က ပေးပို့လှူဒါန်းသည့် ငွေကျပ် တစ်သိန်းတို့ကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်းက လည်းကောင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ရုပ်ရှင်သရုပ်ဆောင် အနုပညာရှင်များက စုပေါင်းလှူဒါန်းငွေကျပ် သိန်း ၉၀၀နှင့် ငွေကျပ်သိန်း ၅၀၀ တန်ဖိုးရှိ ဆေးဝါးပစ္စည်းများကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်က လက်ခံသည်။

ယင်းနောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ အကယ်ဒမီ ဦးဇင်ဝိုင်းကလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဘဏ္ဍာငွေ ရှာဖွေထိန်းသိမ်းရေးနှင့် အလှူငွေ လက်ခံရရှိရေးဆပ်ကော်မတီဥက္ကဋ္ဌပြည်နယ်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဦးစိုးအေးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ရဲတပ်ဖွဲ့မှ မူခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို ဇွန် ၂၉ ရက်က အမှတ်(၁) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ ဗိုလ်တထောင်မြို့နယ်ရဲတပ်ဖွဲ့ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ် အောင်ကျော်စိုးဝင်း မူခင်းကျဆင်းရေး ဟောပြောစဉ်။ (မြန်မာ့အလင်း)

■ ကျော့ဖုံးမှ

ကြက်သား	အလေးချိန်	ကျပ်
CP ကြက်ရင်အုံသား	တစ်ပိဿာ	၅၀၀၀
CP အသည်းအမြစ်	॥	၅၀၀၀
ဗမာကြက်	॥	၅၀၀၀
ဆိတ်သား	**အလေးချိန်**	**ကျပ်**
အသားသက်သက်	တစ်ပိဿာ	၁၃၀၀၀
အရိုး၊ အသား	॥	၇၀၀၀
အမဲသား	**အလေးချိန်**	**ကျပ်**
ပေါင်သား	တစ်ပိဿာ	၆၀၀၀
သောင်းပြောင်း	॥	၄၅၀၀
ငါးစုံ	**အလေးချိန်**	**ကျပ်**
ငါးရံ့	တစ်ပိဿာ	၅၀၀၀
ငါးပုဏ္ဏား	॥	၇၀၀၀
ငါးပြေမ	॥	၆၀၀၀
ငါးမြစ်ချင်း	॥	၂၅၀၀
ငါးကြင်း	॥	၃၅၀၀
တီလားပီးယား	॥	၂၅၀၀
ငါးကျည်း	॥	၈၀၀၀
ငါးခူ	॥	၆၀၀၀
ငါးပတ်	॥	၅၀၀၀
ကကတစ်	॥	၈၀၀၀
ငါးသလဲထိုး	॥	၁၂၀၀၀
ပုစွန်ကြော့	॥	၃၀၀၀
ပုစွန်ကြား	॥	၅၀၀၀
ပုစွန်တုပ်ကြီး	॥	၁၄၀၀၀
ငါးဖယ်ခြစ်သား	॥	၁၂၀၀၀
ငါးမြစ်ချင်းခြစ်သား	॥	၇၀၀၀
ငါးခြောက်	**အလေးချိန်**	**ကျပ်**
ငါးကျည်းကျပ်တိုက်	တစ်ပိဿာ	၂၀၀၀၀
ငါးရံ့ခြောက်(အပြား)	॥	၂၀၀၀၀
ငါးရံ့ခြောက်(အလုံး)	॥	၁၀၀၀၀
ငါးမြွေထိုးခြောက်	॥	၆၀၀၀
ငါးကွမ်းရှပ်ခြောက်	တစ်ပိဿာ	၂၀၀၀၀
ပုစွန်ခြောက်(ဖျာပုံ)	॥	၇၀၀၀ မှ ၃၀၀၀၀
ပုစွန်ခြောက်(မြိတ်)	॥	၇၀၀၀ မှ ၂၀၀၀၀

ဈေးတစ်ဈေးနှင့် တစ်ဈေးပစ္စည်းအမျိုးအစားပေါ်မူတည်၍ ဈေးအနည်းငယ်ပြောင်းလဲမှု ရှိကောင်းရှိနိုင်ပါသည်။

မြန်မာ့အလင်း ခံစားမှုသတင်းမြင်ကွင်း

ကြည်နူးဖွယ်ရာ ပြည်သူ့ဆေးရုံပေါ်မှာ

သတင်းမှတ်စု-ခင်မောင်ရည်(ပဲခူး)

ဇွန် ၂၅ ရက်နေ့ ည ၁၀ နာရီ သာသာအချိန် အိပ်ရာဝင်ရန် သွားတိုက်ပြီးစကာလ လက်ကိုင်ဖုန်းမှ အသံမြည်လာသဖြင့် နားထောင်လိုက်ရာ "ဆရာ-ကျွန်တော် မောင်မောင်လေးပါ၊ ဆရာဦးထိန်ဝင်း အသက်ရှူကျပ်နေလို့ ဆရာအမြန်လာခဲ့ပါ"

"အေးအေး-ဆေးရုံတင်လိုက်။ ငါ အခုလာခဲ့မယ်"

ဖုန်းအပြောဖြတ်ပြီး ပိုက်ဆံအိတ်ထဲငွေဖြည့်ထည့်၊ မိုးကာထပ်ဝတ်၊ ဆိုင်ကယ်ဦးထုပ်ဆောင်း၊ ဆိုင်ကယ်မီးဖွင့်စီးပြီးပြည်သူ့ဆေးရုံဆီသို့ သုတ်ခြေတင်ခဲ့သည်။ သုတ်ခြေတင်သည်ဆိုသော်လည်း အလွန်မမြန်ရပါ။ ကိုယ့်ကိုယ်တိုင်က အသက်၆၀ကျော်အဘိုးကြီးကလေးဖြစ်နေသည့်အပြင် ပုလင်းဖင်လောက်ထူသည့် မျက်မှန်တပ်ထားရသူ မဟုတ်ပါလား။

အိမ်မှ နှစ်မိုင်ခန့်ဝေးသည့် ဆေးရုံသို့ ၁၅ မိနစ်အတွင်း စာရေးသူရောက်သွားသည့်အခါ လူနာဖြစ်သူမှာတာဝန်ကျဆရာဝန်နှင့်သူနာပြုဆရာမများစမ်းသပ်စစ်ဆေးပြီး အောက်ဆီဂျင်ပေးခြင်းနှင့် ဆေးသွင်းခြင်းစသည့် ကုသပြုစုမှုများ လုပ်နေဆဲဖြစ်ပါသည်။ ခဏအကြာတွင် ပုံမှန်မဟုတ်သေးသော်လည်း သက်သာစပြုလာပါသည်။ အချိန်မီ ဆေးရုံမရောက်ခဲ့လျှင်၊ ရောက်ခဲ့သော်လည်း စမ်းသပ်ပြုစုကုသမှု နှောင့်နှေးခဲ့လျှင် အသက်ပါ ပါသွားနိုင်သည့် နှလုံးအခြေခံရောဂါနှင့် ပန်းနာရင်ကျပ်ဝေဒနာရှင်ဖြစ်ပါသည်။ လူနာ၏ တပည့်များဖြစ်သည့် ဆေးရုံချက်ချင်းတင်ပေးကြသော ကိုမောင်မောင်လေး၊ ကိုကျော်ဝင်းနှင့် ကိုအောင်စိုးတို့ကို ဆရာ့ကိုယ်စားအထူးကျေးဇူးတင်မိပါသည်။ ထို့ထက်ပို၍ အစိမ်းအကျက် မရွေးဘဲ အရေးကြီးလျှင်ကြီးသလိုချက်ချင်းစမ်းသပ်ပြုစုကုသပေးကြသော တာဝန်ကျ ဆရာဝန်များနှင့် သူနာပြုဆရာမများ အပါအဝင် ကျန်းမာရေး ဝန်ထမ်းများကိုလည်း ကျေးဇူးတင်မိပါသည်။

လူနာဖြစ်သူ ဦးထိန်ဝင်းမှာ အသက် ၇၂နှစ်အရွယ် အငြိမ်းစားအထက်တန်းပြဆရာတစ်ဦးဖြစ်ပြီး လူပျိုကြီးဖြစ်ပါသည်။ မွေးချင်းပေါက်ဖော်မရှိ တစ်ဦးတည်းသော သားဖြစ်သည့်အပြင် မိဘများမှာလည်း ကွယ်လွန်ကုန်ခဲ့ပြီဖြစ်ပါသည်။ စာရေးသူတို့ ဆယ်တန်းကျောင်းသားဘဝက သင်္ချာဘာသာသင်ပြခဲ့သည့် ဆရာတစ်ဦး ဖြစ်ပါသည်။ မပြည့်စုံသော ကျေးလက်တောရွာမှ တပည့်များကို အိမ်မှာတင်ကျွေးပြီး ကျောင်းထားပေးခဲ့သော ဆရာလည်း ဖြစ်ပါသည်။ အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ ကျန်းမာရေးချို့တဲ့လာပြီး မမျှတသည့် ဆရာ့ဝင်ငွေနှင့် ဆရာ့စေတနာကြီးမားမှုတို့ကြောင့် ဆရာ့တွင် အိုးပိုင်၊ အိမ်ပိုင်မရှိတော့ပါ။ သို့သော် ဆရာမှာ 'မာန' အလွန်ကြီးပါသည်။ ဖြစ်သလိုနေ၊ ဖြစ်သလိုစားပြီး ဆရာ တတ်ကျွမ်းသည့် ဗေဒင်ပညာဖြင့် ဘဝကို ရပ်တည်နေသူဖြစ်ပါသည်။ စာရေးသူတို့မြို့ရှိ နာမည်ကြီး အထက်တန်းကျောင်းကြီးနှစ်ကျောင်းတွင် သက်ပြည့်အငြိမ်းစားယူသည်အထိ အထက်တန်းပြဆရာအဖြစ် အမှုထမ်းခဲ့သူဖြစ်ရာ ဆရာ့တွင် အခြေခံလက်လုပ်လက်စား တပည့်ဟောင်းများမှသည် သူဌေးသူကြွယ်များ၊ အစိုးရအမှုထမ်း အရာထမ်းများ၊ ညွှန်ချုပ်များနှင့် ဝန်ကြီးအဆင့်အထိ တပည့်ဟောင်းများရှိကြပါသည်။ ကျေးဇူးသိတတ်သော တပည့်များရှိသလို မသိကျိုးကျွန်ပြုသည့် တပည့်များလည်း ရှိကြသည်။ သို့သော် အရေးထားဟန်မတူပါ။ ယခုဆေးရုံတက်နေရသည်ကိုပင် မည်သူ့ကိုမျှ အကြောင်းမကြားရန် တဖွဖွပြောနေပါသည်။ "ညွှန့်ဝင်းတို့၊ စံထူးတို့၊ မြင့်လွင်တို့ မသိစေနှင့်။ ငါ့ကို ကြုံတိုင်းကန်တော့နေတာ။ ငါအားနာတယ်" ဟုပြောပါသည်။ "ကျွန်တော့်ကိုရော ဆရာ"ဟု စ-မိရာ "မင်းကို အားအနာဆုံးမို့ ဆေးရုံတင်တဲ့ညက မောင်မောင်လေးဆီက ဖုန်းကို ငါဆွဲလုသေးတယ်"။

ဟုတ်ပါသည်။ ထိုညက ဆရာ နေမကောင်းသဖြင့် စာရေးသူထံ ဆက်သည့် ဖုန်းကို အလွန်မောပန်းနေသည့်ကြားမှ ဆွဲလုသေးကြောင်း မောင်မောင်လေးပြန်ပြော၍ သိခဲ့ပြီးဖြစ်ပါသည်။ ဆရာဆေးရုံ တက်နေရကြောင်း၊ တစ်နည်းနည်းဖြင့် သိကြသည့် မြို့ပေါ်ရှိ သိတတ်သူ တပည့်ဟောင်းများ ဆရာ့ထံ လာရောက်တွေ့ဆုံ ကန်တော့ကြပါသည်။ ဆရာတာဝန်ထမ်းဆောင်ခဲ့သည့် ကျောင်းနှစ်ကျောင်းမှလည်း နိုင်သလောက် ကျန်းမာရေးစရိတ်ထောက်ပံ့ကြပါသည်။ စရိတ်မျှပေး ကျန်းမာရေးဖြစ်သဖြင့် ဆေးဝါးဝယ်ယူရသော်လည်း ဓာတ်မှန်၊ E.C.G အာထရာဆောင်း စသည့်စရိတ် မကုန်ပါ။ ဆေးရုံကြီးမှ အခမဲ့သုံးစွဲခွင့် ပြုပါသည်။ နှလုံး၊ ပန်းနာရင်ကျပ်ရောဂါများ သက်သာစပြုပြီဖြစ်သဖြင့် ဆေးရုံက ဆင်းခွင့်ပြုနိုင်ပြီဖြစ်သော်လည်း "အူအတက်ရောင်" ရောဂါရှိနေသေးသဖြင့် ခွဲစိတ်ကုသမှုပြုရန် လို၊ မလိုစောင့်ဆိုင်း ကာလအဖြစ် ယနေ့အထိ ဆေးရုံပေါ်တွင် ဆရာရှိနေရပါသေးသည်။ ဆေးရုံတက်နေရသော်လည်း ဝေဒနာခံစားနေသည့် ကြားကပင် ဆရာပျော်နေဟန်တူပါသည်။ ကျေးဇူးသိတတ်သောတပည့်များ ဝန်းရံလျက် တာဝန်ကို စေတနာပါပါနှင့် ဆောင်ရွက်ပေးနေကြသည့်ဆရာဝန်၊သူနာပြုအပါအဝင်ကျန်းမာရေးဝန်ထမ်းများ၏ စမ်းသပ်ပြုစုကုသနေမှုကို ကျေနပ်နေ၍ ဖြစ်ပါလိမ့်မည်။

အချုပ်အားဖြင့်ဆိုရလျှင် သန့်ရှင်းသောအစိုးရနှင့်ကောင်းမွန်သောအုပ်ချုပ်ရေးဖြစ်စေရန် ပြုပြင်နေဆဲ ယနေ့ကာလဝယ် ဆရာ့လို ကျောင်းဆရာမျိုးများ၊ ဆရာ့တပည့်များကဲ့သို့သော တပည့်မျိုးများ၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် သူနာပြုအုပ် အပါအဝင် ကျန်းမာရေး ဝန်ထမ်းများကဲ့သို့သော နိုင်ငံ့ဝန်ထမ်းများ စဉ်ဆက်မပြတ်တိုးပွားများပြားလာကြခြင်းဖြင့် နိုင်ငံသူနိုင်ငံသားတို့၏ လူမှုဝန်းကျင်တွင် သာယာလှပသော ကြည်နူးဖွယ်ကောင်းသော အခြေအနေကောင်းများ တိုးပွားလာစေချင်ကြောင်းပါ။ ။

◆ ကျော့ဖုံးမှ

ကယ်ဆယ်ရေးစခန်းသို့သွားရောက်၍ ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးကုသပေးကြပြီး စခန်းအတွင်း ငှက်ဖျားရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ အရေပြားရောဂါ၊ မိုးရာသီတွင် အဖြစ်များသောရောဂါများ မဖြစ်ပွားစေရေးနှင့် ကျန်းမာရေးဆိုင်ရာသိရှိလိုက်နာသင့်သည့်အချက်အလက်များကို ဟောပြောဆွေးနွေးခြင်း၊ ရေတွင်း၊ ရေကန်များတွင် ကလိုရင်းဆေးခတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်းတို့ကို ဆောင်ရွက်ကြသည်။ ထို့နောက် နေ့လယ်ပိုင်းတွင် ယတြာကျောင်းတိုက်သို့ သွားရောက်ကာ ဒေသခံပြည်သူများအား ဆေးကုသပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားခြင်းနှင့်စခန်းပတ်ဝန်းကျင်တွင် ခြင်ဆေးဖျန်းပက်ခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇွန် ၂၈ ရက်က ပေါက်ခေါင်း မြို့နယ်သစ်ထုတ်ရေး ငွေစုငွေချေး သမဝါယမအသင်း ၂၀၁၁-၂၀၁၂အရပ်ရပ်ဆိုင်ရာနှစ်ပတ်လည်အစည်းအဝေးတွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူ အသင်းသားများ၏သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပရာ ဂုဏ်ထူးဖြင့် အောင်မြင်သူတစ်ဦးအား အသင်းဥက္ကဋ္ဌက ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

အမှတ်(၁၂)အစုန် မန္တလေး-ရန်ကုန်အမြန်ရထားအား မော်တော်ဆိုင်ကယ်မှ ဝင်တိုက်မှုဖြစ်ပွား

နေပြည်တော် ဇူလိုင် ၂

နေပြည်တော် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ပန်းခင်း(၂)ရပ်ကွက် သပြေလမ်း ရန်ကုန်-မန္တလေးမီးရထားလမ်းပေါ်တွင် အမှတ်(၁၂)အစုန်အမြန်ရထားအား မော်တော်ဆိုင်ကယ်မှ ဝင်တိုက်မှုဖြစ်ပွားသဖြင့် ဆိုင်ကယ်မောင်းသူမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်က ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်အုပ်စု ပန်းခင်း(၂)ရပ်ကွက်ရှိ မီးရထားလမ်းနှင့် သပြေလမ်းတွင် အမှတ်(၁၂) အစုန် မန္တလေး-ရန်ကုန် ရထားစက်ခေါင်းအမှတ် DF 1318 ကို မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာစဉ် မိုင်တိုင်အမှတ် ၂၂၆/၆ နှင့် ၂၂၆/၇ အကြား၌ ပျဉ်းမနားမြို့ ပန်းခင်း(၂)ရပ်ကွက် သပြေလမ်း သံလမ်းဂိတ်မရှိသော သပြေလမ်းအတိုင်း အနောက်ဘက်မှ အရှေ့ဘက်သို့ မျိုးမြင့်နိုင် (၃၈)နှစ်(ဘ)ဦးဝင်းမောင် ပန်းရန်လုပ်သား သစ္စာလမ်း ပန်းခင်း(၂)ရပ်ကွက် ပျဉ်းမနားမြို့နေသူ မောင်းနှင်ပြီး ဇနီး ဖြစ်သူ အမာတင်(၃၂)နှစ် (ဘ)ဦးပွကြီး မှီခိုလိုက်ပါလာသော ၁၂ယ/----- လော့ဂျာ (၁၁၀) အနက်ရောင် ဆိုင်ကယ်နှင့် တိုက်မိခဲ့ပြီး မျိုးမြင့်နိုင်မှာ

အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့သည်။ နောက်မှလိုက်ပါသူတစ်ဦးမှာ ဝဲချိုစောင်းပေါက်ပြဲ၊ ဝဲခြေဖမိုးပေါက်ပြဲကြေမွ၊ ဒဏ်ရာများ (စိုးရိမ်ရ) ရရှိကာ ပျဉ်းမနားခုတင်(၂၀၀)ဆေးရုံသို့တင်ပို့ထားသည်။ ဆိုင်ကယ်မှာရထားအောက်သို့ ဝင်သွားသည်။ **(အပေါ်ပုံ)** ၎င်းနှင့် စပ်လျဉ်း၍ ပျဉ်းမနား ရဲစခန်းမှအမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(၁၅၄)**

မြန်မာ့အလင်း မှုခင်းသတင်း

ဓာတ်အားလိုင်းကြိုးကိုင်မိသူ ဓာတ်လိုက်သေဆုံး

ညောင်တုန်း ဇူလိုင် ၂

ညောင်တုန်းမြို့နယ် အောက်စုကျေးရွာနေ ဇင်ထက်အောင် (၂၀)နှစ် (ဘ) ဦးခင်မောင်စိုးသည် ဇွန် ၂၂ ရက် ည ၇ နာရီ ၅၅ မိနစ်ခန့်က ညောင်တုန်းတောစွန်းကျေးရွာ-လှိုင်သာယာ-ဆားမလောက် ရထားလမ်းသစ် တာလမ်းပေါ် လမ်းလျှောက်ထွက်လာရာမှ ရထားလမ်းပေါ် ကန့်လန့်ဖြတ်သွယ်တန်းထားရှိသော ဓာတ်အားလိုင်းကြိုးကို လက်ဖြင့် ကိုင်စမ်းကြည့်ရာမှ ဓာတ်လိုက်ပြီး လက်နှစ်ဖက်နှင့် ခန္ဓာကိုယ်အနှံ့ မီးလောင်ဒဏ်ရာများရရှိသွားပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသခဲ့သည်။

အမှုဖွင့်စစ်ဆေး

၎င်းသည် ဇူလိုင် ၁ရက် မွန်းတည့် ၁၂နာရီတွင် သေဆုံးသွားကြောင်း မဲဇလီကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းက အကြောင်းကြားပြီး ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်/မဟုတ်သိရှိရန် မဲဇလီရဲစခန်းမှ အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၀၇၇)

ကိုသစ္စာ–ရေးသားသည်

လော့စ်အိန်ဂျလိစ်မြို့၌ ဇူလိုင် ၁ ရက်က ကျင်းပသည့် The Expendable-2 ဇာတ်ကား အကြိုပြသပွဲသို့ ရောက်ရှိလာသော ရုပ်ရှင်မင်းသား ဂျက်လီအား တွေ့ရစဉ်။

ရုပ်ရှင်မင်းသား ဂျက်လီ ပါဝင်သည့် The Expendable-2 ဇာတ်ကားသစ်ပြသမည်

ဟောင်ကောင် ဇူလိုင် ၂

ဟောင်ကောင်ရုပ်ရှင်မင်းသား ဂျက်လီပါဝင်သရုပ်ဆောင်ထားသည့် The Expendable-2 ဇာတ်ကားမှာ ဩဂုတ် ၁၇ ရက်၌ ရုံတင်ပြသတော့မှာ ဖြစ်ပါတယ်။ အသက် ၄၉ နှစ်အရွယ်ရှိတဲ့ ဂျက်လီဟာ ဒီဇာတ်ကားမှာ အက်ရှင်ခန်းတွေ၊ စွန့်စားခန်းတွေ သရုပ်ဆောင်ထားတာမို့ ပရိသတ်ကြိုက်ဇာတ်ကားဖြစ်လာမှာ ဖြစ်ပါတယ်။

ဒီဇာတ်ကားဟာ The Expendable ဇာတ်ကားရဲ့ စီးရီးဖြစ်ပြီး ပရိသတ်တွေ အများအပြားနှစ်သက်အားပေးခဲ့ကြတဲ့ ဇာတ်ကားဖြစ်ပါတယ်။ The Expendable-2 ဇာတ်ကားမှာ ရုပ်ရှင်မင်းသားစတားလုန်းနဲ့ တွဲဖက်ပြီး ဂျက်လီက ပါဝင်သရုပ်ဆောင်ထားတာ ဖြစ်ပါတယ်။

ဒ့ါအပြင် ဒီဇာတ်ကားမှာ စတားလုန်းနဲ့ ဂျက်လီတို့အပါအဝင် နာမည်ကျော် အက်ရှင်သရုပ်ဆောင်တွေ အများအပြားပါဝင်ထားကြပါတယ်။ ဒီဇာတ်ကားမှာ ဂျက်လီက တရုတ်နိုင်ငံသား ရင်ယန်အဖြစ် သရုပ်ဆောင်ထားသလို ရုပ်ရှင်မင်းသား စတားလုန်းက ဘာနေရှိုစ်အဖြစ်နဲ့ ပါဝင်သရုပ်ဆောင်ထားတာ ဖြစ်ပါတယ်။

ဒီဇာတ်ကားထဲမှာ စတားလုန်းနဲ့ ဂျက်လီတို့က အမှန်တရားဘက်က ရပ်တည်ကြသူတွေအဖြစ် သရုပ်ဆောင်ထားကြပြီး အတွဲညီညီနဲ့ အက်ရှင်ဇာတ်ဝင်ခန်းတွေမှာ ပါဝင်ထားကြပါတယ်။ ဒါကြောင့် ဒီဇာတ်ကားဟာ ပရိသတ်တွေ နှစ်ခြိုက်ကြတဲ့ ကမ္ဘာကျော်အက်ရှင်မင်းသားတွေပါဝင်တဲ့ ဇာတ်ကားမို့ ဝင်ငွေကောင်းမယ့် ရုပ်ရှင်ကားတစ်ကားအဖြစ် ရောက်ရှိလာဦးမှာဖြစ်ပါတယ်။ (အင်တာနက်)

ရုပ်ရှင်မင်းသားကင်ကန်ဝူးနဲ့ မင်းသမီးဂျိုယိုဂျန်တို့ရဲ့ ရုပ်မြင်သံကြားဇာတ်လမ်းတွဲသစ် ပြသမည်

ဆိုးလ် ဇူလိုင် ၂

တောင်ကိုရီးယားရုပ်ရှင်မင်းသားကင်ကန်ဝူးနဲ့ တောင်ကိုရီးယားရုပ်ရှင်မင်းသမီး ဂျိုယိုဂျန် (ယာပုံ)တို့ခေါင်းဆောင်ပါဝင်တဲ့ Haeundae Lovers အမည်ရှိတဲ့ ရုပ်မြင်သံကြားဇာတ်လမ်းတွဲကို တောင်ကိုရီးယားနိုင်ငံတစ်ဝန်း ဩဂုတ် ၁၃ ရက်မှာ စတင်ပြီး ထုတ်လွှင့်ပြသတော့မှာဖြစ်ပါတယ်။

အဲဒီ ရုပ်မြင်သံကြားဇာတ်လမ်းတွဲကို ဒါရိုက်တာဆုန်ဟွန်ဝတ်က ရိုက်ကူးထားတာဖြစ်ပြီး ဇာတ်ညွှန်းကိုတော့ ဟွန်အမ်တောင်က ရေးဖွဲ့ထားတာ ဖြစ်ပါတယ်။ ဒီဇာတ်ကားကို ကေဘီအက်စ်ရုပ်မြင်သံကြားလိုင်းက တောင်ကိုရီးယားနိုင်ငံတစ်ဝန်းကို ထုတ်လွှင့်နေပြီဖြစ်ပါတယ်။

Haeundae Lovers ဟာ ဒရာမာဇာတ်လမ်းတွဲဖြစ်ပြီး ရုပ်ရှင်မင်းသားကင်ကန်ဝူးနဲ့ ရုပ်ရှင်မင်းသမီးဂျိုယိုဂျန်တို့အပြင် ဂျန်ဆုခ်ဝမ်၊ နမ်ဂူယီ၊ ကမ်ယောအွတ်၊ ပက်ဆန်မွန်နဲ့ အင်ဟာယောင်တို့လည်းပါဝင်အားဖြည့်ထားတာမို့ သရုပ်ဆောင်အင်အားကောင်းကောင်းနဲ့ ရိုက်ကူးထားတာဖြစ်ပါတယ်။

အချစ်ရေး၊ အိမ်ထောင်ရေးနဲ့ သံယောဇဉ်တွေချည်နှောင်ထားတဲ့မိသားစုနှစ်စုရဲ့ စိတ်ဝင်စားဖွယ်အဖြစ်အပျက်တွေကို ဇာတ်လမ်းဖွဲ့ရိုက်ကူးထားတာဖြစ်ပါတယ်။ ဘဝကို ဘယ်သူ့အကူအညီမျှမယူဘဲ အောင်မြင်အောင်ကြိုးစားလိုတဲ့ လူငယ်တစ်ဦးရဲ့ ရုန်းကန်ကြိုးစားမှုတွေလည်း ဒီဇာတ်ကားမှာ ရိုက်ကူးတင်ပြထားပါတယ်။

တစ်ကြိမ်တစ်ခါမျှ တွဲပြီးသရုပ်မဆောင်ဖူးသေးတဲ့ရုပ်ရှင်မင်းသား ကင်ကန်ဝူးနဲ့ မင်းသမီးဂျိုယိုဂျန်တို့ကတော့ ဒီရုပ်မြင်သံကြားဇာတ်လမ်းတွဲမှာ အကောင်းဆုံးသရုပ်ဆောင်ထားတဲ့အကြောင်း မီဒီယာရှင်းလင်းပွဲမှာ သတင်းထောက်တွေကို ပြောပြခဲ့ပါတယ်။ (အင်တာနက်)

ဟောလီဝုဒ်ရုပ်ရှင်မင်းသမီး စကိုင်းလာဆမ်မြူလ် ရုပ်ရှင်ကားသစ်ရိုက်ကူးမည်

လော့စ်အိန်ဂျလိစ် ဇူလိုင် ၂

*ဟောလီဝုဒ် လူငယ်ရုပ်ရှင်မင်းသမီးစကိုင်းလာဆမ်မြူလ်(**ဝဲပုံ**)ဟာ ၂၀၁၂ခုနှစ်ဩဂုတ်လမှာ ရုပ်ရှင်ကားသစ်တစ်ကားရိုက်ကူးဖို့စီစဉ်နေပြီး ဇာတ်ကောင်စရိုက်နဲ့အံဝင်ခွင်ကျဖြစ်အောင် လေ့ကျင့်မှုတွေကို လော့စ်အိန်ဂျလိစ်မြို့မှာ ပြုလုပ်နေပြီဖြစ်ပါတယ်။*

အဲဒီရုပ်ရှင်ကားကို ယူနီဗာဆယ်ကုမ္ပဏီက ရိုက်ကူးမှာဖြစ်ပြီး ၂၀၁၂ခုနှစ်အတွက် ရုပ်ရှင်မင်းသမီးစကိုင်းလာဆမ်မြူလ်ရဲ့ပထမဆုံးရုပ်ရှင်ကားဖြစ်ပါတယ်။ The Blue Star လို့ အမည်ပေးထားတဲ့ အဲဒီဇာတ်ကားမှာ အသက် ၁၈နှစ် အရွယ်သာရှိသေးတဲ့ စကိုင်းလာဆမ်မြူလ်က ခေါင်းဆောင်မင်းသမီးအဖြစ်ပါဝင်သရုပ်ဆောင်ရမှာဖြစ်ပါတယ်။ ၂၀၁၁ခုနှစ်က ပြသခဲ့တဲ့ The Nine Live of Chole King ဇာတ်ကားမှာ ရုပ်ရှင်မင်းသမီး စကိုင်းလာဆမ်မြူလ်ရဲ့ သရုပ်ဆောင်မှုတွေကို ပရိသတ်တွေ အားပေးခဲ့တာမို့ အောင်မြင်မှုရရှိခဲ့ပါတယ်။ ဒီဇာတ်ကားမှာကိုးလ်ကင်းအမည်ရှိတဲ့ အမျိုးသမီးတစ်ဦးရဲ့ ဆန်းကြယ်တဲ့ဖြစ်ရပ်တွေအပေါ်အခြေခံပြီး ရိုက်ကူးထားတဲ့ အက်ရှင်ကားဖြစ်ပါတယ်။ ဒ့ါအပြင်ရုပ်ရှင်မင်းသမီး စကိုင်းလာဆမ်မြူလ်ရဲ့ The Gatesဇာတ်ကားဟာလည်း လူကြိုက်များတဲ့ရုပ်ရှင်ကားဖြစ်ခဲ့တာမို့ဒီဇာတ်ကားရဲ့စီးရီးဖြစ်တဲ့ The Gates-2ဇာတ်ကားသစ်ကိုလည်း ၂၀၁၂ခုနှစ်ကုန်ပိုင်းမှာ စတင်ရိုက်ကူးဖို့စီစဉ်နေပါတယ်။

*ဟောလီဝုဒ်ရဲ့ဆယ်ကျော်သက်ရုပ်ရှင်မင်းသမီးတွေထဲမှာတော့ ပဥ္စမမြောက်အောင်မြင်မှုအရှိဆုံး ရုပ်ရှင်မင်းသမီးဖြစ်ပါတယ်။ ၂၀၀၄ခုနှစ်ကစတင်ပြီး ရုပ်ရှင်လောကကို ဝင်ရောက်လာတဲ့ ရုပ်ရှင်မင်းသမီး စကိုင်းလာဆမ်မြူလ်ဟာ ပထမဆုံးရိုက်ကူးခဲ့တဲ့ Drake & Josh ဇာတ်ကားနဲ့ ပရိသတ်တွေ တစ်ခဲနက်အားပေးခြင်းခံခဲ့ရတဲ့ ရုပ်ရှင်မင်းသမီးဖြစ်ခဲ့တာမို့ အောင်မြင်မှုတွေဆက်တိုက်ရရှိနေတာပဲဖြစ်ပါတယ်။ **(အင်တာနက်)***

မြင့်မောင်စိုး – စုစည်းသည်

ကမ္ဘာ့ချန်ပီယံဂျပန်အမျိုးသမီးဘောလုံးအသင်း လန်ဒန်အိုလံပစ်တွင် ပါဝင်ယှဉ်ပြိုင်မည်

တိုကျို ဇူလိုင် ၂

ကမ္ဘာ့ချန်ပီယံ ဂျပန်အမျိုးသမီးဘောလုံးအသင်းသည် ၂၀၁၂ လန်ဒန်အိုလံပစ်အားကစားပြိုင်ပွဲအတွက် လေ့ကျင့်မှုများပြုလုပ်နေပြီဖြစ်ကြောင်း ဇူလိုင် ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂျပန် အမျိုးသမီးဘောလုံးအသင်း (**အပေါ်ပုံ**)၌ ပြီးခဲ့သည့်နှစ်က ကမ္ဘာ့ဖလာ ပြိုင်ပွဲတွင် ပါဝင်ကစားခဲ့သည့် အမျိုးသမီးဘောလုံးသမားအားလုံး ပါဝင်မည်ဖြစ်သည်။ ယင်းတို့အနက် ဂျပန်အသင်းတွင် ဟိုမာရီဆာဝါလည်း ပါဝင်ကြောင်း ဂျပန်အမျိုးသမီးဘောလုံးအသင်းက ဇူလိုင် ၂ ရက်တွင် ကြေညာသည်။

ယခုလတွင် ကစားမည့် လန်ဒန်အိုလံပစ်အားကစားပြိုင်ပွဲသည် အသက် ၃၃ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဆာဝါအတွက် စတုတ္ထအကြိမ်မြောက် အိုလံပစ်ပြိုင်ပွဲဖြစ်သည်။ ဆာဝါသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ငါးကြိမ်တိုင် ကစားခဲ့သူဖြစ်သည်။ ဂျာမနီနိုင်ငံ၌ ယမန်နှစ်က ကျင်းပသော အမျိုးသမီး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဂျပန်အမျိုးသမီးအသင်းသည် အမေရိကန် အမျိုးသမီးဘောလုံးအသင်းကို ပယ်နယ်တီဖြင့် အနိုင်ရပြီး ဖိုလ်စွဲခဲ့ခြင်းဖြစ်သည်။

၂၀၁၂ လန်ဒန်အိုလံပစ် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ဂျပန်အမျိုးသမီးဘောလုံးအသင်း၌ ကွင်းလယ်ကစားသမား မီယာမာနှင့် နောက်တန်းကစားသမား ဘမ်းအီယာရှိမီဇူတို့လည်း ပါဝင်ကစားကြမည်ဖြစ်သည်။

ဂျပန်အမျိုးသမီး ဘောလုံးအသင်းသည် လက်ရှိခြေစွမ်းအရ ချန်ပီယံဖြစ်ရန် ရေပန်းအစားဆုံး အသင်းတစ်သင်းဖြစ်သည်။ (အင်တာနက်)

ကမ္ဘာကျော်ဂေါက်သီးကစားသမား တိုက်ဂါးဝုဒ် (၇၄) လုံးမြောက် ပီဂျီအေဖလားဆွတ်ခူး

မာရီလန်း ဇူလိုင် ၂

ကမ္ဘာကျော်ဂေါက်သီးကစားသမား တိုက်ဂါးဝုဒ်သည် အမေရိကန်နိုင်ငံ မေရီလန်းပြည်နယ်၌ ဇူလိုင် ၂ ရက်ကကျင်းပသော AT & T National ပီဂျီအေတိုးဂေါက်သီးရိုက်ပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျှော့ရိုက်ပြီး ဖလားဆွတ်ခူးရရှိခဲ့သည်။ (**ယာပုံ**)

ကမ္ဘာ့နံပါတ်တစ် ဂေါက်သီးကစားသမားဟောင်း တိုက်ဂါးဝုဒ်သည် နောက်ဆုံးနေ့ဖြစ်သည့် ဇူလိုင် ၂ ရက်နေ့က ယှဉ်ပြိုင်သည့်ပွဲတွင် ၆၉ ချက်သာရိုက်ခဲ့သည်။ ၄င်းသည် တစ်နိုင်ငံတည်းသား ဂေါက်သီးကစားသမား ဘိုဗန်ပက်တ်ထက် နှစ်ချက် အသာရိုက်နိုင်သည်။ ဘိုဗန်ပက်တ်သည် စုစုပေါင်းလျှော့ရိုက်ချက် ခြောက်ချက်အထိသာ ရိုက်နိုင်ခဲ့သည်။ တိုက်ဂါးဝုဒ်သည် ရှစ်ချက်လျှော့ရိုက်နိုင်ခဲ့သဖြင့် ဘိုဗန်ပက်တ်ထက် နှစ်ချက်အသာရရှိခဲ့သည်။

တိုက်ဂါးဝုဒ်၏ အဆိုပါဆုဖလားသည် အမေရိကန်တိုးပြိုင်ပွဲတွင် (၇၄) လုံးမြောက်ဖလားဖြစ်သည်။ ၄င်းဖလားသည် တိုက်ဂါးဝုဒ်၏ ယခုနှစ်အတွင်း ဆွတ်ခူးခဲ့သည့်သုံးလုံးမြောက် ဆုဖလားလည်းဖြစ်သည်။ အသက် ၃၆ နှစ်ရှိ တိုက်ဂါးဝုဒ်သည် အမေရိကန်တိုးဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဖလား ၇၄ လုံးအထိ ဆွတ်ခူးထားပြီးဖြစ်သဖြင့် တစ်ချိန်က အမေရိကန်တိုးတွင် ဖလားအများဆုံး ၈၂ လုံးအထိ ဆွတ်ခူးခဲ့သည့် ဆမ်စနိတ်ကိုကျော်ဖြတ်ရန် နီးကပ်လာပြီဖြစ်သည်။ (အင်တာနက်)

ဂျမေကာ မီတာ ၂၀၀ ပြေးပွဲ ယိုဟာမ်းဘလိတ် အမြန်ဆုံးစံချိန်တင်



ဂျမေကာ ဇူလိုင် ၂

*ဂျမေကာနိုင်ငံ၌ ဇူလိုင် ၂ ရက်က ၂၀၁၂ လန်ဒန်အိုလံပစ်ပြိုင်ပွဲအတွက် လူရွေးပွဲများကျင်းပလျက်ရှိရာ အမျိုးသား မီတာ ၂၀၀ ပြေးပွဲတွင် ယိုဟာမ်းဘလိတ်က ကမ္ဘာ့ချန်ပီယံ အူစိန်ဘော့ကို ကျော်ဖြတ်ပြီး ပန်းဝင်ဗိုလ်စွဲခဲ့သည်။ ၄င်းသည် အူစိန်ဘော့ထက် ၀ ဒသမ ၀၃ စက္ကန့်စောပြီး ပန်းဝင်ခဲ့သည်။ အူစိန်ဘော့သည် ယင်းမီတာ ၂၀၀ ပြိုင်ပွဲ ဗိုလ်လုပွဲတွင် စံချိန် ၁၉ ဒသမ ၈၀ စက္ကန့်ဖြင့် ပန်းဝင်ခဲ့ခြင်း ဖြစ်သည်။ အသက် ၂၂ နှစ်ရှိ ယိုဟာမ်းဘလိတ် (**ဝဲပုံ**)သည် မီတာ ၂၀၀ အကြိုဗိုလ်လုပွဲတွင်လည်း အူစိန်ဘော့ကို ကျော်ဖြတ်ပြီး ပန်းဝင်ခဲ့သည်။ ၄င်းသည် အကြိုဗိုလ်လုပွဲ၌ ၁၉ ဒသမ ၉၃ စက္ကန့်ဖြင့် ပန်းဝင်အောင်ပြေးနိုင်ချိန်တွင် အူစိန်ဘော့က ၂၀ ဒသမ ၂၆ စက္ကန့်ဖြင့်သာ ပန်းဝင်ခဲ့သည်။ ၄င်းတို့နှစ်ဦးသည် အဆိုပါ မီတာ ၂၀၀ ပြေးပွဲတွင် ကမ္ဘာ့အမြန်ဆုံးစံချိန်များ တင်ထားကြသည်။ လာမည့် လန်ဒန်အိုလံပစ်အတွက် ဆုများဆွတ်ခူးရန် ရေပန်းစားလျက်ရှိသည်။ အူစိန်ဘော့သည် ယင်းလူရွေးပွဲတွင် ရှုံးနိမ့်ခဲ့သော်လည်း လာမည့်အိုလံပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုများ ဆွတ်ခူးနိုင်လိမ့်မည်ဟု ယုံကြည်မိကြောင်း အူစိန်ဘော့၏နည်းပြ ဂလင်းမေးလ်က ပြောကြားသည်။ ၂၀၁၂ လန်ဒန်အိုလံပစ်အားကစားပြိုင်ပွဲများကို ဇူလိုင် ၂၇ ရက်တွင် စတင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ ဂျမေကာအမျိုးသမီး မီတာ ၂၀၀ လူရွေးပွဲတွင် ရှယ်လီအန်းဖရာဆာပရိုင်းဆေးတာက စံချိန် ၂၂ ဒသမ ၁၀ စက္ကန့်ဖြင့် အကောင်းဆုံးစံချိန်တင်ထားသည်။ **(အင်တာနက်)***

တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်ခဲ့သူများအား

ပညာရည်ချွန်ဆုချီးမြှင့်ပွဲ မွန်ပြည်နယ်၌ကျင်းပ

နေပြည်တော် ဇူလိုင် ၂

၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ မွန်ပြည်နယ်မှ ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံး အခြေခံကျောင်းများနှင့် မြို့နယ်များအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၁ ရက် နံနက် ၉ နာရီတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့် ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ပညာရေးမှူးများ၊ ပြည်နယ်အတွင်းရှိ အခြေခံကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် မိဘများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ၂၀၀၉ ခုနှစ်မှ ၂၀၁၂ခုနှစ်အထိ တက္ကသိုလ်ဝင်စာမေးပွဲများတွင် မြန်မာတစ်နိုင်ငံလုံး လေးနှစ်ဆက်တိုက် ပထမဆုရရှိအောင် ဆောင်ရွက်ခဲ့သည့် မွန်ပြည်နယ် ပညာရေးမှူးရုံး၊ မော်လမြိုင်တက္ကသိုလ်တို့နှင့် ခြောက်ဘာသာဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၁၃ ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်အတွင်း အောင်ချက်အကောင်းဆုံးမြို့နယ် သုံးမြို့နယ်နှင့် သိပ္ပံတွဲ၊ ဝိဇ္ဇာတွဲဘာသာရပ်များတွင် အမှတ်အများဆုံးရ ကျောင်းသူ သုံးဦးအားလည်းကောင်း၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဌေးမြင့်အောင်တို့က ငါးဘာသာဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား လည်းကောင်း၊ ပြည်နယ်ဝန်ကြီးများနှင့် အတွင်းရေးမှူးတို့က လေးဘာသာဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်နယ်အဆင့်တာဝန်ရှိသူများက အထူးဆုရရှိသည့် မြို့နယ် ခုနစ်မြို့နယ်၊ အထူးဆုရရှိသည့် ကျောင်းခုနစ်ကျောင်း၊ ဘာသာစုံဂုဏ်ထူးရရှိအောင် သင်ကြားပေးခဲ့ကြသည့် ဆရာ ဆရာမများ၊ ကျောင်းသား ၁၀၀ နှင့်အထက် ဖြေဆိုပြီး ၅၀ ရာခိုင်နှုန်းအထက် အောင်မြင်သည့် ကျောင်းများနှင့် ကျောင်းသား ၅၀ နှင့်အထက် ဖြေဆိုပြီး (၅၀ ရာခိုင်နှုန်း) အထက် အောင်မြင်သည့် ကျောင်းများ၊ ကျောင်းသား ၅၀အောက် ဖြေဆိုပြီး (၅၀ ရာခိုင်နှုန်း) အထက် အောင်မြင်သည့် ကျောင်းများ၊ အောင်ချက် အကောင်းဆုံး ခြောက်နှစ်ဆက်တိုက်ရ မုဒုံမြို့နယ်၊ ဒုတိယအောင်ချက်အကောင်းဆုံးခြောက်နှစ်ဆက်တိုက်ရ သံဖြူဇရပ်မြို့နယ်နှင့် တတိယ အောင်ချက်အကောင်းဆုံး သုံးနှစ်ဆက်တိုက်ရ မော်လမြိုင်မြို့နယ်တို့အား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ပြည်နယ်လူမှုရေးဝန်ကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

မွန်ပြည်နယ်အနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ ၂၀၀၉ ခုနှစ်တွင် ၄၂ ဒသမ ၅၀ ရာခိုင်နှုန်း၊ ၂၀၁၀ ခုနှစ်တွင် ၄၂ ဒသမ ၀၈ ရာခိုင်နှုန်း၊ ၂၀၁၁ ခုနှစ်တွင် ၄၃ ဒသမ ၃၃ ရာခိုင်နှုန်းဖြင့် အောင်ချက်ပထမရရှိသည့် ပြည်နယ်ဖြစ်ပြီး ယခု ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် ၁၃ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၂၆ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၇၉ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၆၈ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၃၀၈ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၁၃၈၁ ဦးရရှိခဲ့ကာ အောင်ချက် ၅၂ ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် မြန်မာတစ်နိုင်ငံလုံးအောင်ချက်အကောင်းဆုံး လေးနှစ်ဆက်တိုက် ပထမရရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

▲ *ကျောဖုံးမှ*

(သင်္ဂဟစက်ဘီးဆိုင်)တို့က ငွေကျပ်တစ်သိန်းစီ၊ ကွယ်လွန်သူ မိဘနှစ်ပါး ဦးမောင်မောင်-ဒေါ်မြမြ၊ ဗိုလ်ကြီး အောင်သန်းမြင့်၊ ကိုသူရဝင်းတို့အား ရည်စူး၍ ဒေါ်ခင်အေးမူ၊ ဗိုလ်ကြီး ဝင်းအောင်၊ ဒေါ်ဝင့်မူအောင်တို့နှင့် ဦးအေးလွင်ဦး-ဒေါ်နွဲ့နွဲ့ဝင်း မိသားစုတို့က ငွေကျပ်သုံးသိန်းစီ၊ ဦးကံညွန့်-ဒေါ်တင်ကြည်မိသားစုနှင့် ဦးစန်းကျော်လတ်-ဒေါ်မြတ်သွယ် မိသားစုတို့က ငွေကျပ်တစ်သိန်းစီ၊ ဦးခွန်အောင်အောင်-ဒေါ်နန်းခင်နန်းအေး မိသားစုက ငွေကျပ်နှစ်သိန်းနှင့် အဝတ်အထည် နှစ်ထုပ်၊ ဒေါ်သန်းသန်း၊ ဦးမောင်မောင်ဝင်း၊ ဒေါ်ဥမ္မာနွယ်မိသားစုက ငွေကျပ်တစ်သိန်း၊ဦးသူရအောင်-ဒေါ်ခိုင်ခိုင်ဌေး မိသားစုက အဝတ်အထည်တစ်ထုပ်၊ ဦးဝေဖြိုးထွဋ်-ဒေါ်အေးစန္ဒာဝင်း သားမြတ်ဟိန်းထွဋ် မိသားစုက အဝတ်အထည်တစ်ထုပ်၊ Tree Donation Group က ငွေကျပ် တစ်သိန်းနှင့် အဝတ်အထည်သုံးထုပ်၊ ဦးစိန်ဝင်းနှင့် အရန်မီးသတ်တပ်ခွဲမှူး ဦးစိန်မောင် (နွယ်အေးရပ်ကွက် ဒေါ်ပုံ)နှင့် ဦးအောင်နိုင်-ဒေါ်နွဲ့ရီ မိသားစုတို့က ငွေကျပ်ငါးသောင်းစီ၊ ဦးလှမြင့်မောင်-ဒေါ်စုစုတီ (ရတနာစုမောင်ရတနာရောင်းဝယ်ရေး)က ငွေကျပ်တစ်သိန်းနှင့် အဝတ်အထည်သုံးထုပ်၊ ဦးနာဒရ (သံတွဲကျောင်း)က အဝတ်အထည် တစ်ထုပ်၊ ဒေါ်မေစီနှင့်အဖွဲ့(ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ရုံး)က ငွေကျပ်နှစ်သောင်း၊ ဦးညွန့်မောင်-ဒေါ်သိန်း သားသမီးမြေးတစ်စုက ငွေကျပ်တစ်သိန်း နှစ်သောင်း၊ The`The`မိသားစုက အဝတ်အထည် လေးထုပ်၊ ဦးစိန်မောင်-ဒေါ်အေးလွင် မိသားစုက ငွေကျပ်တစ်သောင်း၊ ဒေါက်တာစိုးဝင်း-ဒေါက်တာ ညွန့်ညွန့်ဝေ မိသားစုက ငွေကျပ်တစ်သောင်းနှင့် အဝတ်အထည် နှစ်ထုပ်၊ ဦးဘဟိုး-ဒေါ်အမာခင်မိသားစုက ငွေကျပ်သုံးသောင်း၊ ဒေါ်သိန်းသိန်းဦး ဒုတိယ ညွှန်ကြားရေးမှူး(ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး)က အဝတ်အထည် နှစ်ထုပ်၊ ဦးထွေးလှိုင်-ဒေါ်ဥမ္မာမြင့် မိသားစုက အဝတ်အထည် သုံးထုပ်၊ ဦးမင်းဆွေမိသားစုက ငွေကျပ်တစ်သိန်းနှင့် အဝတ်အထည် တစ်ထုပ်၊ ဦးအောင်နိုင်ထွန်း-မဝတ်ရည်ဝင်းနှင့် ဒေါက်တာညီညီဝင်း-ဒေါက်တာလဲ့ရည်ဝင်းတို့က ငွေကျပ်သုံးသောင်းစီ၊ မောင်ဝင်းထက်က ငွေကျပ်တစ်သောင်း၊ ဒေါက်တာဒေါ်အေးလဲ့လဲ့ဝင်းက အဝတ်အထည် လေးထုပ်တို့ကို ပေးအပ်လှူဒါန်းကြရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ယနေ့အထိ အလှူငွေရရှိမှုမှာ ငွေ ၂၁၅၆၉၀၂၉၆ ကျပ် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြည်ပသို့ ရေထွက်ပစ္စည်းတင်ပို့ရောင်းချခဲ့ရာ ယခင်နှစ် သုံးလထက် ဝင်ငွေပိုမိုရရှိ

ရန်ကုန် ဇူလိုင် ၂

ရေထွက်ပစ္စည်းများကို ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှ ဇွန် ၂၄ ရက်အထိ သုံးလခန့်ကာလအတွင်း သတ်မှတ်လမ်းကြောင်းအသီးသီးမှ ပြည်ပသို့ တင်ပို့ရောင်းချခဲ့ရာ လေကြောင်းမှ အမေရိကန်ဒေါ်လာ ၇၄ ဒသမ ၈၇၆ သန်း၊ မူဆယ်မှ ၁၄ ဒသမ ၉၆၇ သန်း၊ မြဝတီမှ ၂ ဒသမ ၄၃၁ သန်း၊ ကော့သောင်းမှ ၅ ဒသမ ၇၁၀ သန်း၊ စစ်တွေမှ ၀ ဒသမ ၆၅၃ သန်း၊ မြိတ်မှ ၂၅ ဒသမ ၁၅၄ သန်း၊ မောင်တောမှ ၁ ဒသမ ၂၀၆ သန်း၊ တမူးမှ ၀ ဒသမ ၀၀၄ သန်း တင်ပို့ရောင်းချနိုင်ခဲ့ပြီး ကော့သောင်းနှင့် မြိတ်ကုန်သွယ်ရေးစခန်းများမှ သတ်မှတ်ကာလ လျာထားချက်ထက် ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့သည်။

ထို့အတူ အဆိုပါကာလအတွင်း ကဏန်း အမေရိကန်ဒေါ်လာ ၈ ဒသမ ၈၆၅ သန်း၊ ငါးရှဉ့် ၄ ဒသမ ၈၅၀ သန်းနှင့် မွေးမြူရေးငါး(ရေချို) ၂၃ ဒသမ ၀၅၅ သန်းဖိုး တင်ပို့ရောင်းချနိုင်ခဲ့သည်။

ယခင်နှစ် ၂၀၁၁ ခုနှစ် ဧပြီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ သုံးလတာကာလအတွင်း ရေထွက်ပစ္စည်း အမေရိကန်ဒေါ်လာ ၁၁၂ ဒသမ ၄၀၄ သန်းဖိုးသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ်တွင် ဧပြီ ၁ ရက်မှ ဇွန် ၂၄ ရက်အထိ အမေရိကန် ဒေါ်လာ ၁၂၅ ဒသမ ၀၀၁ သန်းဖိုး တင်ပို့ရောင်းချနိုင်ခဲ့သဖြင့် ယခင်နှစ် သုံးလကာလထက် အမေရိကန်ဒေါ်လာ ၁၂ သန်းခွဲကျော် ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရှိရသည်။ **(ညွန့်သန်း)**

ကြည့်ရှုအားပေး

ဇွန် ၃၀ ရက်က ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၁၀)ရပ်ကွက်တွင် စနေနေ့တိုင်း ရပ်ကွက်အတွင်းရှိ လူမှုရေးအဖွဲ့များ သွေးလှူတပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းဆောင်ရွက်ရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ချက်များကို ကြည့်ရှုအားပေးစဉ်။ (၁၂၂)

ဆောင်ရွက်ပေး

ဇွန် ၃၀ ရက်က သန်လျင်မြို့နယ် အုတ်ဖိုစုရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အဆင့်(၃) စီမံချက်ဖြင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကျော်မင်း၊ ရန်ကုန်တောင်ပိုင်းခရိုင်ရုံးမှ ဒုတိယခရိုင် ဦးစီးဌာနမှူး ဦးမြဝင်းအောင်တို့ နိုင်ငံသားစိစစ်ရေး ကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများ ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်လဝက)

မြန်မာ့အလင်း **ပြည်တွင်းအားကစား ပြည်တွင်းအားကစား**

အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် မြားပစ်ဆုပေးပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂

၂၀၁၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် မြားပစ်ပြိုင်ပွဲ ဆုပေးပွဲကို ဇွန် ၃၀ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ကျိုက္ကဆံမြားပစ်ကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ လူသစ်တန်း Recurve အမျိုးသမီးတစ်ဦးချင်း၊ အမျိုးသားတစ်ဦးချင်း ရှုံး/ ထွက်ပြိုင်ပွဲတွင် ဆုရရှိသော အားကစားသမားများအား တာဝန်ရှိသူများက ဆုချီးမြှင့်ပြီး Recurve အမျိုးသားတစ်ဦးချင်းရှုံး/ထွက်ပြိုင်ပွဲတွင် ဆုရရှိသော အားကစားသမားများအား မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဖြိုးကိုကိုတင့်ဆန်းက ဆုများချီးမြှင့်သည်။ **(ယာပုံ)**

ဆက်လက်၍ Recurve အမျိုးသမီးတစ်ဦးချင်း၊ Compound အမျိုးသမီးတစ်ဦးချင်း၊ အမျိုးသားတစ်ဦးချင်း ရှုံး/ထွက်ပြိုင်ပွဲတွင် ဆုရရှိသော အားကစားသမားများအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအဖွဲ့ဝင် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်ခင်ဆွေမြင့်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်တို့က ဆုများချီးမြှင့်ပြီး Recurve အတိုးတက်ဆုံး အမျိုးသမီးအားကစားသမား ဆုရရှိသော မသန္တာစိုးနှင့် အမျိုးသား မောင်ဝေယံဇော်အား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအဖွဲ့ဝင် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

အာရှလူငယ်နှင့် အငယ်တန်းအလေးမပြိုင်ပွဲအတွက် ပဏာမလူရွေးပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂

အာရှအလေးမအဖွဲ့ချုပ်ကကြီးမှူး၍ အာရှလူငယ်နှင့်အငယ်တန်းအလေးမ တံခွန်စိုက်ပြိုင်ပွဲကို နိုဝင်ဘာ ၅ ရက်မှ ၁၂ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံက ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ပဏာမလက်ရွေးစင်ရွေးချယ်ရေး အလေးမပြိုင်ပွဲကို ဇူလိုင် ၁၄ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အလေးမပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် အသက် ၂၅ နှစ်အောက် အားကစားသမားများဖြစ်ရမည်ဖြစ်ပြီး အမျိုးသားအလေးမပြိုင်ပွဲတွင် ၅၆ ကီလိုတန်း၌ ၁၄၅ ကီလို၊ ၆၂ ကီလိုတန်း၌ ၁၆၅ ကီလို၊ ၆၉ ကီလိုတန်း၌ ကီလို ၁၈၀၊ ၇၇ ကီလိုတန်း၌ ကီလို ၂၀၀၊ ကီလို ၈၅ တန်း၌ ကီလို ၂၂၀ ၊ ၉၄ ကီလိုတန်း၊ ၁၀၅ ကီလိုတန်းနှင့်(+၁၀၅)ကီလိုတန်းတို့၌ ၂၃၅ ကီလိုစီကို ရရှိပြီးသူများနှင့် အမျိုးသမီးအလေးမပြိုင်ပွဲတွင် ၄၈ ကီလိုတန်း၌ ၁၀၇ ကီလို၊ ၅၃ ကီလိုတန်း၌ ကီလို ၁၂၀၊ ၅၈ ကီလိုတန်း၌ ၁၃၂ ကီလို၊ ၆၃ ကီလိုတန်း၌ ၁၄၅ ကီလို၊ ၆၉ ကီလိုတန်း၌ ၁၅၇ ကီလို၊ ၇၅ ကီလိုတန်း၌ ၁၆၅ ကီလိုနှင့် (+၇၅)ကီလိုတန်း၌ ၁၇၇ ကီလိုတို့ကို ရရှိပြီးသူများဖြစ်ရမည်။ ရွေးချယ်ခြင်းခံရသူများအား မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်တွင် ဘူဂေးရီးယားအလေးမနည်းပြနှင့်လေ့ကျင့်ပေးမည်ဖြစ်၍ အဖွဲ့ချုပ်၌ စခန်းဝင်လေ့ကျင့်နိုင်သူဖြစ်ရမည်။

ပြိုင်ပွဲဝင်လိုသူများသည် ဇူလိုင် ၁၀ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဖုန်း-၀၁-၃၈၈၁၆၀ သို့ အမည်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မေကလျာတို့ ဖူးပွင့်ချိန် (တေးထပ်)

* တို့မြန်မာ အမျိုးသမီး
ဂုဏ်ကြီးသည့် စဉ်လာ
ထုံမွှမ်းဘိ မြင်ရသူမှာ
ဘဝင်ဆူဆွဲအား။

* ပုခက်လွှဲခန်းတမာ
ကမ္ဘာကို လွှမ်းခြုံစို့လား။

* ရှာဖွေလှစ် သစ်အလီလီ
ခေတ်မီမီအများ။

* ရှေ့သို့ချီစွဲမာန်ပွားလို့
မြဲမြန်အားခါခါ။

* ခုကာလ သီရိလှကညာ
ဟီရိဩတပ္ပရှက်ကြောက်စရာ။

* အသက်လောက်ဆင်ခြင်ပါ
ဝတ်စားဆင်ယင်ကာ မြန်မာမှုကိုလ
စံပြုကြထွေးနှမကြိမ်ကြိမ်
အေးမြတည်ငြိမ်။

* မေကလျာတို့ ဖူးပွင့်ချိန်
ထူးတင့်ဂုဏ်ရှိန်မြင့်မားပြီကွဲ့လေး။ ။

ဝင်းမြအေး

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တမူးမြို့၌ ကျင်းပ

တမူး ဇူလိုင် ၂

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန၊ တမူးခရိုင် မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာတို့မှ ဦးစီးလျက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို တမူးမြို့ အမက(၄) ကျောင်းဝင်း၌ ဇွန် ၃၀ ရက် နံနက် ၇ နာရီက ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တမူးခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းသိန်းနှင့် ဝန်ထမ်းများ၊ မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ပျဉ်းကတိုးအပင် ၃၀၀၊ မျောက်ငို အပင် ၂၅၀၊ ကျွန်းအပင် ၅၀၊ မဟော်ဂနီအပင် ၂၀ စုစုပေါင်းအပင် ၆၂၀ ကို စိုက်ပျိုးကြကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ဆေးပညာသတင်းဆန်းများ(၂၆)

ဒေါက်တာ ကံညွန့်

ယခုအပတ်ဆေးပညာသတင်းဆန်းများ တင်ပြခြင်းကိုတော့ အဝလွန်ပြဿနာရဲ့ နောက်ဆက်တွဲသတင်းတွေနဲ့ စပါမယ်။ အမေရိကန်နိုင်ငံမှာ အဝလွန်ပြဿနာဟာ ထင်တာထက်ပိုဆိုးနေပါတယ်တဲ့။ (Body Mass Index) BMI လို့ခေါ်တဲ့ အဝလွန်တိုင်းစံနှုန်း ၃၀ နှင့် ၃၀ ထက်ပိုသူတွေကို အဝလွန်သူလို့ သတ်မှတ်တာဟာ လျှော့နည်းနေပြီး ဒီစံနှုန်းနဲ့တွက်ရင် အမေရိကန်က လူ ၃၀ ရာခိုင်နှုန်းလောက်ဟာ အဝလွန်သူစာရင်းမှာ မပါနိုင်ဖြစ်နေပါတယ်။ ဒါဟာ အမေရိကန်နိုင်ငံ US Centre of Disease Control ဌာနက ထုတ်ဝေတဲ့ ဂျာနယ်တစ်စောင်မှာ ဖော်ပြထားတာဖြစ်ပါတယ်။ ယင်းဂျာနယ်မှာပဲ အမေရိကန်နိုင်ငံက လူသုံးယောက်မှာ တစ်ယောက်ဟာ အဝလွန်နေပြီး အဝလွန်မှုကို တိုင်းတာရာမှာ လူတစ်ယောက်ရဲ့ အဆီဓာတ် Fat ပါဝင်မှုရာနှုန်းနှင့်သာ တိုင်းတာသင့်ကြောင်း ယောကျ်ားတစ်ယောက်အတွက် အဆီဓာတ် ၂၅ ရာခိုင်နှုန်းနှင့် အမျိုးသမီးတစ်ဦးအတွက် ၃၀ ရာခိုင်နှုန်းထက်ပိုရှိနေရင် အဝလွန်ဟု သတ်မှတ်သင့်ကြောင်း ယင်းသုတေသနစာတမ်းကို ပြုစုခဲ့သူတစ်ဦးဖြစ်တဲ့ Dr. Eric Braverman ဆိုသူက ပြောလိုက်ကြောင်း တင်ပြလိုက်ရပါတယ်။

နောက်အဝလွန်ပြဿနာနှင့် ပတ်သက်တဲ့သတင်းကတော့ ယခုအခါ ဂျပန်နိုင်ငံကထုတ်လုပ်ပြီး ဈေးကွက်ထဲရောင်းချနေတဲ့ Japan Rapid Weight Loss Diet Pill ခေါ် စားဆေးတစ်မျိုးဟာ ကင်ဆာနှင့် နှလုံးရောဂါ၊ သွေးတိုးရောဂါတို့ကို ဖြစ်ပွားစေနိုင်ကြောင်း အမေရိကန်နိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဌာန (US Food and Drug Administration) ဌာနက သတိပေးချက်ထုတ်ပြန်ထားပါတယ်။ ၎င်းဆေးကို အစိမ်းရောင်၊ အဝါရောင်၊ အပြာရောင်နှင့် Xiushentang Company က ထုတ်ဝေထားတာဖြစ်ပြီး Amazon ကုမ္ပဏီက ဖြန့်ဝေရောင်းချနေတာဖြစ်ပါတယ်။

အဲဒီဆေးအစိမ်းရောင်မှာပါဝင်တဲ့ Phenolphthalein ဓာတ်ဟာ DNA ကို mutation လုပ်ပြီး ကင်ဆာရောဂါဖြစ်စေနိုင်ပါတယ်။ အဝါရောင်ဆေးမှာပါဝင်တဲ့ နောက်ဓာတုပစ္စည်းတစ်ခုဖြစ်တဲ့ Sibutramine ဆေးဟာလည်း သွေးတိုးရောဂါ၊ နှလုံးခုန်မြန်ရောဂါတို့ကို ဖြစ်စေပြီး နှလုံးရောဂါ၊ သွေးကြောကျဉ်းရောဂါအခံရှိသူတွေမှာ အသက်အန္တရာယ်စိုးရိမ်စရာကြောင့် ၂၀၁၀ ခုနှစ်ကပဲ အသုံးမပြုဖို့တားမြစ်ထားတဲ့ ဆေးတစ်ခုဖြစ်ကြောင်း အသိပေးတင်ပြလိုက်ရပါတယ်။

နောက်တစ်ပုဒ်ကလည်း အဝလွန်ပြဿနာပါပဲ။ ကလေးအရွယ်က အဝလွန်နေသူတွေဟာ အသက်ကြီးလာရင် အသည်းကင်ဆာဖြစ်နိုင်ခြေပိုများတယ်ဆိုတဲ့ သတင်းပါ။ ဒိန်းမတ်နိုင်ငံက အဝလွန်သူယောကျ်ားလေး ၁၆၅၀၀၀ နှင့် မိန်းကလေး ၁၆၀၀၀၀ ကို ၁၉၃၀ ခုနှစ်ကနေ ၁၉၈၉ ခုနှစ်အထိ လေ့လာကြည့်တဲ့အခါ အဲဒီထဲက ၂၅၂ ယောက်ဟာ Hepatocellular Cancer ခေါ်တဲ့ အသည်းကင်ဆာဖြစ်တာတွေ့ရှိရတယ်လို့ ဆိုပါတယ်။ ဒီလေ့လာချက်စာတမ်းကို စပိန်နိုင်ငံ ဘာစီလိုနာမြို့မှာကျင်းပတဲ့ နိုင်ငံတကာ အသည်းရောဂါညီလာခံမှာ တင်သွင်းခဲ့တာ ဖြစ်ပါတယ်။

လေ့လာချက်အရ အသက် ခုနစ်နှစ်မှာ BMI နှုန်း တစ်တိုးတိုင်း ကင်ဆာဖြစ်နိုင်ခြေ ၁၂ ရာခိုင်နှုန်းတိုးပြီး အသက် ၁၃ နှစ်မှာ ၂၅ ရာခိုင်နှုန်း တိုးနိုင်တယ်လို့ ဆိုပါတယ်။ ဒီအသည်းကင်ဆာဖြစ်နိုင်တဲ့ တခြားအကြောင်းတွေကတော့ ဘီပိုး၊ စီပိုးကြောင့် အသည်းရောင်အသားဝါဖြစ်ခြင်း၊ အရက်သေစာသောက်သုံးခြင်းကြောင့်လို့ သိရပါတယ်။ ကလေးသူငယ်အဝလွန်ခြင်းဟာ အသက်ကြီးလာတဲ့အခါ အများအားဖြင့် ဆီးချိုရောဂါ၊ နှလုံးရောဂါတွေကိုသာ ဖြစ်ပေါ်နိုင်တာလို့ အများသိထားကြတာဖြစ်ပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ကိုယ်ဝန်ဆောင်မိခင်တွေရဲ့ လမစေ့ဘဲ မွေးဖွားတာကို တစ်နည်းတစ်ဖုံ ကာကွယ်နိုင်တယ်ဆိုတဲ့အကြောင်းပါ။ ကမ္ဘာတစ်လွှား ကလေးသူငယ်ပေါင်း ၁၃ သန်းခန့်က လမစေ့ဘဲ မွေးဖွားနေရတယ်လို့ ဆိုပါတယ်။ ဒီလိုဖြစ်ရတဲ့အကြောင်းရင်းတွေထဲက တစ်ခုကတော့ သားအိမ်ခေါင်းတိုနေခြင်းကြောင့်လို့ ဆိုပါတယ်။ အမျိုးသမီးတစ်ဦးရဲ့ သားအိမ်ခေါင်း (Cervix of the uterus) က 25 mm (၂၅ မီလီမီတာ) ထက် တိုနေရင် ဒီလိုမွေးဖို့ အခွင့်အလမ်း ပိုများတယ်လို့ ဆိုပါတယ်။ ဒီအကြောင်းကို စပိန်နိုင်ငံ ဆရာဝန်တစ်စုက လေ့လာခဲ့ကြတာဖြစ်ပြီး Lancet ဆေးပညာဂျာနယ်မှာ ဖော်ပြထားတာဖြစ်ပါတယ်။ ယင်းတို့ရဲ့ လေ့လာချက်အရ သားအိမ်ခေါင်းကို ကိုယ်ဝန် ၁၈ ပတ်နှင့် ၂၂ ပတ်ကြားမှာ Ultrasound နဲ့ တိုင်းတာခဲ့တာလို့ ဆိုပါတယ်။ သူတို့ဟာ ကိုယ်ဝန်ဆောင် ၁၁၈၇၅ ဦးကို လေ့လာကြည့်တဲ့အခါ ၇၂၆ ဦးမှာ သားအိမ်ခေါင်းတိုနေတာကို တွေ့ရတယ်လို့ ဆိုပါတယ်။ ယင်းအထဲက တစ်ဝက်ကို သားအိမ်မှာ Silicon Ring ကလေးကိုစွပ်ပေးပြီး တစ်ဝက်ကိုတော့ မစွပ်ဘဲထားခဲ့ပါတယ်။ Ring စွပ်မထားတဲ့ အုပ်စုမှာ ၂၇ ရာခိုင်နှုန်း လမစေ့ဘဲမွေးခဲ့ပြီး Ring စွပ်ထားတဲ့အုပ်စုမှာတော့ ခြောက်ရာခိုင်နှုန်းသာ လမစေ့ဘဲ မွေးခဲ့တာလို့ ဆိုပါတယ်။ ဒါကြောင့် သားအိမ်ခေါင်းတိုနေခြင်းကြောင့် လမစေ့ဘဲမွေးမယ့် အန္တရာယ်ကို သားအိမ်ထိပ်မှာ Silicon Ring စွပ်ပေးခြင်းဖြင့် အကုန်အကျသက်သာစွာ ကာကွယ်နိုင်တယ်လို့ သိရကြောင်းပါ ခင်ဗျာ။

နောက်သတင်းတစ်ပုဒ်ကတော့ အစာအိမ်ကင်ဆာရောဂါနဲ့ ပတ်သက်ပါတယ်။ အစာအိမ်ကင်ဆာ (Ca Stomach) ဟာ ကင်ဆာရောဂါထဲမှာ ဒုတိယမြောက် အသေအပျောက်ဆုံးရောဂါဖြစ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ အဆိုအရ တစ်နှစ်မှာ အစာအိမ်ကင်ဆာရောဂါကြောင့် လူခုနစ်သိန်းခန့် နှစ်စဉ်သေဆုံးနေရတယ်လို့ ဆိုပါတယ်။ အခုသတင်းဆန်းကတော့ အစာအိမ်ကင်ဆာကို ဖြစ်စေနိုင်တဲ့ Gene ကို ရှာတွေ့ခဲ့ပြီဆိုတဲ့ သတင်းပါ။ အမေရိကန်နိုင်ငံ Duke University Medical Centre နှင့် စင်ကာပူနိုင်ငံ National Cancer Centre of Singapore မှ ဆေးသုတေသနပညာရှင်တွေ စုပေါင်းတွေ့ရှိခဲ့တဲ့ လေ့လာချက်တစ်ခုမှာ ဖော်ပြထားပါတယ်။ ၎င်းတို့ဟာ အစာအိမ်ကင်ဆာနဲ့ ပတ်သက်ပြီး ယခင်ကမသိရှိသေးတဲ့ Gene ပေါင်း ၆၀၀ ကို တွေ့ရှိခဲ့ရပြီး ၎င်းတို့အထဲက FAT4 နှင့် ARIDIA ဆိုတဲ့ Gene နှစ်မျိုးက ပြောင်းလဲပြီး ပထမတစ်မျိုးက ငါးရာခိုင်နှုန်း၊ ဒုတိယတစ်မျိုးက ရှစ်ရာခိုင်နှုန်း အစာအိမ်ကင်ဆာကို ဖြစ်နိုင်တာတွေ့ရှိခဲ့ပြီလို့ ဆိုပါတယ်။ နောက်ဆက်ပြီး လေ့လာရဦးမှာဖြစ်ပေမယ့် ဒီ Gene တွေကို ရှာဖွေတွေ့ရှိတာဟာ ယင်းကင်ဆာကို ကုသရာမှာ အထူးအထောက်အကူပြုနိုင်မယ်ဆိုတာ သေချာတယ်လို့ ကြေညာထားကြောင်း တင်ပြလိုက်ရပါတယ်။

နောက်သတင်းတစ်ပုဒ်ကတော့ အမျိုးသမီးတွေအတွက် ကိုယ်ဝန်ယူတော့မယ်ဆိုရင် အသေအချာစီစဉ်ပြီး လုပ်ဆောင်နိုင်ရင် မွေးလာမယ့်ကလေးအတွက် မွေးရာပါချို့ယွင်းခြင်းတို့၊ ကလေးအသေမွေးတာတို့ဖြစ်လာဖို့ အခွင့်အလမ်းနည်းကြောင်း လေ့လာထားတဲ့ သတင်းတစ်ပုဒ်ပါ။ အမေရိကန်နိုင်ငံမှာ တစ်နှစ်တစ်နှစ် ကလေးပေါင်း တစ်သိန်းနှစ်သောင်းကျော် မွေးဖွားနေပြီး ဒီအထဲက ကလေး ၃၃ ယောက်မှာ တစ်ယောက်နှုန်းမွေးရာပါချို့ယွင်းချက်တစ်ခုခုကို တွေ့ရှိရတယ်လို့ ဆိုပါတယ်။ ဒီချို့ယွင်းချက်မှာ ရုပ်ရည်အားဖြင့် ချို့ယွင်းတာမျိုး(ဥပမာ ခြေပွား လက်ပွား ပါတာမျိုး) က ဒီလောက်အရေးမကြီးလှပေမယ့် ကိုယ်အင်္ဂါအစိတ်အပိုင်း ချို့ယွင်းပြီး မွေးလာရင်တော့ (ဥပမာ ဦးနှောက်၊ နှလုံး) လူစဉ်မမီတဲ့ကလေးတွေ ဖြစ်လာပြီး တစ်သက်လုံး မိဘတွေရဲ့ ဝန်ထုပ်ဝန်ပိုးသဖွယ်ဖြစ်လာနိုင်တယ်လို့ ဆိုပါတယ်။ ဒါကြောင့် ကလေးမွေးမယ့် မိခင်လောင်းတိုင်းဟာ မိမိမှာရှိတဲ့ ရောဂါ၊ မိမိစားနေရတဲ့ဆေးတွေကို သက်ဆိုင်ရာဆရာဝန်ကြီးတွေနဲ့ ကြိုတင်ဆွေးနွေးပြီး ကိုယ်ဝန်ဆောင်ချိန်မှာ ဘယ်လိုနေထိုင်ရမယ်ဆိုတာ အကြံဉာဏ်ယူသင့်ကြောင်း တင်ပြထားပါတယ်။

နောက်ပြီး သတင်းတစ်ပုဒ်ကလည်း ကိုယ်ဝန်နဲ့ပဲ ပတ်သက်ပါတယ်။ ကလေးမွေးရာမှာ သာမန်ရိုးရိုးကိုယ်ဝန်ဆောင်မွေးတာထက် ရိုးရိုးကိုယ်ဝန်ရဖို့ခဲယဉ်းသူတွေမှာ သားဥတို့ အပြင်မှာ မျိုးစပ်ယူပြီးမှ သားအိမ်ထဲထည့်တဲ့နည်း Invitro Fertilization (IVF) နဲ့ မွေးဖွားလာတဲ့ ကလေးတွေမှာ မွေးရာပါချို့ယွင်းချက်တွေ ပိုရှိနိုင်တယ်ဆိုတဲ့ လေ့လာတွေ့ရှိချက်ပါ။ ဒီလေ့လာချက်ကို လွန်ခဲ့တဲ့ နှစ် ၃၀ ကျော်ကပဲ အခုလို IVF နည်းနဲ့ မွေးဖွားခဲ့တဲ့ အခြေအနေနဲ့ ပတ်သက်ပြီး ယခင်ပြုလုပ်ထားတဲ့ လေ့လာချက် (၄၆) ခုပေါ်မှာ မူတည်ပေါင်းစပ်ပြီး Journal of Fertility and Sterility မှာ ဖော်ပြထားတာဖြစ်ပါတယ်။ ၎င်းတို့အဆိုအရ ယင်းကဲ့သို့ မွေးဖွားတဲ့ကလေးတွေမှာ သာမန်မွေးဖွားတဲ့ကလေးတွေထက် ၃၀ ရာခိုင်နှုန်းပိုပြီး မွေးရာပါ ချွင်းချက်ရှိနိုင်တယ်လို့ ဆိုပါတယ်။ ၎င်းတို့ဟာ ကလေးပေါင်း ၁၂၄၀၀၀ ကို လေ့လာပြီး အခုလို သိရှိရတာလို့ဆိုပါတယ်။ အမေရိကန်နိုင်ငံ Centre for Disease Control and Prevention ဌာနကလည်း ယင်းကဲ့သို့ မွေးလာတဲ့ကလေး ၁၀၀ မှာ ကိုယ်အင်္ဂါချို့ယွင်းသူ လေးယောက်နှုန်းရှိတယ်လို့ သိရကြောင်းပါခင်ဗျာ။

နောက်ဆေးပညာသတင်းဆန်းတစ်ပုဒ်ကတော့ ဆံပင်ဖြူတဲ့လူတွေအတွက် အားတက်စရာပါ။ ဆံပင်ဖြူသူတွေမှာ လစဉ်လိုလို ဆေးဆိုးပေးနေရတာက လွတ်ကင်းနိုင်ဖို့ ပြင်သစ်နိုင်ငံ L'oreal ကုမ္ပဏီက စားဆေးတစ်မျိုးကို ထုတ်လုပ်လိုက်ပါတယ်။ ဒီစားဆေးက သဘာဝအသီးတစ်ခုက ဖော်ထုတ်လိုက်တာဖြစ်ပြီး အများအားဖြင့် ဆံပင်မဖြူခင် လူတွေမှာ ကြိုစားထားခြင်းဖြင့် ဆံပင်ဖြူတာကို ကာကွယ်နိုင်မယ်လို့ ဆိုပါတယ်။ ယင်းကုမ္ပဏီက ဆယ်စုနှစ်တစ်ခုကြာ စမ်းသပ်ခဲ့ပြီး ယခုအောင်မြင်သွားပြီဖြစ်တဲ့အတွက် ယင်းဆေးကို ဈေးကွက်ထဲမှာ ၂၀၁၅ ခုနှစ်လောက်မှာ ဖြန့်ချိနိုင်မယ်လို့ သိရကြောင်းပါခင်ဗျာ။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်က နှလုံးရောဂါနှင့်ဆိုင်တဲ့ သတင်းတစ်ပုဒ်ပါ။ Vitamin B ဓာတ်ကို လုံလောက်စွာစားသုံးခြင်းဟာ နှလုံးသွေးကြောကျဉ်းခြင်း၊ လေဖြတ်ခြင်းရောဂါတွေကို ကာကွယ်နိုင်တယ်ဆိုတဲ့သတင်းပါ။ သွေးထဲမှာပါတဲ့ Amino Acid အုပ်စုထဲက Homocysteine ဓာတ်ဟာ သွေးထဲမှာ များနေရင် လေဖြတ်ရောဂါ၊ နှလုံးရောဂါတို့ကို ပိုမိုဖြစ်ပေါ်စေနိုင်ပြီး ဗီတာမင် B များများစားသုံးခြင်းဟာ ယင်းဓာတ်ကို သွေးထဲမှာ နည်းသွားစေနိုင်တာကြောင့် ယင်းရောဂါတွေဖြစ်ခြင်းက ကာကွယ်နိုင်တာလို့ဆိုပါတယ်။ ဒါကိုတော့ လန်ဒန် Western Ontario နှင့် Harvard တက္ကသိုလ်မှ ဆေးသိပ္ပံပညာရှင်တွေက လေ့လာတွေ့ရှိခဲ့ပြီး American Medical Association ဂျာနယ်မှာ ဖော်ပြထားတာဖြစ်ပါတယ်။ ၎င်းတို့အဆိုအရ ဆီးချိုကြောင့်ဖြစ်စေ၊ တခြားရောဂါတစ်ခုခုကြောင့်ဖြစ်စေ ကျောက်ကပ်ပျက်စီးနေသူများမှာတော့ ဗီတာမင် B ကြောင့် ဒီလိုအကျိုးကျေးဇူးတွေ မဖြစ်ပေါ်နိုင်ဘူးလို့ သိရကြောင်းတင်ပြရင်း ယခုအပတ်ဆေးပညာသတင်းဆန်းများတင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

စုပေါင်းသစ်ပင် စိုက်ပျိုးပေး

ဇူလိုင် ၁ ရက်က ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ရှမ်းပြည်နယ်အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်ဖြူဖြူညွန့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် နားယောင်းရေထွက် သစ်တောကြိုးဝိုင်းအတွင်း၌ ကျင်းပသည့် သစ်တောရေနှော စိုက်ခင်း စုပေါင်းသစ်ပင် စိုက်ပျိုးပွဲတွင် သစ်ပင်စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

ဘဝအမောပြေ

မြန်မာ့အလင်း

မတူဘူး

အာကာဟိန်း-ရေးသားသည်

စားသောက်ဆိုင်တစ်ဆိုင်အတွင်း အမျိုးသားကြီးတစ်ဦးထိုင်နေသည့် စားပွဲသို့ လူငယ်တစ်ဦး လာရောက်ထိုင်ကာ ယမကာများ တစ်ခွက်ပြီး တစ်ခွက် မှာသောက်နေရာ အမျိုးသားကြီးက မေးလေသည်။

အမျိုးသားကြီး ။ ။ **ဘာဖြစ်လို့ ဒီလောက်သောက်နေတာလဲ··။**
လူငယ် ။ ။ စိတ်ညစ်လို့ဗျာ. .။
အမျိုးသားကြီး ။ ။ **ဘာကြောင့်လဲ··။**
လူငယ် ။ ။ တစ်ယောက်တည်းအထီးကျန်လွန်းလို့၊ ချစ်သူလည်းမရှိ၊ မိန်းမလည်းမရှိနဲ့ဗျာ. .။
အမျိုးသားကြီး ။ ။ **ကဲ··ဒါဆိုရင် မင်းငါ့တူမကိုယူမလား··။**
လူငယ် ။ ။ ဘယ်လို. . ဘာပြောလိုက်တယ်. .။
အမျိုးသားကြီး ။ ။ **ဟုတ်တယ်·· ငါ့တူမကအလွန်လှတယ်··။**
လူငယ် ။ ။ ဟုတ်လား. .။
အမျိုးသားကြီး ။ ။ **ဆံပင်က ပိတုန်းရောင်၊ မျက်လုံးက သမင်မျက်လုံးနဲ့ ။**
လူငယ် ။ ။ ဩော်. .
အမျိုးသားကြီး ။ ။ **သူ့နှုတ်ခမ်းကနှင်းဆီရောင်နဲ့ ပါးနှစ်ဖက်က ပန်းရောင်ပြေးနေတာ··။**
လူငယ် ။ ။ အင်း. .။
အမျိုးသားကြီး ။ ။ **လမ်းလျှောက်ရင်လည်း··ဆင်မယဉ်သာနဲ့ ဘယ်လိုလဲ·· မင်းသဘောကျသွားပြီမဟုတ်လား··။**
လူငယ် ။ ။ မယူချင်ပါဘူးဗျာ. .။
အမျိုးသားကြီး ။ ။ **ဘာဖြစ်လို့လဲ··။**
လူငယ် ။ ။ ခင်ဗျားတူမက လူနဲ့တူတာလည်း တစ်ခုမှမရှိဘူး. . .။
အမျိုးသားကြီး ။ ။ **“ဟေ”**

မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်တင်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂

မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို ဇွန် ၃၀ ရက် နံနက် ၇ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမရှေ့၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

အခမ်းအနားတွင် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်စမ်းစမ်းရီနှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စွမ်းရည်တို့က မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ဝေဝေခိုင်က မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ဘင်ခရာနှင့် ပန်းဖွားအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၇-၂၀၁၂ (အင်္ဂါနေ့)

နံနက်ပိုင်း

၅း၄၀	**မမေ့အပ်တဲ့လေးဌာန**တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၇း၃၀	MRTV-4 သတင်း
၁၁း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ထာဝရချစ်သူ** (အပိုင်း-၂၅)
၄း၅၀	ဆေးနှင့်ဂီတ မြူးတဲ့ည ရင်ခုန်သံများ
၆း၀၀	MRTV-4 သတင်း
၆း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၇၂)
၇း၁၅	**သဘင်ဥသျှောင် ဂရိတ်ဦးဖိုးစိန် နှစ် (၁၃၀)ပြည့် အထိမ်းအမှတ် သဘင်အနုပညာဖျော်ဖြေပွဲ** (အပိုင်း-၈)
၈း၃၀	မြန်မာ့ရုပ်သံဇာတ်လမ်းတွဲ **The Sign of Love** (အချစ်သင်္ကေတ) (အပိုင်း-၂၀)
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၈၆)
၁း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ထာဝရချစ်သူ** (အပိုင်း-၂၆)

ဇွန် ၂၆ ရက်က ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စွမ်းအားခန်းမ၌ လမ်းမတော်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှဝန်ထမ်းများ ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ပေးစဉ်။ (၀၀၈)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုး

ရမည်းသင်း ဇူလိုင် ၂

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့၌ ဌာနပေါင်းစုံကြီးမှူးကျင်းပသော မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၃၀ ရက် နံနက် ၈ နာရီက ရမည်းသင်းမြို့ သာသနာ့ဗိမာန်ဝင်းအတွင်း၌ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ထားထားဝင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီသောင်းတို့က မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်မှ အဖွဲ့ဝင်များကို ပျိုးပင်များပေးအပ်ပြီး ကျွန်း၊ တမာ၊ ယူကလစ်၊ ရေတမာ၊ မန်ကျည်းနှင့် ကုက္ကိုပျိုးပင်စုစုပေါင်း၅၀၀ခန့်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

(ယာပုံ) (၄၀၆)

3-7 (09).pmd 1 7/3/2012, 2:57 AM

ဝါးခယ်မမြို့နယ်မှ ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်

နေပြည်တော် ဇူလိုင် ၂

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဇွန် ၂၉ ရက်တွင် ဝါးခယ်မမြို့ ကျက်သရေဆောင် သကျမဟာသီရိဘုရားကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းပြီး ဘုရားကြီးဘက်စုံ ပြုပြင်မွမ်းမံရန်အတွက် နဝကမ္မအလှူငွေကျပ် တစ်သိန်းကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မွန်းတည့် ၁၂ နာရီတွင် ဝါးခယ်မမြို့ ရွှေခယ်သီရိခန်းမ၌ ကျင်းပသော ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင်ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တိုင်းဒေသကြီး ပညာရေးမှူးနှင့် ဝါးခယ်မမြို့နယ်အသင်း ဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့နယ်အောင်ချက်အကောင်းဆုံးရရှိသော ကျောင်းများနှင့် လေးဘာသာဂုဏ်ထူးရှင် သုံးဦးတို့အား ဆုများပေးအပ်ပြီး တာဝန်ရှိသူများက ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများပေးအပ်ကြကာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ဝါးခယ်မမြို့နယ်အနေဖြင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် လေးဘာသာဂုဏ်ထူးရှင် သုံးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၂၀၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၇၃ ဦး ပေါ်ထွက်ခဲ့ပြီး လေးဘာသာ ဂုဏ်ထူးရှင်များအား ရွှေစင်ရွှေပြား ငါးမူးသားစီနှင့် ဂုဏ်ထူးရှင်အားလုံးအတွက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အလှူငွေကျပ် ၁၃၉၅၀၀၀ ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ညနေပိုင်းတွင် ပုသိမ်-မြောင်းမြ မော်တော်ကားလမ်း အဆင့်မြှင့်တင်ပြုပြင်သည့်လုပ်ငန်းခွင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးစပါးစိုက်ပျိုးရန် ဘဏ်ချေးငွေထုတ်ပေး

တပ်ကုန်း ဇူလိုင် ၂

နေပြည်တော်ကောင်စီ နယ်မြေ တပ်ကုန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မိုးစပါးသီးနှံစိုက်ပျိုးထုတ်လုပ်မှု ဘဏ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ယနေ့အထိကျေးရွာ ခြောက်အုပ်စုမှ တောင်သူလယ်သမား ၄၄၁ ဦး၏ မိုးစပါး ၂၅၁၂ ဧကအတွက် ချေးငွေကျပ် ၁၂၅၆ သိန်းကို ထုတ်ချေးပေးခဲ့ပြီး ယခုနှစ် ဘဏ်ချေးငွေကျပ်သိန်းပေါင်း ၁၆၆၈၃ကို ထုတ်ချေးပေးမည်ဖြစ်သည်။

ထို့ပြင် တောင်သူလယ်သမား ၃၁၀၈ ဦး၏ စုဆောင်းထားငွေကျပ် သိန်းပေါင်း ၁၅၀၀ ကျော်ကိုလည်း ပြန်လည်ထုတ်ပေးပြီးဖြစ်သည်။

ယခုနှစ်တွင် တောင်သူလယ်သမားများအား ချေးငွေများတိုးမြှင့်ထုတ်ချေးပေးခြင်း၊ ဘဏ်တိုးနှုန်းများလျှော့ချပေးခြင်းနှင့် စုဆောင်းငွေများပြန်လည်ထုတ်ပေးခြင်းတို့ကြောင့် တောင်သူများကြည်နူးဝမ်းသာလျက်ရှိကြောင်း သိရှိရသည်။ **(ဝ၂၁)**

မြန်မာ့အလင်း ကျန်းမာရေးသုတ

ကဲ-သောက်ကြဦးမလား ဆေးလိပ်

ကိုရွှေသိမ်းအေး (ငါးသိုင်းချောင်း)

ဆေးလိပ်သောက်တတ်သူများ ၁၀ဦးတွင် တစ်ဦးမှာ မြင်နေကျအတုခိုးရာမှ သောက်တတ်လာကြောင်း လေ့လာတွေ့ရှိရသည်။ လူ ၄၀၀၀ ကျော်ကို သုတေသနပြုခဲ့ရာ ၅၂ ရာခိုင်နှုန်းမှာ မိဘများထံမှ အမြဲမြင်တွေ့ရာတွင် အလေ့အထဖြစ်လာကြောင်း လန်ဒန်သုတေသနပညာရှင်များက ဖော်ထုတ်ခဲ့သည်။ ဗြိတိန်နိုင်ငံ တော်ဝင်ကောလိပ်မှသုတေသနပညာရှင် ပါမောက္ခ ဂျွန်ဘရင်တန်က ဆေးလိပ်သောက်ရာမှ ကာဗွန်မိုနောက်ဆိုက်ဓာတ်မြင့်မားစွာဖြစ်ပေါ်လာပြီး သွေးလည်ပတ်မှုကို ထိခိုက်လာကြောင်း၊ နီကိုတင်းဓာတ်နှင့်အခြားအဆိပ်ဓာတ်များပါ ခန္ဓာကိုယ်အတွင်း တိုက်ရိုက်ဝင်ရောက်ပြီး အဆုတ်၊ အသည်းနှင့်အခြားနုနယ်သည့် ကိုယ်အစိတ်အပိုင်းများကို လျင်မြန်စွာပျက်စီးစေကာ အချိန်တိုအတွင်း သေဆုံးနိုင်ကြောင်း ပြောကြားထားသည်။ တစ်ဖန် ဆေးလိပ်သောက်သုံးသူ ၉၀ ရာခိုင်နှုန်းမှာ အဆုတ်ကလာပ်စည်းများအတွင်းသို့ ကင်ဆာဖြစ်စေနိုင်သော ဓာတ်သဘာဝများ ပိုမိုဝင်ရောက်နိုင်ကြောင်း တွေ့ရှိထားသည်။

အမေရိကန်ဆေးသိပ္ပံပညာရှင်များက ဆေးလိပ်သောက်သူ ၁၀၀၀၀ ကို ၁၀နှစ်ခန့်လေ့လာသုတေသနပြုခဲ့ရာ အသက် ၅၅ နှစ်အရွယ်များတွင် ကျောက်ကပ်ထိခိုက်ပျက်စီးစေပြီး အသက် ၄၆ နှစ်မှ အသက် ၇၀အရွယ်များတွင် သွေးတွင်းကလာပ်စည်းများကို ဖျက်ဆီးနိုင်သောဓာတ်များကြောင့် သွေးတိုး၊ ဆီးချို၊ သွေးချိုရောဂါများဖြစ်နိုင်ကြောင်း တွေ့ရှိထားသည်။ နီကိုတင်းဓာတ်များ ဦးနှောက်အတွင်းရောက်ရှိပြီး နှာဗ်ကြောများနှင့်ဦးနှောက်ဆဲလ်များပျက်စီးကာ မှတ်ဉာဏ်ချို့ယွင်းသည့် စိတ်ကစဉ့်ကလျားရောဂါဖြစ်နိုင်ကြောင်း တွေ့ရှိထားသည်။

ဆေးလိပ်မီးခိုးတွင်ပါဝင်သော ဓာတ်များက မျိုးပွားဆဲလ်များကို သေစေနိုင်သဖြင့် အပျိုဘဝတွင် ဆေးလိပ်သောက်ပါက အိမ်ထောင်ပြုချိန်တွင် သားသမီးမရဘဲ မြုံတတ်ကြောင်း စပိန်နိုင်ငံ ဘာစီလိုနာမှထုတ်ဝေသော ဆေးပညာဂျာနယ်တွင် ဖော်ပြထားသည်။ တစ်ဆင့်ခံဆေးလိပ်ငွေ့ကိုရှူရှိုက်မိရုံဖြင့် ကိုယ်ဝန်ပျက်ကျနိုင်ကြောင်း သတိပေးထားသည်။ လန်ဒန်သုတေသနပညာရှင်များအဖွဲ့က ဆေးလိပ်သောက်သူများသည် ခန္ဓာကိုယ်အတွင်းခုခံအားစနစ်ကို ထိခိုက်ပျက်စီးစေလျက် အိတ်ချ်အိုင်ဗွီပိုးရပ်စ် ပိုမိုပျံ့နှံ့စေသည်။ အေအိုင်ဒီအက်စ်ရောဂါဖြစ်ပွားမှုကို ပိုမိုမြန်စေကြောင်း လူ ၃၅၀၀ခန့်ကို သုတေသနပြုဖော်ထုတ်ထားသည်။

အမေရိကန်နိုင်ငံ လောဆိန်တက္ကသိုလ်မှ အမေရိကန်သုတေသီများက လူနာ ၁ ဒသမ ၂သန်းအကျုံးဝင်သည့် လေ့လာမှု ၂၅ ခုကို ဆန်းစစ်ကြည့်ရာ ဆီးချိုရောဂါအမျိုးအစား(၂)ဖြစ်ရန် အလားအလာပိုများကြောင်း တွေ့ရသည်။ ကူးစက်ခြင်းမရှိသည့် နာတာရှည်အရေပြားရောဂါနှင့် ကြွပ်ပွေးရောဂါဖြစ်လာနိုင်ကြောင်း၊ ပေါင်၊ ရင်ဘတ်၊ ဒူး၊ တံတောင်ဆစ်တို့တွင် အနီရောင်အကွက်များပေါ်လိုက်ပျောက်လိုက် ဖြစ်တတ်ကြောင်းတွေ့ရှိထားသည်။ ဒေါက်တာမိုနစ်ဘရက်တဲလားနှင့် သုတေသီတစ်စုက အသက် ၅၅ နှစ်အထက်ရှိ လူ ၇၀၀၀ ခန့်ကို ခုနစ်နှစ်ကြာလေ့လာမှုပြုရာ ဆေးလိပ်သောက်ခြင်းကြောင့် သွေးလည်ပတ်မှုကို ထိခိုက်စေပြီး နှလုံးသွေးကြောကျဉ်းခြင်း၊ သွေးကြောပိတ်၍ ရုတ်တရက်လေဖြတ်ခြင်းတို့ဖြစ်နိုင်ကြောင်း သတိပေးထားသည်။

အဆိုးဆုံးမှာ အမေရိကန်ကင်ဆာအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးကြီးမှ တင်ပြချက်ပင်ဖြစ်သည်။

"ဆေးလိပ်သောက်သူ ၈၇ ရာခိုင်နှုန်းမှာ ကင်ဆာအမျိုးမျိုးအနက် အန္တရာယ်အကြီးမားဆုံးနဲ့ အသက်အန္တရာယ်အရှိဆုံး အဆုတ်ကင်ဆာဖြစ်ပွားနေကြောင်း တွေ့ရှိရပါတယ်။ ဆေးလိပ်ဖြတ်ပြီး နှစ်များကြာသော်လည်း အဆုတ်ကင်ဆာဖြစ်ပွားလေ့ရှိပြီး လျှော့သောက်ရုံနဲ့လည်း အကျိုးမထူးပါဘူး။ ဆေးလိပ်သောက်ခြင်းဟာ လူ့သက်တမ်းကို ပျမ်းမျှ၁၅ နှစ်ခန့်တိုစေကြောင်း ကျွန်တော်တို့စစ်ဆေးတွေ့ရှိထားပါတယ်" စသည်ဖြင့် အဖွဲ့ခေါင်းဆောင်များက ဆွေးနွေးတင်ပြကြသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှလည်း ဆေးလိပ်သောက်ခြင်းနှင့် အဆုတ်ကင်ဆာ ဆက်နွယ်လျက်ရှိကြောင်း သတိပေးထားသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၁၂ ခုနှစ်ခန့်မှန်းချက်အရလည်း နှစ်စဉ်လူဦးရေခြောက်သန်းကျော် ဆေးလိပ်ကြောင့် သေဆုံးလျက်ရှိပြီး ၎င်းတို့အထဲမှခြောက်သိန်းကျော်သည် သူတစ်ပါးဆေးလိပ်ငွေ့ကြောင့် သေဆုံးရကြောင်းဖော်ပြထားရာ ဆေးလိပ်သောက်နေသူများ၊ ဆေးလိပ်သောက်ရန် စိတ်ကူးမိနေသူများအတွက် သတိပြုဆင်ခြင်စရာဖြစ်ပါတော့သည်။ ။

စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း ဖျာပုံ၌ဖွင့်

ဖျာပုံ ဇူလိုင် ၂

ဖျာပုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် ကျွမ်းကျင်သောစာကြည့်တိုက်မှူး ရရှိစေရန်ရည်ရွယ်လျက် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း (၁/၂၀၁၂) ဖွင့်ပွဲကို ဇွန် ၂၃ ရက် နံနက် ၁၀ နာရီက ဖျာပုံမြို့နယ် သလိပ်ကြီးကျေးရွာ ပညာကဝိစာကြည့်တိုက်၌ ကျင်းပရာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်း၊ ဖျာပုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်းတို့က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်မာမာလွင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ ကျေးရွာများမှ စာကြည့်တိုက်မှူး၊ တွဲဖက်စာကြည့်တိုက်မှူးများ တက်ရောက်ကြပြီး မြို့နယ်ဦးစီးမှူး ဒေါ်မာမာလွင်၊ ရုပ်သံ-၃ (စာကြည့်တိုက်တာဝန်)ဒေါ်မေသက်လှိုင်တို့က စာအုပ်စာစောင် မျိုးတူ ပြုစုခြင်း၊ မှတ်ပုံတင်ရေးသွင်းခြင်း၊စာအုပ်ငှားရမ်းခြင်း၊ ထိန်းသိမ်းခြင်း၊ စာကြည့်တိုက်ဖွဲ့စည်းပျိုးထောင်ရေးနှင့် စီမံခန့်ခွဲရေး၊ စာပေပစ္စည်းထိန်းသိမ်းရေးနှင့် စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းများကို ဆွေးနွေးပို့ချခဲ့ကြောင်းသိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မိုးရာသီ သစ်ပင် မိုးကောင်း၌ စိုက်ပျိုး

မိုးကောင်း ဇူလိုင် ၂

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျွန်းတောရပ်ကွက် နီးဘုရားဝင်းအတွင်း၌ မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကို ဇွန် ၂၃ ရက် နံနက် ၇ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးဇော်လင်းဝင်း၊ ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများက ကျွန်း၊ ပျဉ်းကတိုး၊ ကံ့ကော်၊ ပိတောက်၊ မဟော်ဂနီ၊ ခရေ၊ ယူကလစ်၊ မဲဇလီ၊ ပျဉ်းမ၊ ရင်းမာ၊ ငုပင်စသည့် အရိပ်ရပင် စုစုပေါင်း ၄၀၀ ကျော်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်သစ်တော)**

လပွတ္တာမြို့နယ် အမှတ်(၉) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဇွန် ၂၃ ရက်က ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးနေလင်း၊ မြို့နယ်ဦးစီးဌာနမှူး ဦးရေချမ်းတို့ မိုးပွင့်အဆင့်(၃) စီမံချက်အဖြစ် ရပ်ကွက်ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးစဉ်။
(မြို့နယ်လဝက)

ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စုပေါင်းသွေးလှူ

ပုသိမ် ဇူလိုင် ၂

ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ ကျင်းပသည့် ၂၀၁၂ ခုနှစ် ဇူလိုင် ၃ ရက်တွင်ကျရောက်သော မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲကို ပုသိမ်မြို့ ဆရာဝန်အသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် အခြားလူမှုရေးအဖွဲ့အစည်းတို့မှ အဖွဲ့ဝင် ၂၀ တို့က သွေးလှူဒါန်းခဲ့ပြီး **(ယာပုံ)** တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပုသိမ်ဆေးရုံကြီးသို့ ဆေးပဒေသာပင်အတွက် အလှူငွေကျပ်နှစ်သိန်းနှင့် သွေးလှူရှင်များအား နို့၊ ကြက်ဥ၊ ကွေကာအုတ်၊ ပေါင်မုန့်နှင့် အားဆေးများ စုစုပေါင်းတန်ဖိုးငွေကျပ် ငါးသိန်းဖိုးခန့် ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**



မြန်မာ့အလင်း စာတည်းထံပေးစာများ

ကျူးကျော်ဆိုင်များကြောင့် မီးဘေးစိုးရိမ်နေရ

စာတည်းခင်ဗျား-

တောင်ဥက္ကလာပ (၁၃)ရပ်ကွက် ၁၁ လမ်းနှင့် ၁၂ လမ်းကြား အမက (၁၇) နှင့် လူထုဓမ္မာရုံကြား ဒေဝဒဟလမ်းရှိ ကျူးကျော်တဲအိမ်များနှင့် ကျူးကျော်ဈေးဆိုင်များကြောင့် မီးဘေးအန္တရာယ်ကျရောက်မည်ကို စိုးရိမ်နေရပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **မီးဘေးစိုးရိမ်သူ**

ကျူးကျော်တဲများ ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ဒဂုံမြို့သစ်တောင်ပိုင်း (၆၆)ရပ်ကွက် အင်းဝလုံးချင်းအိမ်ရာအနီးတွင် ပျံ့ကျနေထိုင်ကြသော ကျူးကျော်တဲများမှ လူအချို့သည် ဝက်များမွေးမြူခြင်း၊ စည်းကမ်းမဲ့မစင်စွန့်ခြင်းတို့ကြောင့် ကျန်းမာရေးထိခိုက်ပြီး စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် သက်ဆိုင်ရာမှ ဖယ်ရှားရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

အင်းဝသား

ကြက်၊ ဘဲဒိုင်မှ အနံ့ဆိုး ပတ်ဝန်းကျင်မခံနိုင်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် ငမိုးရိပ် (၉) လမ်း အပိုင်း (၃)ရှိ အိမ်တစ်အိမ်တွင် ကြက်၊ ဘဲဒိုင်ဖွင့်လှစ်ထားရာ အနံ့ဆိုးများထွက်ရှိနေပါသဖြင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသောကြောင့် သင့်လျော်ရာသို့ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **ကျန်းမာလိုသူ**

သွေးလွန်တုပ်ကွေးရောဂါ အင်းစိန်၌ကာကွယ်နှိမ်နင်း

ရန်ကုန် ဇူလိုင် ၂

အင်းစိန်မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းစေရန် အေးဒိစ်ခြင်ကျားနှိမ်နင်းရေးလုပ်ငန်းတစ်ခုဖြစ်သည့် ပိုးလောက်လမ်းနှိမ်နင်းရေး၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းကို လူထုလှုပ်ရှားမှုအသွင်ဖြင့် အပတ်စဉ်စနေနေ့တိုင်း ဆောင်ရွက်လျက်ရှိရာ ဇွန် ၃၀ ရက် နံနက် ၇ နာရီက အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက်တွင် ချုံနွယ်များရှင်းခြင်း၊ ပေါင်းမြက်များရှင်းလင်းခြင်း **(ဝဲပုံ)**၊ ရေမြောင်းများတူးဖော်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်တင်တင်ဦးနှင့်အဖွဲ့ဝင်များ၊ အရှေ့ကြို့ကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန်းဆွေဦးနှင့် လူမှုရေးအသင်းအဖွဲ့များက ရပ်ကွက်အတွင်းနေအိမ်များရှိ သောက်ရေ သုံးရေအိုးများ၊ ဘုရားပန်းအိုးများအတွင်း ပိုးလောက်လမ်းရှိ မရှိ စစ်ဆေးခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများနှင့် ကျန်းမာရေး အသိပညာပေးဆွေးနွေးခြင်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်းသိရှိရသည်။ **(မြန်မာ့အလင်း)**

CB Bank (ဖျာပုံဘဏ်ခွဲ) ဖွင့်လှစ်ခြင်း

ဘဏ်လုပ်ငန်းကိစ္စအရပ်ရပ်နှင့် ပြည်တွင်းငွေလွှဲလုပ်ငန်းများကို အမှတ် ၂၃၊ ပထမလမ်းနှင့် နတ်ရှင်နောင်လမ်းထောင့်၊ ၄ ရပ်ကွက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၂-၇-၂၀၁၂ ရက်မှစ၍ ဆောင်ရွက်ပေးနေပြီဖြစ်ပါသည်။

ဖုန်း-၀၄၅-၄၁၅၃၈၊ ၄၁၅၃၉၊ ၄၁၅၄၀

Fax: ၀၄၅-၄၁၅၄၃၊ ၄၁၅၄၄

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

မြစ်ကြီးနားမြို့နေ ဦးမင်းခိုင်-ဒေါ်စိုးစိုးမိုး(မင်းခိုင် အီလက်ထရွန်နစ်)တို့၏သမီး (အထက-၃) မြစ်ကြီးနားမှ မဖြူဖြူသင်းခိုင် (ကမ-၄၈၉)သည် (အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ) ငါးဘာသာဂုဏ်ထူးဖြင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ထူးချွန်စွာအောင်မြင်ခဲ့သည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဂုဏ်ယူဝမ်းမြောက် ပီတိဖြစ်ရပါသည်။

TRI TREASURES INTERNATIONAL PTE., LTD.

No.64, Bogyoke Aung San Road,	**Myanmar Office**
Pazuntaung,	**No. 177, 83 rd Street, Bet 29 th & 30 th Street**
Yangon, Myanmar.	**Mandalay, Myanmar.**



၂၈-၆-၂၀၁၂ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၇ ၌ ရှေ့နေဦးလှမြင့်၊ ဦးတင်အောင်ကြည်၊ ဒေါ်မျိုးရီဇာမွန် တို့၏ အများသိစေရန်တို့ပြန်ရှင်းလင်း သတိပေးတားမြစ်ကြော်ငြာချက်အပေါ် ဖြစ်ရပ်မှန်အတိုင်း

ပြန်လည်ရှင်းလင်းကြော်ငြာခြင်း

၁။ ၅-၇-၂၀၁၁ရက်စွဲပါ အခန်းပေး၊ အခန်းယူ ကန်ထရိုက်စနစ်ဖြင့် နှစ်ခန်းတွဲ (၆)ထပ်တိုက်တစ်လုံးဆောက်လုပ်ခြင်း ကတိစာချုပ်အရ မြေဂရန်ပိုင်ရှင် ဦးဌေးမောင်နှင့် ကန်ထရိုက်တာ ဦးသန်းလှိုင်တို့ အဆောက်အအုံ ဆောက်လုပ်ရန် သဘောတူ စာချုပ်ချုပ်ဆိုခဲ့ပါသည်။ ယင်းစာချုပ်၏အပိုဒ်(၁၆)တွင် ဆောက်လုပ်ခွင့်ပါမစ်ကျရေးနှင့် အဆောက်အအုံအဟောင်း ဖျက်သိမ်းခွင့်အား ကန်ထရိုက်တာ ဦးသန်းလှိုင်အနေဖြင့် စာချုပ်ချုပ်ဆိုသည့်ရက်မှ ခုနစ်လအတွင်း အပြီးဆောင်ရွက်ရန် မြေရှင်ဦးဌေးမောင်နှင့် ကန်ထရိုက်တာ ဦးသန်းလှိုင်တို့ သဘောတူညီခဲ့ပါသည်။

၂။ မြေရှင်ဦးဌေးမောင်အနေဖြင့် ကန်ထရိုက်တာ ဦးသန်းလှိုင်အား စာချုပ်ချုပ်ဆိုသည့် ခုနစ်လအတွင်း စာချုပ်ပါသဘောတူညီချက်များအား ပြုလုပ်ပေးနိုင်ခြင်းမရှိ၍ ၁၉-၆-၂၀၁၂ရက် မြန်မာ့အလင်းသတင်းစာတွင် အထူးကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်းအား ကြော်ငြာထားပြီး ဖြစ်ပါသည်။

၃။ ကန်ထရိုက်တာ ဦးသန်းလှိုင်အနေဖြင့် ယခင်ကန်ထရိုက်တာ ဦးအုန်းခိုင်သို့ ငွေကျပ်သိန်း ၅၀ပေးအပ်ကာ စာချုပ်နှင့်အထူးကိုယ်စားလှယ်စာ ဖျက်သိမ်းရခြင်း၊ ပွဲစားခနှင့် အထွေထွေကုန်ကျငွေကျပ် သိန်း ၁၀၀ ခန့်ကုန်ကျသည့်ကိစ္စရပ်များအား မြေပိုင်ရှင်ဦးဌေးမောင်အနေဖြင့် လုံးဝသိရှိခဲ့ခြင်းမရှိပါ၊ မြေပိုင်ရှင်ဦးဌေးမောင်နှင့် ကန်ထရိုက်တာ ဦးသန်းလှိုင်တို့ ချုပ်ဆိုသော ၅-၇-၂၀၁၁ရက်စွဲပါ စာချုပ်အပိုဒ် (၁၇)အရ ကန်ထရိုက်တာ ဦးသန်းလှိုင်အနေဖြင့် အခွင့်အရေး တစ်စုံတစ်ရာ တောင်းဆိုပိုင်ခွင့်မရှိပါ။ အမှန်တရားကို ထိမ်ချန်၍ အများပြည်သူ ထင်ယောင်ထင်မှားဖြစ်အောင် ကြော်ငြာခြင်းမပြုရန်နှင့် ကြော်ငြာချက်ကို ပြန်လည်ရုပ်သိမ်းရန် ရှင်းလင်းကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသောင်းထိုက် (LL.B)	**ဦးစိုးလွင်ဦး (LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၄၈၈)	**WIPO (SWITZER LAND)**
	အထက်တန်းရှေ့နေ

အမှတ် ၁၃၂ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၃၁၅၀၄၇၊ ၀၉-၄၂၁၁၀၈၅၁

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၂၀၇(ခ)၊ မြေကွက်တည်နေရာ အမှတ် ၂၀၇/ခ၊ ပိတောက် ၃ လမ်း၊ ၁ရပ်ကွက်၊ လှိုင်သာယာမြို့နယ် ဦးအောင်သန်း အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ခင်ပွန်းဖြစ်သူ ဦးအောင်သန်းကွယ်လွန်သဖြင့် ဒေါ်ထားရွှေ (HZA-၂၀၄၁၈၉)က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့်အရောင်းအဝယ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင် နယ်တရားမရုံးတော်၌
၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ် ၂၆၅

ဒေါ်သီသီအောင်	နှင့်	ဦးလှတင်
တရားလို		**တရားပြိုင်**

ဦးလှတင် မ-၄၁၊ အင်းလျားမြိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလိုက မြေကွက်အရောင်းအဝယ် ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၂ခုနှစ် ဇူလိုင် ၃၁ရက် (၁၃၇၄ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၃ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၂ခုနှစ် ဇွန် ၂၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်စိမ်းဝင်း
ဒုတိယခရိုင်တရားသူကြီး(၃)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ

(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ ၃၇၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌
၂၀၁၂ ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ် ၁၁၆
ကွယ်လွန်သူဦးကျော်သူရ၏ ကျန်ရှိသောပစ္စည်းအကြောင်း။

ဒေါ်ရွှေမြိုင်ကြည်	လျှောက်သူ

အမှတ် ၁၆ (ခုနစ်လွှာ)၊ ဓမ္မဝိဟာရလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်နေ ဒေါ်ရွှေမြိုင်ကြည်က ကွယ်လွန်သူ ဦးကျော်သူရ၏ တရားဝင်ဇနီးဖြစ်သည်ဟူ၍ အထက်ပါရပ်နေ ၄င်းကွယ်လွန်သူ ဦးကျော်သူရမှာ ကျန်ရှိရစ်သောပစ္စည်းပိုင်အနက် ရရန်ရှိသော ကြွေးမြီများကိုကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၄င်းကွယ်လွန်သူ ဦးကျော်သူရမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၂ခုနှစ် ဇူလိုင် ၂၀ရက် (၁၃၇၄ခု ဒုတိယဝါဆိုလဆန်း ၂ရက်)တွင် လာရောက်ကြရမည်။ ၄င်းရက်တွင် လျှောက်ထားသူ ဒေါ်ရွှေမြိုင်ကြည်၏လျှောက်ချက်ကိုနာကြား၍ လက်မှတ် ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့၊ ဟောင်လိတ်ကျေးရွာအုပ်စု၊ ဝမ်လိကျေးရွာရှိ အရှေ့ဘက်အလျား ၈၀၅ပေ၊ အနောက်ဘက်အလျား ၈၀၅ပေ ကျော်ခန့်၊ တောင်ဘက်အနံ ၉၅ပေ၊ မြောက်ဘက်အနံ ပေ၅၀အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့သည် ကွယ်လွန်သူ ဦးထမ်းလုံ ၁၃/တခလ(နိုင်)၀၁၄၅၅၆ ၏သားဖြစ်သူ ဦးအိုက်ခမ်း ၁၃/တခလ(နိုင်) ၀၁၄၅၄၀မှ တရားဝင်ပိုင်ဆိုင်သည့် မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယနေ့ကြော်ငြာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက တရားဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသိန်းထွန်း(LL.B)၊ အထက်တန်းရှေ့နေ(စဉ်-၂၁၉၅၆)
အမှတ် ၄၂၄၊ မယ်ခေါင်ရပ်ကွက်၊ တာချီလိတ်မြို့

၂၀၁၂ခုနှစ် ဇူလိုင် ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

ဇော်မင်းအောင်
ဒုတိယခရိုင်တရားသူကြီး(၅)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
တရားသူကြီး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်း မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၀၊ မြေကွက်အမှတ် ၈၆၅၊ မြေကွက်တည်နေရာ အမှတ် ၈၆၅၊ (၈၀)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးတင်အေး အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးတင်အေး ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်လှရီမှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက် အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကတိသစ္စာပြုလွှာ၊ ဝန်ခံချက်၊ သေစာရင်းတို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

Wai Yan @ Bo Aung Kyaw & Mya-Yamon

1 July to 31 July 2012

ဤကြော်ငြာဖြတ်ပိုင်းယူဆောင်လာပါက

Discount 10,000 Kyat

နာမည်ကြီး Electronic ပစ္စည်းမျိုးစုံ၊ ရေချိုးခန်းသုံးပစ္စည်းနှင့် အဆင့်မြင့် ကြွေပြား၊ ကျောက်ပြားတို့ကို တစ်နေရာတည်းတွင် စုံလင်စွာ ဝယ်ယူရရှိနိုင်ပါပြီ။

" Customer Information Center : 01 - 546006 (Ext: 104/105) "



အမည်ပြောင်း

ရမည်းသင်းမြို့၊ ဦးမျိုးမင်းရွှေ၏ သမီးဖြစ်သူ အထက(၁) ဒုတိယတန်းမှ မအေးမော်သန်းအား မအေးအာကာမိုးမြင့်မော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မြေညီထပ် ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

- စမ်းချောင်း၊ ပေ(၁၃×၅၀)၊ မြေညီထပ်၊ ပါကေးခင်း၊ ကြွေပြားကပ်၊ ကောနစ်၊
- အလူမီနီယံ အိပ်ခန်း(၁)၊ အလူမီနီယံတံခါးကြီး၊ သံပန်းပြည့်၊ ကိုယ်ပိုင်(ရေ၊မီး)၊
- (မီးဖိုခန်း၊ ရေချိုးခန်း၊ ဘိုထိုင်အိမ်သာ) ကြွေပြားကပ်၊ ပြင်ဆင်ပြီး၊ ပွဲစားမလို၊

ကျပ်သိန်း ၃၄၀၊ ဖုန်း-၀၉-၅၁၂၅၃၁၅။

အမည်ဖြည့်စွက်ခေါ်ပါရန်

ကျွန်တော်ဦးလှဘုန်း၏သားများဖြစ်ကြသော ပညာနန်းတော်တွင် ပညာသင်ကြားနေသော မောင်ကောင်းထက်ဟိဏ်းအား ယနေ့မှစ၍ မောင်ခင့်မြေးဦး(ခ) မောင်ကောင်းထက်ဟိဏ်းအဖြစ်လည်းကောင်း၊ မောင်သူရိန်လှဘုန်းအား မောင်ခင့်မြေးလတ်(ခ)မောင်သူရိန်လှဘုန်းအဖြစ်လည်းကောင်း ပြောင်းလဲခေါ်ပါရန်။

ဖခင် ဦးလှဘုန်း
KTDA-၀၀၆၈၃၃

ဆိုင်အမည် အမှတ်အသား အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ River View Garden အိမ်ရာ၊ အမှတ်(B-9) နေ နိုင်ငံသားစိစစ်ရေးအမှတ် ၁၂/ကမတ(ပြု)၀၀၀၀၀၇ ကိုင်ဆောင်သူ ဒေါ်သန်းလေးဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ပူးတွဲဖော်ပြပါ မှတ်ပုံတင်အမှတ်အရ မှတ်ပုံတင်သွင်းပြီး ဖြစ်ပါသည်။

FamilyMart

မှတ်ပုံတင်အမှတ်- ၄/၂၄၃၅/၂၀၁၂

အထက်ဖော်ပြပါ ဆိုင်အမည် အမှတ်အသားကို အသုံးပြု၍ သုတ၊ ရသ စာအုပ်အမျိုးမျိုး၊ စာရေးကိရိယာနှင့် သက်ဆိုင်သော အသုံးအဆောင်ပစ္စည်းအမျိုးမျိုး၊ ကျား၊ မ၊ ကလေးဝတ် အဝတ်အထည်အမျိုးမျိုး၊ ကလေးကစားစရာအမျိုးမျိုး၊ စားသောက်ကုန်များ၊ အသား၊ ငါး ဟင်းသီးဟင်းရွက်၊ နို့နှင့် နို့ထွက်ပစ္စည်းအမျိုးမျိုး၊ အဖျော်ယမကာအမျိုးမျိုး၊ ဆေးလိပ်နှင့် စီးကရက်အမျိုးမျိုး၊ မီးဖိုချောင်သုံးပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းများ၊ ကားအလှဆင်ပစ္စည်းအမျိုးမျိုး၊ CD, VCD, DVD. Tape အစရှိသည့် ပစ္စည်းအမျိုးမျိုး၊ အလှကုန်ပစ္စည်းအမျိုးမျိုး၊ အိမ်သုံးဆေးဝါး၊ တိုင်းရင်းဆေးဝါးအမျိုးမျိုး၊ လက်ဆောင်ပစ္စည်းအမျိုးမျိုး၊ ပုဂ္ဂိုလ်တစ်ဦးချင်းအတွက် လိုအပ်သောပစ္စည်းများ ရောင်းချသည့်အရောင်းဆိုင် (အသေး၊ အလတ်၊ အကြီး)များ ဖွင့်လှစ်ရောင်းချလျက်ရှိပြီး ကုန်ပစ္စည်းများ ထည့်သွင်းထုပ်ပိုးထားသော အိတ်အမျိုးမျိုးတို့ အပေါ်တွင်လည်းကောင်း၊ advertising, business management, business administration, office functions, stores, minimarket တို့ အပါအဝင် ၄င်းတို့နှင့် ဆက်စပ်ပစ္စည်းများပေါ်တွင်လည်းကောင်း ဖော်ပြပါအမှတ်တံဆိပ် အမည်အမှတ်အသားကို အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး ပြုလုပ်ပြီးလျှင် ဖိနှိပ်၊ ကပ်နှိပ်၊ ရိုက်နှိပ်၍ အသုံးပြုလျက်ရှိပါသည်။ ထို့အပြင် ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်လည်း အထက်ဖော်ပြပါ အမည်အမှတ်တံဆိပ်ပါ အရောင်းဆိုင် (အသေး၊ အလတ်၊ အကြီး)များ ဖွင့်လှစ်ရောင်းချလျက်ရှိပါသည်။

ထို့အပြင် ဖော်ပြပါအမှတ်တံဆိပ် အမည်အမှတ်အသားကို စာရွက်စာတမ်းများ၊ ထုပ်ပိုးပစ္စည်း၊ ဆိုင်းဘုတ်၊ ဘလောက်၊ ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံးများပေါ်တွင်လည်းကောင်း၊ ဖြန့်ဖြူးရောင်းချရာတွင် မောင်းနှင်သွားလာသော ယာဉ်များအားလုံးပေါ်တွင်လည်းကောင်း အသုံးပြုသွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ အမှတ်တံဆိပ် အမည်အမှတ်အသားကို ဒေါ်သန်းလေးဝေမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ တုပပြုလုပ်သုံးစွဲခြင်းမပြုကြရန်နှင့် တုပပြုလုပ်သူ မည်သူကိုမဆို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးချစ်ဆွေ B.A(Law), LL.B, D.B.L, D.M.L .D.I.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၇၈)
၈၃/၈(ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့၊
ဖုန်း-၃၇၅၇၅၄၊ ၀၉-၅၁၅၆၄၀၁

ယုံကြည်အားထားသောမြန်မာ့ဟိုတယ်နှင့်ခရီးသွား

[illegible]

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀၊ လူနေရပ်ကွက်အမှတ် သုဝဏ္ဏ(လူသုံးကုန်စက်ရုံအနီး)၊ မြေကွက်အမှတ် ၅၁ဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ၃၀ရပ်ကွက်၊ ခနအောင်လမ်း (ယခင်ပတ္တမြားလမ်း)၊ အိမ်အမှတ် ၅၁ ဟု ခေါ်တွင်သော မြေနှင့်အဆောက်အအုံအား ရန်ကုန်တိုင်းတရားရုံးတော်၊ တရားမကြီးမှုအမှတ် ၁၀၂၁/၂၀၀၉ ၏ ၂၆-၂-၂၀၁၀ ရက်စွဲပါ စီရင်ချက်ဒီကရီနှင့် တရားမဇာရီမှုအမှတ် ၁၅၁/၂၀၁၀ဖြင့် အနိုင်ရရှိထားသူ တရားနိုင်က ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အမှတ် ၁၂၂၈/၂၀၁၀ ဖြင့် တရားဝင်မှတ်ပုံတင်အရောင်းအဝယ်ပြုကာ အမည်ပေါက်လက်ရောက်ပိုင်ဆိုင်ထားသူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါသည်။

ထိုရောင်းချသောမြေနှင့်အဆောက်အအုံတို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းအေး (B.A., R.L)	**ဒေါ်ဆွေဆွေညွန့် (LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၃၃၅)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၇၁)**
ဒေါ်ဆုမြတ်မွန် (LL.B)(စဉ်-၂၅၇၇၆)	**ဒေါ်ခင်ကြည်မွန်(LL.B)(စဉ်-၂၇၃၈၆)**
ဒေါ်အေးခိုင်ဇင် (LL.B)(စဉ်-၃၀၈၁၁)	**ဒေါ်မို့မို့သက်ထား(LL.B)(စဉ်-၃၅၈၅၅)**

အထက်တန်းရှေ့နေများ
အမှတ်(၅၈/၆၀) ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၃၁၄၀၁၄၀၊ ၀၉-၇၃၁၀၅၀၄၃၊ ၀၉-၇၃၀၉၆၁၂၅

မြစ်ကြီးနားအသင်း(ရန်ကုန်)၏ ပထမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲ

မြစ်ကြီးနားအသင်း(ရန်ကုန်)၏ ပထမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၂၉-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉း၃၀နာရီ
ကျင်းပမည့်နေရာ - ကျောက်စိမ်းတွင်း ဓမ္မာရုံ၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်

ပါဝင်လှူဒါန်းလိုသူများ အောက်ဖော်ပြပါပုဂ္ဂိုလ်များထံသို့ ဆက်သွယ်၍ လှူဒါန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

၁။ ဦးစောနွဲ့သန်းစိန် ဖုန်း-၀၉-၅၀၉၉၁၁၆
၂။ ဦးတင်မောင်ဝင်း ဖုန်း-၃၈၃၀၃၁
၃။ ဒေါ်ဘောဘီ ဖုန်း-၅၇၇၈၁၂
၄။ ဒေါက်တာအေးအေးစူး ဖုန်း-၃၉၃၀၆၃
၅။ ဒေါက်တာခင်ညီညို ဖုန်း-၅၅၉၂၆၉
၆။ ဒေါ်ကြည်ကြည်ဆွေ ဖုန်း-၀၉-၅၁၆၆၂၄၈
၇။ ဒေါ်တင်တင်ညွန့် ဖုန်း-၅၅၅၅၂၉
၈။ ဒေါ်ညိုမှာသွယ် ဖုန်း-၀၉-၅၀၂၁၈၁၅
၉။ ဒေါ်ခင်မြဝေ ဖုန်း-၅၆၁၈၂၄
၁၀။ ဒေါ်လှလှချိန် ဖုန်း-၀၉-၅၀၇၇၉၂၃
၁၁။ ဒေါ်စုစုမေ ဖုန်း-၅၀၅၄၈၆
၁၂။ ဒေါ်ကြည်ကြည်နိုင် ဖုန်း-၀၉-၅၁၄၃၀၈၂

အမှုဆောင်အဖွဲ့

Belta 1.3 2007၊
၅ဃ/၆ ---၊
ကျပ် ၁၆၅သိန်း။
Vista 91' ၊ ဒီဇယ် ၉က/-
ကျပ် သိန်း ၁၀၀။
ဖုန်း-၀၉-၄၅၀၀၂၅၇၆၀

ကြည်စိုး I.C

အချစ်ရေးနှင့် အိမ်ထောင်ရေး သီးသန့်ဟောသည်။

ဖုန်းထဲကဗေဒင်ဆရာ
ဖုန်း-၀၉-၇၃၁၂၈၅၄၅
နံနက်-၈း၀၀ နာရီမှ ၁၀း၀၀ နာရီအထိ
ည-၈း၀၀ နာရီမှ ၁၀း၀၀ နာရီအထိ

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊မရမ်းကုန်းမြို့နယ်၊(၂)ရပ်ကွက်၊ရန်ကုန်-အင်းစိန်လမ်းမကြီး၊ အမှတ်(၉၆/က) ဟုခေါ်တွင်သော ပေ၂၀×ပေ ၄၀ အနက်မှ ခေါင်းရင်းဘက်ခြမ်း ပေ(၁၀×၄၀) မြေပေါ်တွင် သီးခြားအုတ်ဖြင့် ကာရံထားသော၊ မြေနှင့် အိမ်အပါအဝင်၊ လိုင်းတယ်လီဖုန်း၊ လျှပ်စစ်မီတာအပါအဝင်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်စာချုပ်ဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး လက်ရှိနေထိုင်ပိုင်ဆိုင်သူ ဦးမောင်မောင် ၁၂/မရက(နိုင်)၁၁၅၄၄၆ နှင့်ဇနီး ဒေါ်သန်းသန်းအေး ၁၂/မရက(နိုင်)၁၁၅၄၄၇ ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အဆိုပါ အိမ်၊ မြေကွက်နှင့် ပတ်သက်၍ အကျိုးခံစားခွင့် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို တရားဝင်စာရွက်စာတမ်း(မူရင်း)များနှင့် ခိုင်လုံစွာ လူကိုယ်တိုင်လာရောက်တင်ပြ၍ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအုန်းမြင့်-တရားလွှတ်တော်ရှေ့နေ(စဉ်-၃၄၂၇)
တိုက် ၁၂၊ အခန်း ၀၀၂၊ ရွှေထီးအိမ်ရာ၊
(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ဖုန်း-၀၉-၅၁၄၄၅၁၆၊ ၀၉-၇၃၁၁၂၀၄၄

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ် ၈၀၊ ဦးဘဟန်လမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ပေ ၃၀×ပေ ၄၀ အိမ်ခြံမြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်၏မိတ်ဆွေ ဦးမိုးကျော်သူ ၉/မရမ(နိုင်)၀၀၆၀၉၃ မှ ဦးဆေယဒ်အီဘရာဟင် TGKN-၀၂၅၃၂၈၏ သားသမီးများဖြစ်ကြသော ဟမီဇာ၊ ဘီစုမိဆာ၊ ဂျဖူးလား၊ အဗ္ဗဒွလ်စလာမ်နှင့် မာမွတ်တို့ထံမှ ဝယ်ယူမည်ဖြစ်ပါသောကြောင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားဖြင့် ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမိုးကျော်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသိန်းနိုင် LL.B
အထက်တန်းရှေ့နေ (စဉ်-၃၃၁၀၁)
အမှတ်(၄)၊ မင်္ဂလာလမ်း၊ (ခ)ရပ်ကွက်၊
သဃ်န်းကျွန်း၊
ဖုန်း-၀၉-၄၄၈၀၀၁၃၅၂

ထိမ်းမြားမင်္ဂလာညွှေ့ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည်(ငြိမ်း)-ဒေါ်နီနီတို့၏မြေး
ဦးသွင်မြင့်မောင်(ရုံးအဖွဲ့မှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ စက်မှုဝန်ကြီးဌာန)-ဒေါ်သီသီထွန်းတို့၏
တစ်ဦးတည်းသောသား

မောင်စိုးသွင်ထွန်း

B.E (Mechanical Engineering), City College of New York, USA

နှင့်

ရန်ကုန်မြို့နေ
ဦးစိုးဝင်း(အင်ဂျင်နီယာမှူး၊ ငြိမ်း)(မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)-
ဒေါက်တာ စန်းစန်းမြင့်(ငြိမ်း)တို့၏ တစ်ဦးတည်းသော သမီး

မလှဲ့ရည်စိုး

B.Sc (Accounting & Finance), University of London
B.A (English), University of Foreign Languages

တို့၏ ၂၆-၆-၂၀၁၂ရက်တွင် Sedona Hotel Executive Lounge ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲတွင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ် ဦးကျော်မိုးနိုင်အားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော လက်ထောက်တိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်သီတာလွင်အားလည်းကောင်း၊ သက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဦးမင်းဇေယျာလှိုင်နှင့် ဦးကျော်ဇောအောင်တို့အားလည်းကောင်း၊ ၃၀-၆-၂၀၁၂ရက်တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပပြုလုပ်သော စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာပွဲတွင် မင်္ဂလာနာယကကြီးများအဖြစ် ဆောင်ရွက်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) မဟာသရေစည်သူ ဦးခင်မောင်သန်းနှင့်ဇနီး ဒေါ်မာလာတင့်တို့အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် မေတ္တာဖြင့်ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦးအားလည်းကောင်း၊ မင်္ဂလာဆိုင်းဝိုင်းဖြင့် ဧည့်ခံဖျော်ဖြေပေးပါသော အကယ်ဒမီမြန်မာပြည် ကျောက်စိမ်းနှင့်ဆိုင်းအဖွဲ့အားလည်းကောင်း၊ မင်္ဂလာအခါတော်သီဆိုပေးပါသော တေးသံရှင် ဒေါ်ရီရီသန့်အားလည်းကောင်း၊ ဘိသိက်မင်္ဂလာအခမ်းအနား ကိုကိုကြီးနှင့်ညီများ၊ သမီးဝင်းစန္ဒာကြီးအဖွဲ့အားလည်းကောင်း၊ ၁-၇-၂၀၁၂ရက်တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင် စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) မဟာသရေစည်သူ ဦးခင်မောင်သန်းနှင့်ဇနီး ဒေါ်မာလာတင့်တို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးအောင်နှင့်ဇနီး ဒေါ်တင်အုန်းမြင့်တို့အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မရွှေသုန္ဒရီ၊ မရွှေပန်းချီ၊ မရွှေဘုံစံမင်းဇေယျာတို့အားလည်းကောင်း၊ မင်္ဂလာပန်းကုံး ကလပ်ကိုင်ဆောင်ပေးပါသော ဒေါက်တာစုကျော်မြင့်အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ကလပ် ကိုင်ဆောင်ပေးပါသော မမယ်မဒ္ဒီမင်းဇေယျာအားလည်းကောင်း၊ မင်္ဂလာအခြံအရံများဖြစ်ကြသော မောင်ကျော်ဝေယံထွန်း၊ မောင်သာထက်အောင်၊ မကြည်ဖြူနှင်းနှင့် Le Dong Thuy တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်အားလည်းကောင်း၊ မေတ္တာဖြင့် မင်္ဂလာလက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော ကိုကျော်စွာဝင်း(တော်ဝင်စိန်တိုက်၊ မန္တလေး)အားလည်းကောင်း၊ မေတ္တာဖြင့် မင်္ဂလာအခမ်းအနား Decoration ပြုလုပ်ပေးပါသော ဒေါက်တာနေမျိုးဆေးအားလည်းကောင်း၊ တေးဂီတ တယောဦးတင်ရီနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာအခါတော်သီဆိုပေးပါသော တေးသံရှင် စိမ်းမိုမိုအားလည်းကောင်း၊ မင်္ဂလာဝတ်စုံတော်ဝင်သူ မေဦးမောင်အားလည်းကောင်း၊ မိတ်ကပ်နှင့် ဆံပင်မေဦး(တော်ဝင်သူ)နှင့်အဖွဲ့အားလည်းကောင်း၊ ပန်းအလှပြင်ပေးသော လင်းလင်းနှင့်အဖွဲ့အားလည်းကောင်း၊ မေတ္တာဖြင့် မှတ်တမ်းတင်ဗီဒီယိုရိုက်ကူးပေးပါသော ထပ်ဆင့်အကယ်ဒမီ စင်ရော်မောင်မောင်နှင့်အဖွဲ့အားလည်းကောင်း၊ မေတ္တာဖြင့် ဓာတ်ပုံရိုက်ကူးပေးပါသော ကိုလင်းထွန်းနှင့်ကိုကင်း(Leopard & King) အားလည်းကောင်း၊ မင်္ဂလာမှတ်တမ်းတင်ဗီဒီယိုနှင့်ဓာတ်ပုံ ရိုက်ကူးပေးပါသော စိုင်းဘုန်းထူးနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာဖိတ်စာ ရိုက်နှိပ်ပေးပါသော ဒဂုန်ပုံနှိပ်တိုက်အားလည်းကောင်း၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအား လည်းကောင်း၊ မင်္ဂလာအခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးပါသော မိဘဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးပင် လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
မောင်စိုးသွင်ထွန်း-မလှဲ့ရည်စိုး

ဒဂုံတက္ကသိုလ်ရူပဗေဒ ကျောင်းသားကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲအစည်းအဝေးဖိတ်ကြားခြင်း

ဒဂုံတက္ကသိုလ်ရူပဗေဒ ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်အာစရိယပူဇော်ပွဲကို ပိုမိုစည်ကား သိုက်မြိုက်စွာကျင်းပလိုပါသဖြင့် (၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်)အထိ ရူပဗေဒဌာနတွင် ပညာသင်ကြားပေးခဲ့သော ဆရာ ဆရာမများနှင့် အငြိမ်းစား ဆရာ ဆရာမများအား ပူဇော်ကန်တော့ပွဲကျင်းပနိုင်ရန် ဆွေးနွေးတိုင်ပင်လိုပါသဖြင့် (၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်)အတွင်း ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ အားလုံး အောက်ပါအစီအစဉ်အတိုင်း အစည်းအဝေးတက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေရာ - တော်ဝင်နှင်းဆီစားသောက်ဆိုင် (ငြိမ်းချမ်းခန်းမ)၊ အမှတ် ၂၂၁/၂၂၃၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်
ကျင်းပမည့်အချိန် - ၁၀း၃၀နာရီမှ ၁၂း၃၀နာရီအထိ (အချိန်အခက်အခဲရှိပါ၍ တိကျစွာလာရောက်ပါရန်)
ကျင်းပမည့်နေ့ရက် - ၂၀၁၂ ခုနှစ် ဇူလိုင်လ ၈ ရက် (တနင်္ဂနွေနေ့)
ဆက်သွယ်ရန်သူငယ်ချင်းများ-ကိုဇော်မျိုးလှိုင် ဖုန်း-၀၉၇၃၀၉၃၂၆၄၊ မနီလာဝင်း ဖုန်း-၀၉-၇၃၁၆၁၀၂၇၊ ကိုကျော်သင်းအောင် ဖုန်း-၀၉-၅၀၈၄၆၄၉၊ ကိုမောင်မောင်မြင့် ဖုန်း-၀၉-၄၃၁၃၃၉၇၇၊ ကိုဘိုဘို ဖုန်း-၀၉-၄၃၁၈၂၉၀၁၊ ကိုကုဋ္ဌေဝင်း ဖုန်း-၀၉-၅၄၀၅၀၅၁၊ ကိုဇော်မင်းထွေး ဖုန်း-၀၉-၅၁၃၂၂၆၀၊ မနီနီလေးမြင့် ဖုန်း-၀၉-၅၁၆၀၀၁၆



ရောင်းမည်

ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်တွင် (၂၅×၅၀)ပေ မြေနှင့် တိုက်အိမ်၊ ရေ စက်တူးပြီး။

ဖုန်း-၀၉-၅၀၂၇၉၆၅၊ ၀၉-၇၃၀၆၅၃၃၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၅၂၊ မြေကွက်အမှတ် ၂၆(B)၊ မြေကွက်တည်နေရာ အမှတ် ၃၄၊ ရေတာရှည်လမ်းသစ်၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့နယ် ဦးမောင်ညွှန့်နှင့် ဆရာသန်း အမည်ပေါက် နှစ်၆၀မြေငှားဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဦးမောင်ညွှန့် (ဖခင်) ဒေါ်မမကြီး(မိခင်) ကွယ်လွန်သဖြင့် (၁) ဒေါ်ကြူကြူ ၁၂/ဥကတ(နိုင်) ၀၅၃၈၅၁၊ ဒေါ်ကြင်ပို၁၂/ဥကတ(နိုင်) ၀၅၉၄၅၉ တို့၏ (GP) ၁၃၈၉၀/၁၁၊ (GP)၁၃၅၄၆/၁၁ ရရှိသူ ဦးကျော်မြင့်က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းပြုလွှာတင်ပြ၍ ဦးမောင်ညွှန့် အစုအတွက် အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သင့်သွေးဖြင့် အသက်ကယ်ပါ

ရောင်းမည်

- အကျယ် ပေ(၆၀×၁၂၀)
- မြောက်ဥက္ကလာအပိုင်းနှင့် သုဓမ္မာလမ်းမကြီးအနီး
- ရေ (အဝီစိ-ဂျိုးဖြူ)
- မီး (ပါဝါ-ရိုးရိုး)
- အုတ်တံတိုင်းခတ်ပြီး
- စုံစမ်းရန် ဖုန်း-၀၁-၉၆၉၀၁၉၃
  -၀၁-၆၉၁၇၀၇
  -၀၉-၅၄၁၀၀၁၉

(မှတ်ချက်-ပွဲစားမလို)

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

(၁)ဗိုလ်မြတ်ထွန်းလမ်းကွန်ဒို (1500 sqft), Ph,AC ပြင်ဆင်ပြီး ကျပ်သိန်း၁၁၀၀။
(၂)အထက်ပန်းဆိုးတန်းလမ်းကွန်ဒို(1250 sqft),Ph,AC၊ ပြင်ဆင်ပြီး ကျပ်သိန်း၆၅၀။
(၃)၄၇လမ်း၊ တိုက်ခန်း (1500 sqft), Ph,AC, ပြင်ဆင်ပြီး ကျပ်သိန်း ၆၀၀။

ဖုန်း-၀၉-၈၆၁၁၀၇၁၊ ၀၉-၄၂၁၁၀၃၆၉၄၊ ၀၉-၄၄၈၀၂၁၆၂၀၊ ၂၉၉၃၅၉

ပျောက်ဆုံးကြောင်း

ကျွန်မ မနှင်းဝေခိုင် ၁၂/မဂဒ(နိုင်)၀၈၈၉၂၅ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၆၉၅၂၂၁**

အမည်ပြောင်း

ဦးအေးဆန်း၏သား မှန်ကင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ သတ္တမတန်းမှ မောင်ဝေယံဦးအား မောင်ဖုန်းမြတ်ကောင်းဟု ပြောင်းလဲခေါ်ပါရန်။

တိုက်ခန်းအမြန်ရောင်းမည်

၂၄ပေ×ပေ၆၀၊ လှိုင်ချင်းလေးလွှာ၊ ပါကေး၊ 3A/C, 3 Bed Rooms, Sunshade၊ ကျောက်မြောင်း၊ တာမွေ၊ ကျပ်သိန်း ၄၈၀။

ဖုန်း-၀၉-၄၄၈၀၁၉၅၅၅၊ ၀၉-၅၅၀၂၂၇၂

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၄၂)၊မဟာဆွေ ၁လမ်း၊ မြေကွက်အမှတ် (၅၃)၊မြေအကျယ်ပေ(၄၀×၆၀)ရှိ မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော ရေ၊ မီးပါရှိသည့် နေအိမ်မှာ ဒေါ်နွယ်နွယ်လှိုင်၏နှစ် ၆၀ မြေငှားဂရန် အမည်ပေါက်ဖြစ်ပြီး ၎င်းထံမှ အဆင့်ဆင့် ဝယ်ယူပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုရှိသူ ဦးလှဌေးထံမှ ဒေါ်ရှုခင် ၁၂/ဥကတ(နိုင်) ၁၃၀၇၀၀ က ၄-၄-၂၀၁၀ရက်တွင် အပြီးအပိုင်ဝယ်ယူပြီး ယနေ့တိုင် လက်ရောက်လွှဲပြောင်းရရှိခဲ့သော နေအိမ်နှင့် မြေဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ရှုခင်၏ ညွှန်ကြားချက်အရ-

ဒေါ်ဝေဝေခိုင်(စဉ်-၆၆၀၅) **ဒေါ်ငြိမ်းစန္ဒာဖြိုး(စဉ်-၃၆၅၃၀)**
တရားလွှတ်တော်ရှေ့နေ **အထက်တန်းရှေ့နေ**
အမှတ် (ဃ/၃၀၄)၊ ခေမာသီလမ်းမ၊ မြောက်ဥက္ကလာပမြို့၊ ဖုန်း-၀၉-၅၄၀၇၂၂၉

မွေးနေ့ဆုတောင်း

တစ်ဦးတည်းသောချစ်သား **မောင်သီဟကျော်စွာ** **Grade - 8 (D) (T.T.C)**၏ ၃-၇-၂၀၁၂ရက်တွင် ကျရောက်သော (၁၂)နှစ်ပြည့်မွေးနေ့မင်္ဂလာမှသည် နောင်နှစ် ၁၀၀တိုင် ကျန်းမာပျော်ရွှင်ပြီး လိုရာအားလုံးနှင့် ပြည့်စုံသောသားရတနာလေးဖြစ်ပါစေ-

ချစ်ဘွားဘွား - **ဒေါ်ကျင်သန်း**
ချစ်ဖေဖေ - **ဦးသန်းထွန်း (1/E, Lizstar)**
ချစ်မေမေ - **ဒေါ်ခက်ခက်စိုး**

ပုလဲမြေ
PEARL LAND TRAVELS & TOURS CO., LTD.

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်းရှိသာဝန်ထမ်းရန်)

Myanmar Educare Co., Ltd., International School of Myanmar

1. Assistant Music Teacher (Male(or) Female) — 1 Post
   Any Graduate,

2. Assistant Teacher (Physical Education) (Male(or) Female) — 1 Post
   Any Graduate,

3. Assistant Accountant (Female) — 1 Post
   B.Com (or) Any Graduate with LCCI (Level III), ACCA.

4. Mathematics Teacher (Male (or) Female) — 1 Post
   Ph.D (Local or Foreign degree)

All the above jobs must have good experience in English and fluent in speaking.

C.V ... W-22 ...

ဂုဏ်ထူးဦးအောင်ဒိုင်
Basic Grammar (2 Color)
Essays & Letters (3 Color)
01 252 919, 09 430 85263

ဒေါ်စုစုလင်း (Silver Medalist)
B.A(Eng-UFL), DA, CAT, ACCA (Affiliate)
LCCI, FIA, ACCA & Dip IFR

အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ စီးတောမြောက်ရွာနေ ဦးသန်းညွန့်၏သား မောင်အောင်မျိုးဆွေ ၅/ယမပ(နိုင်)၀၉၄၁၀၈၏ အမည်မှန်မှာ မောင်အောင်မျိုးဆွေ(ခ)မောင်အောင်ဇော်ဟိန်း ဖြစ်ပါသည်။

ကျော် ဝင်းခိုင် PSC

ဒေါက်တာခင်မောင်ညို

Ph: 0951 72096, 0950 47516, 01-375970

အခြေခံလူသုံးကုန်မှ မော်တော်ကားအထိ ဈေးနှုန်းအထူးသက်သာစွာဖြင့် ဝယ်ယူရရှိနိုင်မည့် ပြပွဲကြီး
YANGON LIFESTYLE & AUTOMOBILE SHOW
19.7.12 မှ 22.7.12 SMART BUSINESS GROUP Ph: 01-527583, 09 730 14777, 09 50 99079 တပ်မတော်ခန်းမ၊ရန်ကုန်မြို့

Gusto Higher Education Institute
edexcel Approved Centre Centre No.93683
တက္ကသိုလ်ဝင်တန်း အောင်မြင်ထားသူများအတွက် နိုင်ငံတကာပညာရေး အခွင့်အလမ်း
HND DIPLOMA IN COMPUTING (UK)



- Edexcel ၏ တရားဝင်အသိအမှတ်ပြု Higher Education Institute ဖြစ်သော Gusto တွင် HND Diploma in Computing ကိုလေ့လာသင်ယူနိုင်ပြီး
- HND Diploma ရရှိပြီးပါက Gusto Institute တွင်ပင် နောက်ထပ်တစ်နှစ် ထပ်မံတက်ရောက်ပြီး ဗြိတိန် မှ B.Sc (Hons) Computing ဘွဲ့ကို အရှိန်ကိုတွင် ...
- ... နိုင်ငံတကာတက္ကသိုလ်ကြီးများ၏ ...

Enroll Before : 7th July
OPENING DATE : 14th July

Gusto Institute :
#332(D), Pyay Road, Sanchaung Tsp.
Ph: 01-503715, 0986-28806.

[illegible]

Union Civil Service Board

[illegible]

[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible] (M.B.B.S)

[illegible]

[illegible] Website [illegible] ucsb.imis.com.mm [illegible] www.ucsb.gov.mm [illegible]

FAME

Cholecrush®

For Gallstones

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

[illegible]

[illegible] (Wah Lwin Manufacturing Co., Ltd.) [illegible]

[illegible] Claudia Saw Lwin [illegible]

[illegible]

LL.B, H.G.P, Dip in Business Law

Dip in Applied Psychology, Dip in Maritime Law WIPO (Switzerland)

[illegible]

THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF ENERGY
MYANMA OIL AND GAS ENTERPRISE
NO.44, COMPLEX, NAY PYI TAW
MYANMAR

Fax : 067-411125/411178

INVITATION FOR BIDS

1. BIDS are invited by the MYANMA OIL AND GAS ENTERPRISE, No.44, COMPLEX, NAY PYI TAW, MYANMAR for the supply of

IFB NO.I(T) MCY-MOGE / EXP (2012-2013) CAP

Natural Gas Pipe Line Booster Compressor Unit - (2)NAP

2. Bidding documents shall be available commencing from 4th July, 2012 up to 24th July, 2012 at the Finance Department, Myanma Oil and Gas Enterprise, No.44, Complex, Nay Pyi Taw, Myanmar during office hour by payment to the order of Myanma Foreign Trade Bank attesting remittance of US$ 100(US Dollars: One Hundred Only) in favour of Myanma Oil and Gas Enterprise (or) FEC 100 (FEC : One Hundred Only) to the above office for each set of document.

3. Bids shall be accepted only from the bidders who officially purchased the bidding document and for each entry quotation is needed to refer each set of original bidding document.

4. The quotation must be addressed to the Managing Director and to be delivered into the TENDER BOX located at the above address not later than 13:00 hours on 31st July, 2012.

Managing Director
Myanma Oil and Gas Enterprise

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်း-၂၀
ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌
၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ်-၃၉

ဒေါ်ရီရီထိန်	နှင့် ၁။	ဦးဟန်စိုးအောင်
(၄င်း၏အခွင့်ရ	၂။	ကိုစိုးမင်း
ကိုယ်စားလှယ်	၃။	ကိုစိုးလင်း
ဦးအောင်ထိန်)	၄။	ဒေါ်ရီရီမိုး
	၅။	ဦးထွန်းငွေ
တရားလို		**တရားပြိုင်များ**

ဦးဟန်စိုးအောင်၊ ကိုစိုးမင်း၊ ကိုစိုးလင်း၊ ဒေါ်ရီရီမိုး၊ ဦးထွန်းငွေ (အတူနေသူများ) အမှတ်(၇)၊ မန္တလေး-လားရှိုးလမ်း၊ အကွက်(၂)၊ ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌တရားလိုက ဝယ်ယူခဲ့သည့် မြေလက်လွှတ်ဆုံးရှုံးရသည့်အတွက် ကတိစာချုပ်တွင်သတ်မှတ်ထားသည့်အတိုင်း မြေကွက်၏ကာလတန်ဖိုး ငွေကျပ် သိန်း၄၈၀၀ရလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည် ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၂ ခုနှစ် ဇူလိုင် ၂၄ရက် (၁၃၇၄ ခုနှစ် ဒုတိယဝါဆိုလဆန်း ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာ၌ ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၂ခုနှစ် ဇွန် ၂၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **ဒေါ်ချစ်ချစ် (ခရိုင်တရားသူကြီး)**
ပြင်ဦးလွင်ခရိုင်တရားရုံး

အသိပေးကြေညာခြင်း

ကမ္ဘောဇဖြန့်ချိရေးလုပ်ငန်းမှ မြစ်ကြီးနားမြို့၊ အရောင်းကိုယ်စားလှယ်ထံတွင် အရောင်းဝန်ဆောင်မှုအဖြစ် တာဝန်ပေးထားသော ဦးနေစိုးဝင်း၏သား ဦးအောင်ဇော်မင်း ၈/ရစက(နိုင်)၂၀၂၁၅၅သည် ငွေကြေးအရှုပ်အရှင်းဖြစ်ပေါ်ခဲ့သဖြင့် ၂၉-၅-၂၀၁၂ ရက်မှစ၍ တာဝန်မှရပ်နားခဲ့ပြီးဖြစ်ပါသည်။ ဦးအောင်ဇော်မင်းမှာ လုပ်ငန်းနှင့်သက်ဆိုင်ခြင်းမရှိတော့သဖြင့် လုပ်ငန်းအမည်သုံးစွဲခွင့်မရှိကြောင်း၊ နောင်တွင် ဈေးကွက်အတွင်း လုပ်ငန်းအမည်သုံးကာ ငွေကြေးကိစ္စအရှုပ်အရှင်း ထပ်မံဖြစ်ပွားပါက လုပ်ငန်းမှတာဝန်ယူမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကမ္ဘောဇတောင်တန်းဖြန့်ချိရေးလုပ်ငန်း

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငွေနံ့သာစံပြကျေးရွာ၊ ကွင်းအမှတ် ၄၉၅-အေ၊ မြေကွက်အမှတ် ၂၆ဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငွေနံ့သာစံပြကျေးရွာ၊ ပေ ၁၅၀လမ်း၊ အမှတ် ၂၆ဟုခေါ်တွင်သော ပေ ၁၅၀ လမ်းဘက်မျက်နှာစာ အနံပေ ၁၂၀၊ ရှေ့နောက်အလျားပေ ၁၀၀၊ ဧရိယာအကျယ်ပမာဏရှိသော ခြံမြေကွက်နှင့် ထိုခြံမြေကွက်ပေါ်ရှိ သီးပင်စားပင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုပိုင်ဆိုင်ကြောင်း အဆိုပြုသူများဖြစ်သော ဦးကျော်နိုင် ၁၂/ဥကတ(နိုင်) ၁၁၄၃၁၁ နှင့် ဒေါ်တင်နန္ဒာလင်း ၁၂/မဘန(နိုင်)၀၉၁၈၇၁တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ သုံးရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်သူဇာလွင် LL.B, D.B.L အထက်တန်းရှေ့နေ (စဥ်-၂၅၇၇)
အမှတ် ၁၃၊ ဘောဂလမ်း၊ ဧကရာဇ်ရပ်ကွက်၊ထောက်ကြန့်မြို့၊
မင်္ဂလာဒုံမြို့နယ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ် (၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းရုံးချုပ်နှင့် ဓာတ်အားပေးစက်ရုံများအတွက် အောက်ဖော်ပြပါ ပစ္စည်းများကို နေပြည်တော် (ပေါင်းလောင်းဂိုဒေါင်)အရောက် တန်ဖိုးမြန်မာ(ကျပ်)ငွေဖြင့်ဝယ်ယူလိုပါသည်-

(၁) ရုံးသုံးစက်ကိရိယာပစ္စည်းများ (၁၀)မျိုး	**ပေါင်း(၇၄)ခု**
(၂) ရုံးသုံးပရိဘောဂပစ္စည်းများ (၁၃)မျိုး	**ပေါင်း (၃၃၂)ခု**
(၃) စက်ရုံသုံး/လုပ်ငန်းသုံး Pump များ (၃)မျိုး	**ပေါင်း(၃)စုံ**
(၄) ရေအားလျှပ်စစ်စက်ရုံအတွက် Bearing (၅)မျိုး	**ပေါင်း(၈)စုံ**
(၅) ရေအားလျှပ်စစ်စက်ရုံသုံး Generator Air Cooler(၆)မျိုး	**ပေါင်း(၃၁)လုံး**
(၆) Boiler Water Feed Pump	**ပေါင်း(၂)လုံး**
(၇)2V 600 Ah AGM Batteries	**ပေါင်း(၁၀၄)လုံး**

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၂ခုနှစ် ဇူလိုင် ၁၇ရက် မွန်းတည့် ၁၂နာရီဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ် (၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၆၈နှင့် ၄၁၁၀၇၆

အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ

မန္တလေးခရိုင်တရားရုံး၌
၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်-၂၆၉

ဦးအောင်နိုင်ဦး	နှင့်	၁။ ဦးနေလင်းအောင်
(၄င်း၏အခွင့်ရ		၂။ ဒေါ်မမ(ခ)ဒေါ်ကြည်ကြည်မြ
ကိုယ်စားလှယ်		၃။ ဦးကျော်ဝေ(ခ)စန်းဝေဟွာ
ဦးသိန်းသန်းထိုက်)		(၄င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးတင်ရွှေ)
တရားလို		**တရားပြိုင်များ**

ဦးနေလင်းအောင် အမှတ်(၇၈၂)၊ ဦးပိုင်(၁-ဓ)၊ ၆၉လမ်း၊ ၂၅×၂၈ ကြား၊ ပြည်ကြီးမျက်မှန်ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ သိစေရမည်။

အထက်အမည်ပါအမှုတွင် တိုင်းဒေသကြီးတရားလွှတ်တော်က ဤရုံးသို့ လက်ဖွေနှင့်ကိုယ်စားလှယ်စာမူရင်းရယူပြီး ကျွမ်းကျင်သူထံပေးပို့စစ်ဆေး၍ စစ်ဆေးသူ၏တွက်ချက်နှင့် ပြန်လည်တင်ပြရန်ညွှန်ကြားသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၂ခုနှစ် ဇူလိုင် ၁၆ရက် မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောကြားပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါ လျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၂ခုနှစ် ဇွန် ၂၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မိုးမြင့်
ခရိုင်တရားသူကြီး

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ

လျှောက်ထားကြောင်းအကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
မန္တလေးခရိုင်တရားရုံး ခရိုင်တရားမရုံး၌
၂၀၁၂ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၅၆

ကွယ်လွန်သူ ဒေါ်ရီရီ မန္တလေးမြို့၊ ပထမပုဂ္ဂလိကဘဏ်ခွဲ(၂)၌ ကျန်ရှိရစ်သော ပစ္စည်းငွေစုစာအုပ်အမှတ် (B-2201, 021 Y.015)စုဆောင်းငွေပေါင်း ၈၆၉၉၆၃၄၄ကျပ်၈၉ပြား အကြောင်း။

ဦးမြင့်အောင် **လျှောက်သူ**

ချမ်းအေးသာစံမြို့နယ်၊ အကွက် ၂၄၄၊ သီရိဟေမာအရှေ့ရပ်ကွက်နေ ဦးမြင့်အောင်က ကွယ်လွန်သူ ဒေါ်ရီရီ၏ ခင်ပွန်းဖြစ်သည်ဟူ၍ ချမ်းအေးသာစံမြို့နယ်၊ အကွက်၂၄၄၊ သီရိဟေမာအရှေ့ရပ်ကွက်နေ ၄င်းကွယ်လွန်သူ ဒေါ်ရီရီမှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန်သက်သေခံလက်မှတ်စာ အက်ဥပဒေအရလက်မှတ်စာရလိုကြောင်း၊ ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၄င်းကွယ်လွန်သူ ဒေါ်ရီရီမှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၂ ခုနှစ် ဇူလိုင် ၁၆ရက် (၁၃၇၄ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၃ရက်) တွင်လာရောက်ကြရမည်။ ၄င်းရက်တွင် လျှောက်သူ ဦးမြင့်အောင်၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည် အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၂ခုနှစ် ဇွန် ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

မောင်မောင်အေး
ဒုတိယခရိုင်တရားသူကြီး(၁)
မန္တလေးခရိုင်တရားရုံး

လက်ထပ်ပြီးစီးခြင်း

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့၊ နဘဲကန်ရွာနေ
ဦးမာဒင်-ဒေါ်ငယ်တို့၏သားကြီး

ဒေါက်တာဇော်ထွန်း (ခ) ဒေါက်တာအောင်ဇော်ထွန်း

M.B.,B.S (Mdy)

လက်ထောက်ဆရာဝန်၊ ခုတင် ၃၀၀ဆံ့သင်ကြားရေးဆေးရုံကြီး

နှင့်

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ရှမ်းဝိုင်းရပ်ကွက်နေ
ဦးချစ်ငွေ-ဒေါ်ရီရီမြင့်တို့၏သမီး

ဒေါက်တာအေးအေးသွယ်

M.B.,B.S (Mdy)

တို့သည် ၃၀-၆-၂၀၁၂ရက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာဇော်ထွန်း (ခ) ဒေါက်တာအောင်ဇော်ထွန်း-ဒေါက်တာအေးအေးသွယ်

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ပြည်တော်သာရပ်၊ မြခွာညိုလမ်း၊ အိမ်အမှတ် ၁၅၃ ဥပစာနှင့် စပ်လျဉ်း၍

ဦးဇော်အောင် ၁၃/တကန(နိုင်)၀၀၉၂၁၉ နှင့် သက်ဆိုင်သူများသိစေရန်ကြေညာချက်

အထက်ပါအဆောက်အအုံဥပစာ၏ ပိုင်ရှင် ဒေါ်ဂျီဂျာနန်၏ သဘောတူညီချက်အရ အစ်မ ဒေါ်ဆိုင်းဘူ ၁၃/တကန(နိုင်) ၀၀၉၂၁၂က ယင်းအဆောက်အအုံတွင် မောင်ဖြစ်သူ ဦးဇော်အောင်အား ခေတ္တနေထိုင်ခွင့်ပြုထားခဲ့သည်ကို အခွင့်ကောင်းယူလျက် အခြားသူများကို ဝင်ရောက်နေထိုင်အသုံးပြုစေလျက်ရှိကြောင်း စုံစမ်းသိရှိရသည့်အပြင် ယင်းဥပစာကို လွှဲပြောင်းရန်အထိ စီစဉ်အားထုတ်လျက်ရှိနေကြောင်း ကြားသိလာရ၍ ယင်းအဆောက်အအုံဥပစာ၌ ဦးဇော်အောင်အား ခေတ္တနေထိုင်ခွင့်ပြုထားခြင်းကို ယနေ့မှအစပြု၍ ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်းနှင့် ဦးဇော်အောင်သည် ယခင်ခေတ္တနေထိုင်ခွင့်ရသည့် အခြေအနေအတိုင်း ခေတ္တနေထိုင် ခွင့်ပြုထားသူ အစ်မဒေါ်ဆိုင်းဘူထံသို့ ဖော်ပြပါအဆောက်အအုံဥပစာကို အေးချမ်းစွာ ပြန်လည်အပ်နှံပါရန်နှင့် ပျက်ကွက်ပါက တရားဥပဒေအရ တရားစွဲဆို ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အမှုသည်ဒေါ်ဆိုင်းဘူ၏ လွှဲအပ်ချက်အရ-
ဦးမောင်မောင်(တရားလွှတ်တော်ရှေ့နေ-၃၄၇၃) ABEL & PARTERS LLP
အမှတ် ၅၀၄/၅၀၆၊ အခန်း A6၊ ကုန်သည်တာဝါ(၂)၊
၃၉လမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

တောင်ပြုံးပွဲတော် ကျင်းပရေးကော်မတီ ဈေးပြိုင်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မတ္တရာမြို့နယ်၊ တောင်ပြုံးကျေးရွာ ဆုတောင်းပြည့် ဆုတောင်းရ မြတ်စွာဘုရားပွဲတော်နှင့် တောင်ပြုံးမင်းနှစ်ပါးပွဲတော်ကို (၁၃၇၄ခုနှစ် ဝါခေါင်လဆန်း ၈ရက်မှ ၁၅ရက်အထိ) ၂၅-၈-၂၀၁၂ရက်မှ ၁-၉-၂၀၁၂ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ ပွဲတော်ကာလအတွင်း အောက်ပါလုပ်ငန်း(၁၀)ခုအား ဈေးပြိုင်အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တင်ဒါခေါ်ယူ၍ လုပ်ကိုင်ခွင့်ပြုသွားမည်ဖြစ်ပါသည်-

- (က) ဈေးကြီးလုပ်ငန်း
- (ခ) ဈေးလေးလုပ်ငန်း
- (ဂ) ပန်းရွှေဆိုင်းလုပ်ငန်း
- (ဃ) ဇာတ်ရုံ(၁)မြေနေရာလုပ်ငန်း
- (င) ဇာတ်ရုံ(၂)မြေနေရာလုပ်ငန်း
- (စ) ညောင်ပင်ဝိုင်းမြေနေရာလုပ်ငန်း
- (ဆ) ရေဖြန့်ဖြူးရေးလုပ်ငန်း
- (ဇ) အိမ်သာလုပ်ငန်း
- (ဈ) လျှပ်စစ်မီးဖြန့်ဖြူးရေးလုပ်ငန်း
- (ည) ရုပ်ရှင်လုပ်ငန်း

၂။ တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို ဆုတောင်းပြည့် ဆုတောင်းရ မြတ်စွာဘုရားဂေါပကအဖွဲ့ (တောင်ပြုံးကျေးရွာ)နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မတ္တရာမြို့တို့တွင် ၄-၇-၂၀၁၂ရက်မှစတင်၍ တစ်စောင်လျှင် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ဆက်သွယ်ဝယ်ယူနိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက လက်ခံစဉ်းစားမည် မဟုတ်ပါ။

၃။ ဈေးပြိုင်စနစ်ဖြင့် အိတ်ဖွင့်တင်ဒါရောင်းချခြင်းအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မတ္တရာမြို့တွင် ၁၂-၇-၂၀၁၂ရက် နံနက် ၉နာရီမှစတင်၍ လုပ်ငန်းတစ်ခုချင်းအလိုက် ရောင်းချသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဥက္ကဋ္ဌ
တောင်ပြုံးပွဲတော်ကျင်းပရေးကော်မတီ
ဖုန်း-၀၉-၉၁၀၂၀၁၄၂

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာဥယျာဉ်အိမ်ရာ စီမံကိန်း၊ တိုက်အမှတ် (က)၊ အခန်းအမှတ် ၂၀၁ကို မူလအမည်ပေါက်ပိုင်ရှင် ဦးဇော်ဟိန်း-ဒေါ်စိန်စိန်မြင့်ထံမှ ဦးသက်ကိုကိုဦးက တရားဝင်စာချုပ်စာတမ်းဖြင့် ဝယ်ယူပြီးဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၁၄၆၊ မြေကွက်အမှတ်၂၀၇၅၊ မြေကွက်တည်နေရာအမှတ် ၂၀၇၅၊ (၁၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ဦးစိုးမြင့်အောင် ၁၂/လကန(နိုင်)၀၈၃၃၀၂ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးစိုးမြင့်အောင်က မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့်ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဝန်ခံချက်များတင်ပြပြီး ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီး၏ ၁၃၇၄ခုနှစ် နှစ်စဉ် ဝါတွင်းရက် ၁၀၀၊ (၁၀)ကြိမ်မြောက် အထူးတရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ နဝရတ်လမ်း၊ ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီး၌ **ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး** ၏ ဥပနိဿယကိုခံယူလျက် ဆရာတော် **အရှင်ပုညာနန္ဒ**၏ တရားစဉ်နှင့် လုပ်ငန်းစဉ်အတိုင်း ဆရာတော်ကြီး၏ ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်တရားတော်များနှင့်တကွ နယ်လှည့်ဓမ္မကထိကများ၏ သစ္စာတရားတော်များ နာယူကျင့်ကြံ အားထုတ်နိုင်ရန် ပုညာရာမကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် ခမည်းတော်ကြီး **ဘဒ္ဒန္တ ဝိစာရ** က ၂၅-၇-၂၀၁၂ရက်မှ ၃၁-၁၀-၂၀၁၂ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ယောဂီဦးရေ(၃၀၀)သာ လက်ခံမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူများ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။ ၂၄-၁၀-၂၀၁၂ရက် ညနေအရောက် လာရပါမည်။

ဖုန်း-၀၁၅၅၃၃၃၀ နှင့် ၀၉-၅၀၁၃၂၉၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပျိုးပင်များရောင်းရန်ရှိသည်

ပတ္တမြားထက်ပိုပြီးနီရဲသော နောက်ဆုံးပေါ် တော်ဝင်သပြေ (ခ) အာဆီယံသပြေအညို ပျိုးပင်အရွယ်စုံ လက်လီလက်ကား ရရှိနိုင်ပါသည်။ ဆက်သွယ်ရန်လိပ်စာ (၁) ဦးမြသန်း-ဒေါ်မြသန်း (ပန်းခြံ)၊ လမ်း(၈၀×၈)လမ်း၊ မန္တလေးဘီယာစက်ရုံ အနောက်ဘက်၊ မန္တလေးမြို့၊ (၂) ရွှေပန်းခင်းပျိုးပင်ဆိုင် ရတနာပုံတိရစ္ဆာန်ဥယျာဉ် မျက်နှာစာတန်း၊ မန္တလေးမြို့။

ဖုန်း-၀၉-၅၁၁၈၆၉၅၊ ၀၉-၆၅၀၄၆၃၄

ကြော်ငြာစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၂ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၃၅
(ကွယ်လွန်သူဒေါ်ရွှေမြိုင်၌ကျန်ရှိရစ်သောမရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု)

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဝါဝါဝင်းလမ်း၊ အမှတ်(၃၅)တွင်နေထိုင်ခဲ့သော ဒေါ်ရွှေမြိုင် ကျန်ရှိသောပစ္စည်းများနှင့်စပ်လျဉ်း၍ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၇၁၄/၂၀၁၁တွင် အမွေထိန်းလက်မှတ်စာရရှိခဲ့သူ ဒေါ်အေးရီက အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇အရ အမွေထိန်းပစ္စည်းဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၁၅၊ ဦးပိုင်အမှတ်-၄၅/ကရို၊ ပေ(၄၀×၃၀) အကျယ်အဝန်းရှိ မြေကွက်ကို စီမံခန့်ခွဲခွင့်ပြုရန် လျှောက်ထားလာပါသဖြင့် ဤအမှုကို၂၀၁၂ခုနှစ် ဇူလိုင် ၁၆ရက် (၁၃၇၄ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၃ရက်)တွင် ကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ကွယ်လွန်သူဒေါ်ရွှေမြိုင် ကျန်ရစ်သောပစ္စည်းများ အကျိုးသက်ဆိုင်သည်ဟုအဆိုရှိသူ မည်သူမဆို အမှုတွင်လာရောက်အမှုဆိုင်လိုပါက ချိန်းဆိုထားသော ၂၀၁၂ခုနှစ် ဇူလိုင် ၁၆ရက်(၁၃၇၄ခုနှစ် ပထမဝါဆိုလပြည့်ကျော်၁၃ရက်)၌မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့နည်းလမ်းတကျ လွှဲအပ်ထားသောကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း၊ လာရောက်အမှုရင်ဆိုင်ရန်နှင့် ယင်းကဲ့သို့ လာရောက်ရန်ပျက်ကွက်ခဲ့လျှင် တရားရုံးက လျှောက်ထားသူဒေါ်အေးရီ၏ လျှောက်လွှာအပေါ် စစ်ဆေးကြားနာ၍ စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၁၂ခုနှစ် ဇွန် ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဝင်းမြိုင်
ဒုတိယခရိုင်တရားသူကြီး (၅)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

၂၆-၆-၂၀၁၂ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၇တွင်ပါရှိသော ဦးမြဟန် တရားလွှတ်တော်ရှေ့နေ (စဉ်-၂၇၀၁)နှင့် ဒေါ်ဂန့်ဂေါ်ထွန်းမြင့်(ပါ-၄)တို့၏ အသိပေးကြေညာချက်နှင့်ပတ်သက်၍ ရှင်းလင်းကြေညာချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းမြောက်ရပ်ကွက်၊ ဦးစံငြိမ်းလမ်း၊ အမှတ် ၈နေ ဒေါ်တင်ရီ ၁၂/စခန(နိုင်)၀၂၁၇၉၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ယခင်အခေါ် ကြည့်မြင်တိုင်အရှေ့တိုက်နယ်၊ ယခုစမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇/စီ၂၊ လူနေရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၂၃၊ အလျား×အနံ ၅၇ပေ×၃၈/၃၇ပေ၊ ဧရိယာစတုရန်းပေ ၂ ဒသမ ၁၃၇၉ကေရှိမြေနှင့် ယင်းမြေပေါ်ရှိ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ အမှတ် ၄၁ဟုခေါ်တွင်သည့် အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမွေဆိုင်များဖြစ်သည့် အမွေဆိုင်(၁) ဒေါ်တင်ရီ၊ အမွေဆိုင်(၂) ဦးထွန်းမြင့် ၁၂/စခန(နိုင်)၀၀၆၄၃၂၏ အခွင့်ရကိုယ်စားလှယ် ဒေါ်ဂန့်ဂေါ်ထွန်းမြင့် ၁၂/စခန(နိုင်)၀၀၂၃၇၃နှင့် အမွေဆိုင်(၃) ဒေါ်မူမူမြင့် ၁၂/ကမတ(နိုင်)၀၁၈၅၆၃၊ ဗိုလ်ကြီးဖြိုးဝေအောင် ၁၂/ကမတ(နိုင်)၀၆၃၈၅၂၊ ကိုမျိုးသူရအောင် ၁၂/ကမတ(နိုင်)၀၆၃၈၅၃ တို့က အပိုင်ရောင်းချသူများအဖြစ်လက်မှတ်ရေးထိုး၍ ဦးအောင်ကျော်ထူး ၉/မနမ(ပြု) ၀၀၀၀၀၇သို့ ငွေကျပ် ၃၂၈၀၀၀၀၀ (ငွေကျပ်သုံးထောင့်နှစ်ရာရှစ်ဆယ်သိန်းတိတိ)ဖြင့် ရောင်းချခဲ့ပါသည်။

၃။ အမွေဆိုင်များအနေဖြင့် ရောင်းချငွေမှ ကျသင့်သောအခွန်ငွေစရိတ်များနုတ်၍ သုံးပုံတစ်ပုံစီခွဲဝေရယူရန် နှစ်ဖက်သဘောတူကတိပြုလက်မှတ်ရေးထိုးထားခဲ့ပြီးဖြစ်ပါသည်။ ကတိအတိုင်း အမွေဆိုင်များအနေဖြင့် ရရန်ရှိသည့် အချိုးကျငွေများကို ရယူခံစားခဲ့ပြီးဖြစ်သည့်အပြင် ရောင်းခွန်(ဝင်ငွေခွန်)ပေးဆောင်ရန် အဆင်သင့်ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ သို့အတွက်လည်း ဒေါ်တင်ရီမှ ဦးအောင်ကျော်ထူးထံသို့ ၂၂-၆-၂၀၁၂ ရက်စွဲဖြင့် တရားဝင်အရောင်းအဝယ်စာချုပ်ကို ၂-၇-၂၀၁၂ရက်တွင် နောက်ဆုံးထား ချုပ်ဆိုပေးရန် အကြောင်းကြားစာပေးပို့ခဲ့ပါသည်။ ဒေါ်ဂန့်ဂေါ်ထွန်းမြင့် ၁၂/စခန(နိုင်)၀၀၂၃၇၃ထံသို့လည်း ပေးပို့ခဲ့ပြီးဖြစ်ပါသည်။ အခြားအမွေဆိုင်များသို့လည်း မိတ္တူပေးပို့ပြီးဖြစ်ပါသည်။

၅။ ၂၆-၆-၂၀၁၂ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၇) အသိပေးကြေညာချက်တွင်

- (က) လွှဲအပ်ညွှန်ကြားသူ (၁) ဒေါ်သွယ်သွယ်မြင့်၊ (၂) ဦးအောင်စိုးမြင့်၊ (၃) ဒေါ်ဂန့်ဂေါ်ထွန်းမြင့်တို့သည် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းမြောက်ရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ် ၄၁တွင် ယခုလက်ရှိနေထိုင်ခြင်းမရှိပါ။
- (ခ) အမည်ပေါက်ပိုင်ရှင် ဒေါ်တင်ရီ ၁၂/စခန(နိုင်)၀၂၁၇၉၃သည် ဦးထွန်းမြင့်အား ရောင်းချခဲ့သည်ဆိုသည့်အချက်မမှန်ပါ။ ဒေါ်တင်ရီနှင့် ဦးထွန်းမြင့်တို့ကြားတွင် မည်သည့်စာချုပ်စာတမ်းမျှချုပ်ဆိုခဲ့ဖူးခြင်းမရှိမှုန်း သိပါလျက် တမင်မမှန်မကန်ကြေညာခြင်းဖြစ်ပါသည်။
- (ဂ) ဒေါ်တင်ရီကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်ပေးရန် ကြေညာချက်မှာ မမှန်ပါ။ ဒေါ်တင်ရီနှင့် ဦးထွန်းမြင့်တို့ကြားတွင် မည်သည့် သဘောတူညီချက်ပဋိညာဉ်မျှ မရှိမှန်းသိပါလျက် တမင်မမှန်မကန် ကြေညာခြင်းဖြစ်ပါသည်။
- (ဃ) အထက်အပိုဒ် (၅) အပိုဒ်ခွဲ(ခ)နှင့် (ဂ)တို့တွင် ကြေညာထားချက်များကြောင့် ဒေါ်တင်ရီအနေဖြင့် ကိုယ်စိတ်နှစ်ပါးများစွာဆင်းရဲခြင်း၊ လူမှုရေးဂုဏ်သိက္ခာထိခိုက်ခြင်းများ ကြုံတွေ့ရင်ဆိုင်ရလျက်ရှိပါသည်။
- (င) အထက်အပိုဒ်(၅)၊ အပိုဒ်ခွဲ(ခ)(ဂ)တို့နှင့်ပတ်သက်၍ ညွှန်ကြားချက်ပေးသူနှင့် ညွှန်ကြားချက်ကြော်ငြာသူတို့တွင် တာဝန်ရှိပါသည်။

၆။ သို့ဖြစ်ပါ၍ မမှန်မကန်ဖော်ပြချက်များနှင့်ပတ်သက်၍ ဤကြော်ငြာပါရှိသည့်ရက်မှ တစ်ပတ်အတွင်း ပြန်လည်ရုပ်သိမ်းပေးရန် တောင်းဆိုလိုက်သည်။ ဆောင်ရွက်ရန် ပျက်ကွက်ပါက ညွှန်ကြားချက်ပေးသူများနှင့် ညွှန်ကြားချက်အရ ကြော်ငြာသူတို့အား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရလိမ့်မည်ဖြစ်ကြောင်း ကာယကံရှင်များနှင့် အများပြည်သူသိရှိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
ဒေါ်တင်ရီ ၁၂/စခန(နိုင်)၀၂၁၇၉၁

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်မြင့်
B.A (Law), LL.B,D.B.L,D.M.L, D.I.L, DA. Psy
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၁၇၂)
အမှတ် ၃၇၊ ပထမထပ်(ယာ)၊
လမ်း ၃၀(အောက်)၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

STI Education နှင့် OUHK တို့ပူးပေါင်း၍

Postgraduate Certificate in Learning, Curriculum and Assessment

ဘွဲ့လွန်အောင်လက်မှတ် သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ The Open University of Hong Kong (OUHK) နှင့် STI Education တို့ပူးပေါင်းဖွင့်လှစ်မည့်(၂၀၁၂-၂၀၁၃) ပညာသင်နှစ်အတွက် Postgraduate Certificate in Learning, Curriculum & Assessment ဘွဲ့လွန်အောင်လက်မှတ်သင်တန်း၏ October Intake [illegible]

၂။ [illegible]

၃။ [illegible]

၄။ သင်တန်းကာလ (၁၀)လကြာမြင့်ပြီး The Open University of Hong Kong မှ ဘွဲ့လွန်အောင်လက်မှတ် [illegible] STI Education [illegible]

၅။ October Intake [illegible] STI Education [illegible]

၆။ [illegible] STI Education [illegible] Myanmar Info-Tech [illegible]

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇+၃၂ ကံဘဲ့၊ လူနေရပ်ကွက်အမှတ် သီရိရတနာ၊ မြေကွက်အမှတ် ၂၀၊ အကျယ်အဝန်းအားဖြင့် (အလျား ၆၁×၆၂/၂ ပေ၊ အနံ ၉၁×၉၆/၂ ပေ)၊ ဧရိယာအားဖြင့် ၀ ဒသမ ၁၃၂၉ကေ၊ စတုရန်းပေအားဖြင့် ၅၇၅၀ရှိ နှစ် ၆၀ မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၂၀၊ အောင်သုခလမ်းသွယ်၊ မိကျောင်းကန်အပိုင်း(၃)၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်မိုးမိုးအေး ၁၂/မဂဒ(နိုင်) ၀၃၈၂၄၂ထံမှ ကျွန်ုပ်၏မိတ်ဆွေက တရားဝင်အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ အချို့အဝက်ကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ရာ အထက်ဖော်ပြပါ ပစ္စည်းရောင်းဝယ်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောအထောက်အထားမူရင်းများနှင့် ကျွန်ုပ်တို့ထံသို့ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက ကျွန်ုပ်တို့မိတ်ဆွေက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝင်နီသန်း B.Com, R.L တရားလွှတ်တော်ရှေ့နေ (စဉ်-၅၇၇၆)
ဦးဖြိုးဝေဇင် LL.B အထက်တန်းရှေ့နေ (စဉ်-၃၆၃၈၉)
ရုံး(၁)-အမှတ် ၂၂၂၊ ပထမထပ်၊ ဆူးလေဘုရားလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ရုံး(၂)-အမှတ် ၆၂၊ ပထမထပ်၊ အခန်း ၂၀၊ ကုန်သည်လမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်
(လောကနတ်အဆောက်အအုံ)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၃၁၅၅၇၊ ၀၉-၇၃၀၅၇၂၅၀၊ ၀၉-၈၆၁၃၆၁၂

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

ပဲခူးမြို့နယ်တရားရုံးတော်၌၊ ပဲခူးခရိုင်တရားရုံး

၂၀၁၀ခုနှစ် တရားမကြီးမှုအမှတ်-၄၆ နှင့်ဆက်သွယ်သည့်

၂၀၁၂ခုနှစ် တရားမဇာရီမှုအမှတ်-၁၁၀

ဒေါက်တာဘမူ **နှင့်** မစ္စတာတယ်ရီဘရ

ဒီကရီအနိုင်ရသူ **တရားရှုံး**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်မောက်လမ်း၊ အမှတ် ၄၀ (ယခုနေရပ်လိပ်စာမသိ) မစ္စတာတယ်ရီဘရ သိစေရမည်။

၂၀၁၀ခုနှစ် တရားမကြီးမှုအမှတ်-၄၆တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါက်တာဘမူက လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၂ခုနှစ် ဇူလိုင် ၂၃ရက် (၁၃၇၄ခုနှစ် ဒုတိယဝါဆိုလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၂ခုနှစ် ဇွန် ၂၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မေထွန်းထွန်းအေး
တွဲဖက်မြို့နယ်တရားသူကြီး(၂)
ပဲခူးမြို့နယ်တရားရုံး

ပြင်ဆင်ရန်(သို့မဟုတ်)အယူခံအတွက် လျှောက်ထားကြောင်း ပြင်ဆင်မှုလျှောက်ထားခံရသူ (သို့မဟုတ်)အယူခံတရားပြိုင်သို့ ထုတ်ပေးသည့်

အကြောင်းကြားစာ

တောင်ငူခရိုင်တရားရုံးတော်၌

၂၀၁၂ ခုနှစ် တရားမပြင်ဆင်အမှုအမှတ်-၁၆

ဒေါ်ချိုမာ(ခ)မချို **နှင့်** ၁။ ဒေါ်သန်းဝင်း
၂။ ဒေါ်တင်မာချို(ခ)မချို

အယူခံတရားလို **အယူခံတရားပြိုင်များ**

ဒေါ်တင်မာချို(ခ)မချို (ဘ) ဦးထွန်းမှီ၊ ဈေးရောင်း၊ လက်ပံခုန်ကျေးရွာ၊ အုတ်တွင်းမြို့နယ် (ယခုနေရပ်လိပ်စာမသိ)အား အကြောင်းကြား သိစေအပ်ပါသည်။

၂၀၁၁ခုနှစ် တရားမဇာရီမှုအမှတ် ၂၉ ၌ တောင်ငူမြို့၊ ဒုတိယမြို့နယ်တရားသူကြီးက ချမှတ်သောအမိန့်ကိုပြင်ဆင်ရန် (သို့) အယူခံရန်အတွက် လျှောက်လွှာတစ်စောင်ကို အထက်အမည်ပါ ပြင်ဆင်မှုလျှောက်ထားသူ (သို့) အယူခံတရားလိုက ဤရုံးတော်သို့ ၂၀၁၂ခုနှစ် ဇွန် ၇ရက်တွင် တင်သွင်းသည်ဖြစ်၍ အဆိုပါပြင်ဆင်ရန် (သို့) အယူခံရန်အတွက် လျှောက်လွှာကို နှစ်ဖက်ဆိုင်ဆိုကြားနာရန်အတွက် ၂၀၁၂ခုနှစ် ဇူလိုင် ၁၆ရက် နံနက် ၁၀နာရီတွင် ကြားနာရန် သတ်မှတ်ထားသောကြောင့် သင့်အား အကြောင်းကြားစာပေးလိုက်သည်။

၂၀၁၂ခုနှစ် ဇွန် ၂၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

လှဖူး (တ/၂၀၁၈)
ဒုတိယခရိုင်တရားသူကြီး(၁)



ခင်ပွန်းအဖြစ်မှ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများအသိစေရန်ကြေညာခြင်း

ငြိမ်းငြိမ်းအေး ၁၂/ဒဂတ(နိုင်)၀၇၃၈၇၇သည် ကျွန်ုပ်၏အမှုသည်ဖြစ်ပြီး ၎င်း၏ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

ဦးသောင်းစိန်၊ ဒေါ်ကြည်စန်းတို့၏သား ခိုင်ဇော်ဟိန်း ၉/ကပတ(နိုင်)၁၈၁၉၀၄နှင့် ဦးကိုကိုကြီး၊ ဒေါ်ရင်ရွှေတို့၏သမီး ငြိမ်းငြိမ်းအေး ၁၂/ဒဂတ(နိုင်)၀၇၃၈၇၇တို့သည် ၂၀၀၉ခုနှစ် နှစ်ဦးပိုင်းမှစတင်ပြီး မြန်မာ့ဓလေ့ထုံးတမ်းအရ ပုဆိုးတန်းတင် အကြင်လင်မယားအဖြစ် တစ်နှစ်နှင့်ခြောက်လခန့် အတူတကွ ပေါင်းသင်းနေထိုင်ခဲ့ကြကြောင်း။ ထိုသို့ပေါင်းသင်းနေစဉ်အတွင်း ခိုင်ဇော်ဟိန်းသည် ငြိမ်းငြိမ်းအေးအပေါ် မဟုတ်မမှန်စွပ်စွဲသမုတ်ခြင်း၊ **ကိုယ်ဝန်အား မိမိနှင့်မသက်ဆိုင်ကြောင်း ငြင်းဆန်ခြင်း၊ ကိုယ်ဝန်အား သနားညှာတာခြင်းကင်းမဲ့စွာ လက်သီးဖြင့်ထိုး၊ ခြေဖြင့်ကန်ခြင်း၊ သတ်ပုတ်ရိုက်နှက်ခြင်း၊ မူးယစ်သောက်စားခြင်း၊** ခင်ပွန်းတာဝန်ကင်းပြီး ရှာဖွေကျွေးမွေးခြင်းမရှိ၊ အိမ်မရှိ အငှားနေထိုင်ခဲ့ရသည့်အပြင် ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် အမျိုးမျိုးပြုမူခဲ့ပါကြောင်း ၂-၆-၂၀၁၀ရက်၌ အကြီးအကျယ်စကားများခိုက်ရန်ဖြစ်ပြီး ခိုင်ဇော်ဟိန်းနှင့် ငြိမ်းငြိမ်းအေးတို့သည် ဆက်လက်ပေါင်းသင်းရန်ဆန္ဒမရှိတော့ကြောင်း ဖွင့်ဟပြောဆိုပြီး မိမိတို့ပိုင်ဆိုင်သည့်ပစ္စည်းများ အသီးသီးရယူကာ တစ်ဦးကိုတစ်ဦးစွန့်ပစ်ထွက်ခွာခဲ့ကြပြီး ယနေ့အချိန်အထိ လင့်ဝတ္တရားနှင့်အညီ ပေးကမ်းထောက်ပံ့ခြင်းတစ်စုံတစ်ရာမပြုသည့်အပြင် ဆက်သွယ်မှုလည်းလုံးဝမရှိပါကြောင်း ထို့ကြောင့် ယခုကြေညာသည့်ရက်မှစ၍ ခိုင်ဇော်ဟိန်းနှင့် ငြိမ်းငြိမ်းအေးတို့သည် မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်ငြိမ်းငြိမ်းအေး
၁၂/ဒဂတ(နိုင်)၀၇၃၈၇၇

ညွှန်ကြားချက်အရ-
ဒေါ်ပန်းဝါ (LL.B, D.M.L)အထက်တန်းရှေ့နေ
အိမ်အမှတ် ၁၁၂၊ ခြံအမှတ် ၈၁၁၊
ကျွန်းရွှေမြိုင်လမ်းမ၊ (၁၈/စီ) ရပ်ကွက်၊
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၁၁၅၅၇၁

သက်ဆိုင်သူများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယလမ်း၊ အမှတ် ၂၇၃/ခဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၂၇၃/ခ မြေကို ဦးထွေးကြည် ၁၂/ဥကတ(နိုင်)၁၂၈၄၁၆+၄တို့၏မိခင် ဒေါ်လှိုင်က ဝယ်ယူပိုင်ဆိုင်ပါသည်။ မိခင်နှင့် ဖခင်တို့ကွယ်လွန်သဖြင့် အထက်ဖော်ပြပါမြေနှင့်အိမ်ကို ဒေါ်လှိုင်၏သားသမီးများမှ အမွေဆက်ခံပိုင်ဆိုင်ပြီး ဦးထွေးကြည်နှင့် ဦးမြင့်သိန်း၏သားသမီးများ လက်ရှိနေထိုင်လျက်ရှိပါသည်။ အဆိုပါမြေနှင့်အိမ်ကို ဦးထွေးကြည်၏ သဘောတူခွင့်ပြုချက်တစ်စုံတစ်ရာမပါရှိဘဲ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်ခြင်းများပြုလုပ်ခွင့်မရှိပါကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုး(ခ)ဦးလှသွင်(စဉ်-၃၅၄၀) **ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘောဘီ(စဉ်-၂၂၃၆၆)**
ဦးလှဝေ (စဉ်-၇၁၂၄) **ဒေါ်ဖြိုးဖြိုးမြင့် (စဉ်-၂၉၈၁၂)**
တရားလွှတ်တော်ရှေ့နေများ **အထက်တန်းရှေ့နေများ**
အမှတ် ၆၀၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၄၃၀၄၁၊ ၀၉-၅၀၇၅၈၀၇၊ ၀၉-၇၃၁၀၅၄၃၄

ဒေါ်ခင်မြင့်နှင့်အများပြည်သူသိရှိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ က+ခရပ်ကွက်၊ ဘုရင့်နောင် ၂လမ်း၊ အမှတ် ၅၉တွင် နေထိုင်သော ကျွန်တော်၏မိတ်ဆွေ ဦးမျိုးအောင် ၆/ကသန(နိုင်)၀၀၇၂၄၇၏ အိမ်ဖော်ဖြစ်သူ မအေးအေး အသက်(၂၆)နှစ်သည် ၂၄-၆-၂၀၁၂ရက် နံနက် ၅း၃၀နာရီခန့်က နေအိမ်မှပျောက်ဆုံးနေကြောင်း ၎င်းမိခင် ဒေါ်ခင်မြင့် (ဆိပ်ကြီးခနောင်တို)နှင့် အများပြည်သူသိရှိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကြည်စွမ် (ထားဝယ်) LL.B ၊ တရားလွှတ်တော်ရှေ့နေ (၄၄၈၄)
၂/၂၂၄၊ မင်းရဲကျော်စွာ ၈ လမ်း၊ (၃)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊
ဖုန်း-၀၉-၇၃၁၀၂၉၈၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၂၊ မြေကွက်အမှတ် ၃၉၊ ဧရိယာ ၁ဒသမ ၆၇၉၈ဧကရှိ၊ နှစ် ၉၀ ဂရန်မြေကွက်၏ တောင်ဘက်ခြမ်းရှိ တရားဝင်မခွဲစိတ်ရသေးသော ၀ဒသမ ၀၁၅၈ဧက၊ မြေကွက်အတိုင်းအတာအားဖြင့် တောင်ဘက် အလျား ၉၅'ဒသမ၆''၊ အနောက်ဘက် အနံ ၂၁ပေ၊ မြောက်ဘက် အလျား ၉၆ပေ၊ အရှေ့ဘက်အစွန်ဆုံးအနံ ၉ပေရှိ မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိအမှတ် ၁၂၇၊ ရေတာရှည်လမ်းဟောင်း၊ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော သုံးထပ်တိုက်အဆောက်အအုံနှင့် ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြေအမည်ပေါက်ထံမှ စာချုပ်အဆက်အစပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိခဲ့သူ ဒေါ်လှအေး ၁၂/ဗဟန(နိုင်)၀၃၀၉၉၃ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ညိုမီချမ်း(LL.B,D.B.L,D.I.L) **ဒေါ်ငွေနွဲ့(LL.B,D.B.L,D.M.L)**
အထက်တန်းရှေ့နေ(စဉ်-၃၂၃၀၉) **တရားလွှတ်တော်ရှေ့နေ(စဉ်-၆၅၅၈)**
ဖုန်း-၀၉-၇၃၀၇၇၂၅၆၊ ၀၁-၃၈၈၂၄၄ (Ex-313) **ဖုန်း-၀၉-၅၃၉၃၂၂၉၊၀၉-၄၉၂၉၁၄၉၀**
အမှတ်-၁၀/၁၂၊ အခန်း-၁၀၄ (I)၊ ပထမထပ်၊ ၃၅လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဦးသန်းရွှေ ၁၂/သကတ(နိုင်)၀၀၈၁၅၆နှင့်

အများသိစေရန်

ဒေါ်မိချိုသည် ဦးသန်းရွှေအပေါ် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတွင် တရားမကြီးမှုအမှတ် ၁၅၂/၂၀၁၂ ဖြင့် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးပြီး လင်မယားနှစ်ဦးပိုင်ပစ္စည်းများအား ခွဲဝေပေးစေလိုမှုဖြင့် စွဲဆိုရာတွင် သာကေတမြို့နယ်၊ ၆/အရှေ့ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ် ၈၃၉ အိမ်နှင့်မြေ၊ အမှတ် ၈၃၈ အိမ်နှင့်မြေ၊ အမှတ် ၈၃၄အိမ်နှင့်မြေတို့အား လင်မယားနှစ်ဦးပိုင်ပစ္စည်းအဖြစ် အဆိုပြု တရားစွဲဆိုထားဆဲဖြစ်ပါသည်။ ရုံးတော်မှ အပြီးသတ်အမိန့်မချမှတ်မီ အဆိုပါအိမ်မြေများပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာဆောင်ရွက်ခြင်းများပြုလုပ်လာပါက ဥပဒေနှင့်အညီ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဦးသန်းရွှေ၏ ဆောင်ရွက်ချက်များကို ဒေါ်မိချိုမှ တာဝန်ယူမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်မိချို
၁၂/သကတ(နိုင်)၁၅၄၆၂၆

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြသွေး (စဉ်-၂၁၅၆၉)
အထက်တန်းရှေ့နေ
အမှတ် ၅၈၊ တတိယထပ်၊ အခန်း ၃၊
မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဒေါ်ရတနာရှိန် ၁၂/ဒပန(နိုင်)၀၀၈၂၆၇၊ ဦးမြင့်အောင် တရားလွှတ်တော်ရှေ့နေ(၆၈၉၄)နှင့်

အများသိစေရန် ကြေညာခြင်း

ကျွန်မအပေါ် ဒေါ်ရတနာရှိန်နှင့် ဦးမြင့်အောင် (တရားလွှတ်တော်ရှေ့နေ)တို့က ၂၄-၆-၂၀၁၂ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၁၇)တွင် အောက်ပါအတိုင်းကြေညာခဲ့ပါသည်။

ဒေါ်ဝေဝေမြင့်(ခ)မဝေ အမှတ် ၂၄၊ မြေညီ(ညာ)ထောင့်ခန်း၊ နွယ်နီလမ်း၊ အမှတ် ၆ရပ်ကွက် (တပ်မြေရပ်ကွက်)၊ ပုဇွန်တောင်မြို့နယ် နေထိုင်သူသည် ၁-၃-၂၀၁၂ရက်စွဲပါ နှစ်ဦးသဘောတူ ငွေယုံကြည်အပ်နှံခြင်း ကတိစာချုပ်အရ ခင်ပွန်းဖြစ်သူ ဦးမြင့်စံ၏ ကားလုပ်ငန်းသုံးစွဲရန်အတွက် ယူသွားသောငွေကျပ် ၆၀၀၀၀၀၀/-(ကျပ်ခြောက်သိန်းတိတိ)အား ယနေ့တိုင်ပြန်မပေးဘဲ ရှောင်တိမ်းလျက်ရှိရာ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပြန်ပေးရန်နှင့် ပျက်ကွက်ပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်တော့မည်ဖြစ်ကြောင်း အများသိစေအပ်ပါသည်ဟု ကြေညာခဲ့ပါသည်။

ဒေါ်ရတနာရှိန်နှင့် ဦးမြင့်အောင်တို့သည် အချင်းဖြစ်ကိစ္စ ဖြစ်ရပ်အမှန်ကိုသိရှိနေပါလျက် ဖော်ပြပါအတိုင်း သတင်းစာတွင် ထည့်သွင်းကြေညာခဲ့ခြင်းသည် ကျွန်မ၏ဂုဏ်သိက္ခာကို ကျဆင်းစေပါသဖြင့် ဒေါ်ရတနာရှိန်နှင့် ဦးမြင့်အောင်တို့အပေါ် ဒေါပုံမြို့နယ်တရားရုံး၊ ပြစ်မှုကြီးအမှုအမှတ်-၂၁၉/၂၀၁၂အမှုဖြင့် တရားစွဲဆိုခဲ့ရာ ရုံးတော်မှ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၅၀၀ဖြင့် လက်ခံဆောင်ရွက်ထားပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဝေဝေမြင့်(ခ)မဝေ
၁၂/သကတ(နိုင်)၁၈၈၁၈၉



ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၅၀ နှင့်ဆက်သွယ်သည့်

၂၀၁၂ခုနှစ် တရားမဇာရီမှုအမှတ်-၂၉

ဒေါ်ခင်သန်းနွယ် **နှင့်** ၁။ ဒေါ်စောခိုင်
(၎င်း၏အခွင့်ရကိုယ်စားလှယ် ၂။ ဦးဘိုးထွန်း
ဒေါ်ငြိမ်းငြိမ်း)

ဒီကရီအနိုင်ရသူ **တရားရှုံးများ**

(၁) ဒေါ်စောခိုင် အမှတ် ၂၀၊ က/၄ လမ်း၊ မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ (၂) ဦးဘိုးထွန်း အမှတ် ၃၇၃/ခ၊ ကွတ်ခိုင်လမ်း၊ ၈၂/၃၃ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၅၀တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်ခင်သန်းနွယ် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ငြိမ်းငြိမ်း)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၂ခုနှစ် ဇူလိုင် ၂၀ရက် (၁၃၇၄ခုနှစ် ပထမဝါဆိုလဆန်း ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၂ခုနှစ် ဇွန် ၂၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ရင်ရင်သန်း
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

အများသိစေရန် ကြေညာခြင်း

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ အကွက်အမှတ် ၂၉ရှိ မြေကွက်နှင့်အဆောက်အအုံအား အောက်ပါအတိုင်း အမည်ပေါက်ပိုင်ဆိုင်ခဲ့ပါသည်-

(၁) ဦးစန်းမောင်-ဒေါ်သန်းစိန်အမည်ပေါက် ဂရန်အမှုတွဲအမှတ် (၁၃၄/၈၈-၈၉)၊ ဦးပိုင်အမှတ်(၁၆/၇၈-ဃ)၊ မြေဧရိယာ ၀ဒသမ ၁၂၀ဧက။

